ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်၊ တနင်္လာနေ့၊ (1-9-2003) (၃၉၈၀)

မာတာပိတု ဥပဋ္ဌာနံ တော် မင်္ဂလ မုတ္တမံ။

အမိအဖတို့ကို ကောင်းစွာ လုပ်ကျွေး မွေးမြူခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့တွင် သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၁

၂၀၀၃ ခုနှစ် စက်တင်ဘာ ၁ ရက်၌ ကျရောက်သော ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အစ္စလမ်၊ကာရီမော့(ဖ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး ပြုပြင်မွမ်းမံရန် စီစဉ်ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဩဂုတ် ၃၁

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✡

ယနေ့ထုတ်စောင်ရေ

၂၁၀၄၀၆

သင်ပုန်းရေလှောင်တမံ

ဩဂုတ် ၃၁ ရက်က မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် သဲနုန်းများ ဝင်နေသည့် တောင်ပုလုဆည်ကို စိုက်ပျိုးရေပေးရန်အတွက် ရေကူပေးမည့် သင်ပုန်း ရေလှောင်တမံကို နိုင်ငံတော်၏ ၁၅၁ ခုမြောက် ဆည်အဖြစ် ဖွင့်လှစ်ခဲ့ရာ ရေထိန်းမျှော်စင်နှင့် တမံရေပြင်ကိုတွေ့ရစဉ်။ (သတင်း-စာ-၁၃) (ဓာတ်ပုံ-သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror ၁-၉-၂၀၀၃ (တနင်္လာနေ့)

နိုင်ငံတော်အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေး တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့်ကြိုးပမ်း

ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတို့၏ စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော် တည်ဆောက်နေသောကာလဖြစ်သည်။

နိုင်ငံတော်ကြီးအေးချမ်းသာယာပြီး တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရေးကို ရည်မှန်းပြီး ကဏ္ဍအလိုက် စီမံကိန်းများချမှတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံသူ၊ နိုင်ငံသား ပြည်သူများအတွက် အကျိုးရလဒ်ကောင်းများ ခံစားရရှိစေမည့် လမ်းပန်းဆက်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ဒေသအလိုက်၊ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံနှင့်လူမျိုးကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ် ရပ်တည်နိုင်ရေး တာဝန်များကိုလည်း ထမ်းရွက်လျက်ရှိသည်။ နိုင်ငံနှင့်လူမျိုး ဂုဏ်သိက္ခာရှိရှိ တင့်တယ်ဝင့်ထည်စွာ ရပ်တည်နိုင်ရေးမှာ မြန်မာနိုင်ငံတော်ကြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ် တည်တံ့ခိုင်မြဲနေရေးပင်ဖြစ်သည်။

ထို့ကြောင့် အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ် အစွန့်ရှည်စွာတည်တံ့စေရန် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုထမ်းဆောင်ရင်း နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားကို နှောင့်ယှက်ဖျက်ဆီးဟန့်တားလာမည့် အန္တရာယ်ဟူသမျှကိုလည်း တွန်းလှန်ချေမှုန်းလျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းလျက်ရှိရာတွင် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာစေရန် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ နယ်မြေတည်ငြိမ်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အလေးထားစွမ်းဆောင်ခဲ့သည်။

ယခုအခါ နိုင်ငံတော်တစ်ဝန်း၌ တည်ငြိမ်အေးချမ်းသာယာလျက်ရှိရာ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို ကောင်းစွာဆောင်ရွက်ပေးနိုင်လျက်ရှိသည်။ သာဓကအားဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် သီးနှံထုတ်လုပ်မှုမြင့်မားလာစေရေးအတွက် စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များအသုံးပြုရေး၊ အထွက်တိုးမျိုးကောင်းမျိုးသန့်များ အသုံးပြုစိုက်ပျိုးနိုင်ရေး အစီအမံများကို ချမှတ်ကူညီပေးလျက်ရှိသည်။

စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေရရှိရေးအတွက် တစ်နိုင်ငံလုံးတွင် ဆည်မြောင်း၊ တာတမံပေါင်း ၁၅၁ကို တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ထို့အပြင် မြစ်ရေတင်စီမံကိန်းပေါင်း ၂၆၅ ခုကိုပါ ဆောင်ရွက်ပေးခဲ့ရာ စိုက်ပျိုးရေးဖြစ်ထွန်းသည့် မြေဧကများစွာ တိုးတက်လာလျက်ရှိသည်။

နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးသည် အထူးအရေးပါလျက်ရှိသည်။ ပြည်ထောင်စုကြီးအတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက် လမ်းသစ်များကို တိုးချဲ့ဖောက်လုပ်ခြင်း၊ လမ်းဟောင်းများ အဆင့်မြှင့်ပြုပြင်ထိန်းသိမ်းခြင်းနှင့်အတူ တံတားကြီး၊ တံတားငယ် အမြောက်အမြားကိုလည်း တည်ဆောက်ပေးခဲ့ရာ ပေ ၁၈၀နှင့်အထက် တံတားကြီးပေါင်း ၁၅၈ စင်းကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်က ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော်လျက်ရှိရာတွင် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အဘက်ဘက်ကဖွံ့ဖြိုးတိုးတက်လာစေရေးလုပ်ငန်းများကိုပါအလေးထား ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ၁၉၈၉ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် နိုင်ငံတော်က ဘဏ္ဍာငွေကျပ်သန်းပေါင်း ၄၅၇၆၂ ဒသမ ၈၇သန်းနှင့် အမေရိကန်ဒေါ်လာ ၅၀၆ သန်းကျော် သုံးစွဲခဲ့ပေသည်။

ယနေ့ကာလတွင် နိုင်ငံတော်တစ်ဝန်းလုံး၌ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းဆောင်ရွက်မှု စွမ်းအားဖြင့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများဖြစ်ထွန်းနေပြီဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို ပြည်သူများ ရရှိခံစားနေကြရပြီဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများအားလုံးသည် ငြိမ်းချမ်းသာယာမှု၏ အနှစ်သာရများကို ထာဝစဉ် မြတ်နိုးတန်ဖိုးထားကြပြီး ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံသူ၊ နိုင်ငံသား၊ တိုင်းရင်းသား၊ ပြည်သူအားလုံးက စည်းလုံးညီညွတ်မှု စွမ်းအားဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များ၏ မော်တော်ယာဉ်များအား စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့များအား လှည့်လည်စစ်ဆေး

ရန်ကုန် ဩဂုတ် ၃၁

မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ကော်မတီဒုတိယဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ကော်မတီဝင်များဖြစ်ကြသော တပ်ထိန်းချုပ်ဗိုလ်ချုပ်စောလှ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်းကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင် တို့လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များသွားလာသုံးစွဲမှုစစ်ဆေးနေကြသည်တို့ကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

စစ်ဆေး

အဖွဲ့(၁)တွင်ကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များ၊ အဖွဲ့(၂)တွင် ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်အဖွဲ့ဝင်များ လိုက်ပါလျက် နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည့် ယနေ့နံနက် ၉နာရီမှ ညနေ ၅နာရီအထိ နံနက်ပိုင်းတွင် မြောက်ဥက္ကလာပမီးသတ်အနီး၊ ဘုရင့်နောင်လမ်း ဘုရင့်နောင်ဈေးအနီး၊ ကြည့်မြင်တိုင်လမ်း စာရင်းစစ်ချုပ်ရုံးရှေ့၊ ပြည်လမ်း ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးအနီး၊ ကမ္ဘာအေးစေတီလမ်း ဘိုးဘွားရိပ်သာရှေ့၊ ဝေဇယန္တာလမ်း သုဝဏ္ဏအားကစားရုံရှေ့တို့၌ လည်းကောင်း၊ ညနေပိုင်းတွင် သုဓမ္မာလမ်း(၆)ကွေ့၊ ကမ်းနားလမ်း ထော်လီကွေ့၊ အရှေ့မြင်းပြိုင်ကွင်းလမ်းအနီး အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှေ့၊ ဝေဇယန္တာလမ်း ဥက္ကလာဂေါက်ကွင်းရှေ့တို့၌လည်းကောင်း စောင့်ကြပ်လျက် တပ်မတော်ယာဉ်များ၊ ဌာနဆိုင်ရာ မော်တော်ယာဉ်များသွားလာသုံးစွဲရာတွင် မော်တော်ယာဉ် မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ၊ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ်(Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဝိုးတက်)နှင့် ဌာနဆိုင်ရာ ဝတ်စုံဝတ်ဆင်ခြင်းတို့ကိုလိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။

ယင်းသို့ နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့တွင် စစ်ဆေးရေးအဖွဲ့များ၏ ကြပ်မတ်ဆောင်ရွက်မှုကြောင့် တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ် မသုံးစွဲရနေ့ စည်းကမ်းချက်များနှင့်အညီ အလေးအနက်ထား လိုက်နာဆောင်ရွက်ကြသည်။ (သတင်းစဉ်)

ဩဂုတ် ၃၁ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဇနီးတို့ မလေးရှားနိုင်ငံ၏ (၄၆)နှစ်မြောက် နှစ်ပတ်လည်အမျိုးသားနေ့ အထိမ်းအမှတ်ညစာစားပွဲသို့တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာမလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dato' Cheah Sam Kip နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရေကူးအသံလွှင့်စက်ရုံသန့်ရှင်းရေးဆောင်ရွက်မှုကြည့်ရှု

ရန်ကုန် ဩဂုတ် ၃၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးရှိမြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရေကူးအသံလွှင့်စက်ရုံ၌ သန့်ရှင်းရေး ဆောင်ရွက်မှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နံနက် ၇နာရီတွင် ရေကူးအသံလွှင့်စက်ရုံသို့ရောက်ရှိရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ အင်ဂျင်နီယာချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှဝန်ထမ်းများ၊ ရေကူးအသံလွှင့်စက်ရုံမှ ဝန်ထမ်းများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများက စက်ရုံရှေ့ရှိအုတ်တံတိုင်းနှင့် ခြံစည်းရိုးများရှိ ချုံနွယ်မြက်ပင်များရှင်းလင်းခြင်းနှင့် စက်ရုံရှေ့ကားလမ်းမကြီး ဘေးတစ်ဖက်တစ်ချက်ရှိ မြက်ပင်များ ရှင်းလင်းခြင်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ဒါတွေကို သိဖို့လိုတယ်

* မြှောက်တိုင်းလည်း မမြောက်နဲ့

* ခြောက်တိုင်းလည်း မကြောက်နဲ့

* ချော့တိုင်းလည်း မပျော့နဲ့

နိုင်ငံတကာ သတင်းများ

ဘဂ္ဂဒက်တောင်ပိုင်း နာဂျက်ဖ်မြို့တွင် ကားဗုံးပေါက်ကွဲ ရှီးယားဘာသာရေးခေါင်းဆောင် အပါအဝင် ၉၅ ဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၃၀

အီရတ်နိုင်ငံ ဘာသာရေးမြို့တော် နာဂျက်ဖ်မြို့တွင် ပြီးခဲ့သည့် သောကြာနေ့က ကားဗုံးတစ်လုံးပေါက်ခွဲပြီး ထင်ရှားသော ရှီးယားဘာသာရေးခေါင်းဆောင် အရာတိုလာမိုဟာမက် ဘာကာအယ်၊ ဟာကင်မ်ကို လုပ်ကြံရာ ထိုခေါင်းဆောင် သေဆုံးသွားခဲ့သည်။ ထိုပေါက်ကွဲမှုကြောင့် အနည်းဆုံးလူ ၉၅ ဦးသေဆုံးရပြီး လူ ၂၀၀ ခန့်ဒဏ်ရာရရှိသွားသည်။

ဩဂုတ် ၂၉ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသည့် အပျက်အစီးပုံကို အီရတ်နိုင်ငံသားများ တူးဆွရှာဖွေနေစဉ်။

(ယင်းဗုံးပေါက်ကွဲမှုကြောင့် အနည်းဆုံး လူ၉၅ဦးသေဆုံးကာ ၁၄၀ ခန့် ဒဏ်ရာရရှိခဲ့သည်။) (ဓာတ်ပုံ-အင်တာနက်)

ထိုဗုံးပေါက်ကွဲမှု ဖြစ်ပွားခြင်းကြောင့် အမေရိကန်တို့ကို အထိနာစေသည်ဟု ဆိုသည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်းကပင် ထရပ်ကားတစ်စီးဖြင့် ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂဌာနရုံးကို အသေခံ ဗုံးခွဲတိုက်ခိုက်ခဲ့သေးသည်။ ထိုထရပ်ကားဗုံးကြောင့် ကုလသမဂ္ဂ ထိပ်တန်းသံတမန် ဆာဂျီယိုဒီမဲလို အပါအဝင် လူ ၂၂ ဦးတို့ အသက်ဆုံးရှုံးသွားခဲ့သည်။

ချုံခိုတိုက်ခိုက်

နောက်ဆုံးပိတ် ဖြစ်ပေါ်သော ဗုံးပေါက်ကွဲမှု မဖြစ်ပွားမီ နာရီအတန်ကြာက ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် တစ်နေရာတွင် ချုံခိုတိုက်ခိုက်မှု ဖြစ်ပွားရာ အမေရိကန်စစ်သား တစ်ဦး သေဆုံးသွားခဲ့သည်။ ပြီးခဲ့သည့်နှစ်ရက်ကလည်း ကာဒစ် လုံခြုံရေးအရာရှိ တစ်ဦးကို အယ်ကေဒါအဖွဲ့နှင့် အဆက်အစပ်ရှိသူ အစ္စလမ္မစ် တိုက်ခိုက်ရေးသမားများက တိုက်ခဲ့သဖြင့် သေဆုံးသွားခဲ့သည်ဟု ဆိုသည်။

လုပ်ကြံခံရ

ဘာသာရေးခေါင်းဆောင် သေဆုံးသွားသော နာဂျက်ဖ် ဘာသာရေးမြို့သည် ဘဂ္ဂဒက်မြို့ တောင်ဘက် မိုင် ၁၁၀ အကွာတွင် တည်ရှိသည်။ ဘာသာရေးခေါင်းဆောင် အလီ၏ ဂူဗိမာန်၌ အပတ်စဉ် တရားဟောပွဲအပြီးတွင် လုပ်ကြံခံခဲ့ရခြင်းဖြစ်သည်။ ၎င်းသည် အီရတ်နိုင်ငံက အားပေးထောက်ခံခဲ့သော အစ္စလမ္မစ် တော်လှန်ရေး စုပေါင်းအဖွဲ့ (အက်ဖ်အေအိုင်အာရ်အိုင်)၏ ခေါင်းဆောင်ဖြစ်သည်။

ဒဏ်ရာရ

ဆေးရုံမှရသော သတင်းများအရ ယခု ပေါက်ကွဲမှုကြောင့် လူ ၉၅ ဦး သေဆုံးရပြီး ၂၂၉ ဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။ ပြီးခဲ့သည့်ဆောင်းဦးရာသီ ကာလက အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း ဗုံးပေါက်ကွဲမှုအပြီး နောက်ပိုင်း ယခု ပေါက်ကွဲမှုသည် အပြင်းထန်ဆုံးနှင့် သေကျေမှုအများဆုံး ဗုံးပေါက်ကွဲမှုဖြစ်သည်ဟု ဆိုသည်။

ဘာသာရေးခေါင်းဆောင် ဟာကင်မ်သည် အီရန်နိုင်ငံတွင် အနှစ် ၂၀ မျှ နေထိုင်ခဲ့ပြီးနောက် လွန်ခဲ့သော မေလက အီရတ်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။ ၎င်းအား အီရတ်ပြည်သူများက အာဇာနည်တစ်ဦးအဖြစ် ကြိုဆိုခဲ့ကြသည်။

အတည်ပြု

ဟာကင်မ်မှာ ကားဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသွားရပြီဆိုသော အချက်ကို အက်ဖ်အေအိုင်အာရ်အိုင် အဖွဲ့မှ အရာရှိ အဒယ်အဗ္ဗဒူမာဒီက ဘဂ္ဂဒက်မြို့တွင် အတည်ပြု ပြောကြားခဲ့သည်။

အင်တာနက်။

နာဂျက်ဖ် ကားဗုံးပေါက်ကွဲမှု အီရတ်လူမျိုးမဟုတ်သူ လေးဦးကို ဖမ်းဆီး ဒေသခံပြည်သူလူထု အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်ဆန္ဒပြ

နာဂျက်ဖ် ဩဂုတ် ၃၁

အီရတ်နိုင်ငံအလယ်ပိုင်း နာဂျက်ဖ်မြို့တွင် ကားဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက် အီရတ်လူမျိုးမဟုတ်သူ လူလေးဦးကို ဩဂုတ် ၃၀ ရက်တွင် ဖမ်းဆီးလိုက်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဆက်နွယ်

အဆိုပါ လူလေးဦးသည် အယ်လ်ခိုင်ဒါ အကြမ်းဖက်အုပ်စုနှင့် ဆက်နွယ်မှုရှိပြီး ကသောင်းကနင်း အခြေအနေများ ဆိုက်ရောက်အောင် လုပ်ဆောင်လိုသူများဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ထိုစဉ်အတွင်း ဩဂုတ် ၂၉ ရက်က ဖြစ်ပွားခဲ့သော ကားဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ နာဂျက်ဖ်မြို့၊ ဘာဆရာမြို့နှင့် ဘဂ္ဂဒက်မြို့တို့တွင် ဆန္ဒပြပွဲများဖြစ်ပွားခဲ့သည်။ နာဂျက်ဖ်မြို့တွင် ပေါက်ကွဲမှုဖြစ်ပွားရာ၌ ဒေသခံပြည်သူလူထု စုဝေးခဲ့ကြပြီး ဗုံးပေါက်ကွဲမှုအတွင်း သေဆုံးခဲ့ရသူများအတွက် ဈာပနအခမ်းအနားများ ပြုလုပ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ခဲ့ကြသည်။

ဟစ်ကြွေးဆန္ဒပြ

နာဂျက်ဖ်မြို့ရှိ ဘာသာရေးအထွတ်အမြတ်အပြုဆုံး ရှီးယားမွတ်စလင် ဘာသာရေးကျောင်းတော်တစ်ခု ပြင်ပတွင် ဖြစ်ပွားခဲ့သော ကားဗုံးပေါက်ကွဲမှုကြောင့် အီရတ် အစ္စလမ္မစ် တော်လှန်ရေးကောင်စီချုပ်၏ ခေါင်းဆောင် အယာတိုလာ မိုဟာမက်ဘာကာ အယ်လ်-ဟာကင်မ် အပါအဝင် လူပေါင်း ၉၅ ဦးထက်မနည်း သေဆုံးခဲ့ရသည်။ ဟာကင်မ်၏ရုပ်ပုံကိုကိုင်ဆောင်ထားသော ဒေသခံပြည်သူလူထုသည် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ နေရာအနီးရှိ အီးမန်အလီ ဗလီဝတ်ကျောင်း ပြင်ပတွင် ဆက်ဒမ်ဟူစိန် ဆန့်ကျင်ရေးနှင့် အမေရိကန်တပ်ဖွဲ့ ဆန့်ကျင်ရေး ကြွေးကြော်သံများကို ဟစ်ကြွေးခဲ့ကြသည်။

အီရတ် ရှီးယားမွတ်စလင် အသိုက်အဝန်းအတွင်း အကြီးဆုံးသော နိုင်ငံရေးအုပ်စုဖြစ်သည့် အဆိုပါ ကောင်စီချုပ်၏ ခေါင်းဆောင် ဟာကင်မ် ကွယ်လွန်ရမှုအတွက် အီရတ်နိုင်ငံတွင် အမျိုးသား ကြေကွဲဝမ်းနည်းဖွယ်ရာနေ့အဖြစ် သုံးရက် သတ်မှတ်ပေးထားသည်။ အီရတ်နိုင်ငံတွင် နိုင်ငံရေးနှင့် ဘာသာရေးအုပ်စုများအတွင်း ထိန်းချုပ်မှုရှိကြပါရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က မေတ္တာရပ်ခံလိုက်သည်။ ***အင်တာနက်။***

ဘဂ္ဂဒက်မြို့ တောင်ဘက် ကီလိုမီတာ ၁၈၀ အကွာ နာဂျက်ဖ်မြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသွားသည့် ဘာသာရေးခေါင်းဆောင် အယာတိုလာ မိုဟာမက် ဘာကာ အယ်-ဟာကင်မ်၏ ရုပ်ပုံလွှာများ ကိုင်ဆောင်၍ အခင်းဖြစ်ပွားရာနေရာတွင် ရှီးယားမွတ်စလင်များ အမေရိကန် ဆန့်ကျင်ရေး ဟစ်ကြွေးဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အား အနောက်တိုင်း ဇာတ်သွင်းရန် ကြိုးပမ်းမှု အန္တရာယ်ကြီးမားကြောင်း ဂျာမနီဝန်ကြီး သတိပေး

ဘာလင် ဩဂုတ် ၃၀

အီရတ်ပြည်သူများအား အမေရိကန်က အာဏာပြန်အပ်ရေး အချိန်တိကျသည့် သတ်မှတ်ချက်နှင့်အတူ အီရတ် ပြန်လည်တည်ဆောက်ရာတွင် ကုလသမဂ္ဂအား ရှေ့ဆောင်အခန်းကဏ္ဍကို ပေးရမည်ဟု ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဖစ်ရှာက တိုက်တွန်းကြောင်း ဟန်ဒယ်ကလပ် သတင်းစာက သောကြာနေ့တွင် ဖော်ပြလိုက်သည်။

အမေရိကန် ဦးဆောင်သည့်တပ်များ အီရတ်အား တိုက်ခိုက်ခြင်းကို ဆန့်ကျင်သည့် ဂျာမနီနိုင်ငံက အာဖဂန်နစ္စတန်နိုင်ငံအတွက် ချမှတ်ထားသော သဘောထားရပ်တည်ချက်နှင့်အညီ ကုလသမဂ္ဂအဖွဲ့ ဦးဆောင်သည့် လုပ်ငန်းစဉ်ကို လိုလားကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဖစ်ရှာက ဟန်ဒမ်ဘက် သတင်းစာကို ပြောကြားလိုက်သည်။

အီရတ်ပြည်သူများလက်သို့ အာဏာများ အမြန်ဆုံး ပြန်အပ်ရမည်ဖြစ်ကြောင်း၊ အစ္စလမ္မစ်နိုင်ငံများအနေဖြင့် အီရတ်တည်ငြိမ်ရေး လုပ်ငန်းစဉ်တွင် မလွဲမသွေ ပါဝင်လာမည်ဖြစ်ကြောင်း၊ အမေရိကန်တို့က အီရတ်ပြည်သူများအား အာဏာပြန်အပ်ရေးမှာ နောက်ကျလွန်းသည်ဟု မိမိမထင်ကြောင်း၊ သို့သော် ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများကို မိမိတို့က စိုးရိမ်ကြီးစွာဖြင့် စောင့်ကြည့်နေကြောင်း ၎င်းက ပြောဆိုသည်။

အီရတ် ငြိမ်းချမ်းရေးတာဝန်ကို နေတိုးအဖွဲ့အား ပေးအပ်ခြင်းမှာ ဉာဏ်အမြော်အမြင်မရှိရာကျကြောင်း၊ ထို့ပြင် အီရတ်နိုင်ငံအား အနောက်တိုင်း ဇာတ်သွင်းရန် ကြိုးပမ်းမှုမှန်သမျှ အီရတ်ပြည်သူများအတွင်း ခုခံတွန်းလှန်ရေးကို လှုံ့ဆော်သူများအတွက် အခွင့်သာသွားစေမည်ဖြစ်ကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဖစ်ရှာက သတိပေးပြောကြားလိုက်သည်။

အီရတ်အခြေအနေမှာ အာဖဂန်နစ္စတန်နိုင်ငံ အခြေအနေနှင့် များစွာကွာခြားကြောင်းဖြင့်လည်း ၎င်းက ပြောဆိုသည်။ *အမ်အင်အေ၊ ရိုက်တာ။*

အီရတ်ရှိ ကုလသမဂ္ဂဝန်ထမ်းများ လုံခြုံရေးကြောင့် သိသိသာသာ လျှော့ချမည်

ကုလသမဂ္ဂ ဩဂုတ် ၃၀

ဘဂ္ဂဒက်မြို့လယ်ရှိ ကုလသမဂ္ဂအဖွဲ့ရုံးကို ကားဗုံးဖောက်ခွဲပြီး အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေသည့်အတွက် လုံခြုံရေးစိတ်မချရ၍ အီရတ်ရှိ ကုလသမဂ္ဂဝန်ထမ်းအင်အားကို သိသိသာသာ လျှော့ချမည်ဖြစ်ကြောင်း ကုလသမဂ္ဂအရာရှိများက သောကြာနေ့တွင် ပြောဆိုသည်။

လောလောဆယ်တွင် ဘဂ္ဂဒက်မြို့တော် ဝန်ထမ်း ၁၁၀ ခန့်အပါအဝင် အီရတ်၌ ကုလသမဂ္ဂ ဝန်ထမ်းပေါင်း ၄၀၀ ခန့်ရှိသည်။ ကုလသမဂ္ဂ အရာရှိများက ဝန်ထမ်း ၄၀ မှ ၅၀ အထိ ၉၀ ရာခိုင်နှုန်းနီးပါး လျှော့ချလိုကြကြောင်းဖြင့် ကုလသမဂ္ဂ အရာရှိများက ပြောဆိုသည်။

အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် ဆာဂျီယိုဒီမဲလိုအပါအဝင် လူ ၂၀ ကျော်သေဆုံးပြီး ၁၆၀ ကျော် ဒဏ်ရာရခဲ့သည့် ဩဂုတ် ၁၉ ရက်က ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂအဖွဲ့ရုံး ဗုံးခွဲခံရပြီးနောက် လုံခြုံရေးအခြေအနေကို သုံးသပ်ကြရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က အမိန့်ပေးထားသည်။

ကုလသမဂ္ဂအဖွဲ့ရုံး ဗုံးဖောက်ခွဲခံရစဉ်က ဘဂ္ဂဒက်မြို့တော်၌ ဝန်ထမ်းပေါင်း ၃၀၀ ခန့်နှင့် အီရတ်အခြားနေရာများတွင် ၃၀၀ ခန့်ရှိကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ မရက်အက်ကပ်က ပြောဆိုသည်။ ***အင်တာနက်။***

နိုင်ငံခြား သတင်းများ

အီရတ်ယာယီအုပ်ချုပ်ရေးကောင်စီသို့ အာဏာလွှဲပေးရန် အမေရိကန်နိုင်ငံအား ပြင်သစ်သမ္မတ တိုက်တွန်း

ပါရီ ဩဂုတ် ၃၀

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် နိုင်ငံတကာ အကူအညီရရှိရေးအတွက် ကြိုတင်လိုအပ်ချက်တစ်ခု ဖြစ်သည်ဆိုကာ အီရတ်ယာယီအုပ်ချုပ်ရေးကောင်စီသို့ အာဏာလွှဲပေးရန် အမေရိကန်နိုင်ငံအား ပြင်သစ်သမ္မတ ဂျက်ရှီရက်က သောကြာနေ့တွင် တိုက်တွန်းလိုက်သည်။

ယထာဘူတကျ

အီရတ်ပြည်သူများထံ အာဏာနှင့် အချုပ်အခြာအာဏာပိုင်မှုကို လွှဲပြောင်းပေးရေးသည် တစ်ခုတည်းသော ယထာဘူတကျသည့် နည်းလမ်းပင်ဖြစ်ကြောင်း၊ ဒေသတွင်းနိုင်ငံများက ထောက်ခံပြီး ကုလသမဂ္ဂအဖွဲ့က အပြည့်အဝ တရားဝင် ခွင့်ပြုနိုင်သည့် လုပ်ငန်းစဉ်ဘောင်အတွင်းမှ ထိုနည်းလမ်းကို ချက်ချင်းအကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတဂျက်ရှီရက်က ပြင်သစ်သံတမန်များနှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်။

ဤအခြေခံဘောင်ကို ချပြီးသည်နှင့် တစ်ပြိုင်နက် အီရတ်ပြည်သူများကိုယ်တိုင် ပြဋ္ဌာန်းနိုင်သည့်နည်းဖြင့် နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် နိုင်ငံတကာအသိုက်အဝန်းက အပြည့်အဝ ထောက်ခံလာနိုင်မည်ဖြစ်ကြောင်း သမ္မတရှီရက်က ရှင်းလင်းပြောဆိုသည်။

အီရတ်စစ်ပွဲကို အပြတ်သားဆုံး ကန့်ကွက်သည့် ပြင်သစ်နိုင်ငံသည် ယခုနှစ်ကုန်တွင် အီရတ်ရွေးကောက်ပွဲ ကျင်းပရေးကို သတ်မှတ်ပေးသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ရန် ယခုရက်သတ္တပတ်တွင် တောင်းဆိုလိုက်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကြည့်ရှုစစ်ဆေး

ဘာဆရာမြို့ရှိ ဗြိတိသျှတပ်ဖွဲ့များ၏ဌာနချုပ် ဝင်ပေါက်အနီးတွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသည့် ကားနှစ်စီးကို အီရတ်အမျိုးသားများ ကြည့်ရှုစစ်ဆေးနေကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘာဆရာမြို့ ဗြိတိန်စစ်ဌာနချုပ်ရှေ့ ဗုံးပေါက်ကွဲ

ဘာဆရာ ဩဂုတ် ၃၀

အခင်းဖြစ်ပွားရာနေရာ၌ ရောက်ရှိနေသော အေအက်ပီသတင်းထောက်က အီရတ်နိုင်ငံ တောင်ပိုင်း၏မြို့တော် ဘာဆရာရှိ ဗြိတိသျှစစ်ဌာနချုပ်၏ အဝင်ဝအနီးတွင် ဗုံးတစ်လုံးပေါက်ကွဲခဲ့ကြောင်း သတင်းပေးသည်။

ထိုဗုံးပေါက်ကွဲမှုကြောင့် ဗြိတိသျှစစ်ဌာနချုပ်မှ ကိုက် ၁၀၀ ခန့် အကွာတွင် ရပ်ထားသော ကားနှစ်စီး ပျက်စီးသွားသော်လည်း ထိခိုက်မှု တစ်စုံတစ်ရာမရှိပေ။

ကမ်းနဖူးပေါ်၌ ဖြစ်ပွား

ထိုဌာနချုပ်သည် ယခင် ဆက်ဒမ်၏ နန်းတော် အတွင်း၌ ဖွင့်ထားခြင်းဖြစ်သည်။ ပေါက်ကွဲမှုသည် ဌာနချုပ် နံဘေးမှ စီးဆင်းသွားသော ရှတ်အယ်အာရပ် ရေလမ်းပေါ်ရှိ ကမ်းနဖူးပေါ်၌ ဖြစ်ပွားခြင်းဖြစ်သည်။

ထိုဗုံးမှာ လက်ပစ်ဗုံးဖြစ်သည်။ လူများသည် ကမ်းနဖူးပေါ်တွင်ထိုင်၍ အရက်သောက်နေကြသောကြောင့် ယခုကဲ့သို့ ဗုံးခွဲခြင်းဖြစ်သည်ဟု ကိုယ်တွေ့မြင်လိုက်ရသူ မိုဟာမက် ဟူစိန်က ပြောပြသည်။ အခြား မျက်မြင်သက်သေတစ်ဦး ဖြစ်သူ ဟာဆန်အလီက ထိုဗုံးကို ကားတစ်စီးပေါ်မှ ပစ်သွားခြင်းဖြစ်သည်ဟု ဆိုသည်။

ည ၉ နာရီခွဲ အချိန်တွင် ဘာဆရာမြို့ရှိ ဗြိတိန်စစ်တန်းလျား၏ မြောက်ဘက်တွင် ပေါက်ကွဲမှုငယ်တစ်ခု ဖြစ်ပွားခဲ့သည်။

စုံစမ်းနေဆဲ

အမေရိကန် ဦးဆောင်သော သိမ်းပိုက်ရေးတပ်မှလည်းကောင်း၊အီရတ်တစ်ဦးတစ်ယောက်သော်လည်းကောင်း ထိခိုက်ဒဏ်ရာ ရရှိခြင်း မရှိကြောင်း၊ ထိုအဖြစ်အပျက်နှင့် ပတ်သက်၍ မည်သို့ဖြစ်ပွားရသည်ကို သိရှိနိုင်ရန် စုံစမ်းနေဆဲဖြစ်ကြောင်း ဗြိတိသျှစစ်တပ်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချာလီဗေရိက ပြောကြားသည်။

လွန်ခဲ့သော ဗုဒ္ဓဟူးနေ့က ဗြိတိသျှစစ်ယာဉ်တန်းသည် အီရတ်နိုင်ငံ အရှေ့တောင်ပိုင်းတွင် လူအုပ်ကြီးတစ်အုပ် တိုက်ခိုက်မှုကို ခံခဲ့ရသဖြင့် စစ်သားတစ်ဦး သေဆုံးခဲ့သေးသည်။ ထိုစဉ်က အဆိုပါ ဗြိတိန်တပ်ဖွဲ့သည် အီရတ်နှစ်ဦးကို ဖမ်းဆီးခဲ့ပြီး အပြန်တွင် ကြုံကြရခြင်းဖြစ်သည်။ အဖမ်းခံရသူ တစ်ဦးမှာ ထင်ရှားသော ဆက်ဒမ်ဆန့်ကျင်ရေး သမားတစ်ဦးဖြစ်သည်ဟု ဆိုသည်။

ဝါရှင်တန်က အီရတ်စစ်ပွဲပြီးပြီဟု မေ ၁ ရက်က ကြေညာခဲ့ပြီး ထိုကြေညာချက် ထွက်ပေါ်လာပြီးနောက်ပိုင်းတွင် ဗြိတိန်စစ်သား ၁၁ ဦး သေဆုံးခဲ့ရပြီဖြစ်သည်။

အကြိမ်ကြိမ်ကြုံခဲ့ရ

လွန်ခဲ့သည့် လအတွင်းက အီရတ်နိုင်ငံ တောင်ပိုင်းကို သိမ်းပိုက်ထားသော ဗြိတိသျှတပ်များသည် မေဆန်ဒေသ၌ တိုက်ခိုက်မှုနှင့် အကြိမ်ကြိမ်ကြုံခဲ့ရသည်။ ဘာဆရာမြို့တွင် လေးဦး သေဆုံးသွားသည်။ လောင်စာနှင့် ဓာတ်ဆီ ပြတ်တောက်မှုကြောင့် အဓိကရုဏ်းနှင့်လည်း ကြုံတွေ့ခဲ့ကြရသည်။ ***အင်တာနက်။***

ကာဘလာမြို့ ထိန်းချုပ်မှုအာဏာ ဘူဂေးရီးယားတပ်သို့ လွှဲပြောင်း

ဆိုဖီယာ ဩဂုတ် ၃၀

အမေရိကန်ကမ်းတက်တပ်(မရိန်း)က ဘဂ္ဂဒက်မြို့ တောင်ပိုင်းမှ ၁၀၈ ကီလိုမီတာ ကွာဝေးသည့် ကာဘလာမြို့ ထိန်းချုပ်မှုအာဏာအား ဘူဂေးရီးယား ငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်များလက်သို့ လွှဲပြောင်းပေးလိုက်ကြောင်းဖြင့် ဘူဂေးရီးယားကာကွယ်ရေးဝန်ကြီး နီကိုလိုင်ဆဗီနာရော့က အင်္ဂါနေ့တွင် အခိုင်အမာ ပြောကြားလိုက်သည်။

အမေရိကန်ဗိုလ်မှူးကြီး မက်သရူးလိုပက်က ကာဘလာမြို့ ထိန်းချုပ်မှု အခွင့်အာဏာကို ဘူဂေးရီးယားတပ်မှူး ပက်ကိုမာရီနော့အား လွှဲပြောင်းပေးလိုက်ကြောင်း ဘူဂေးရီးယား သတင်းဌာနက ကာကွယ်ရေးဝန်ကြီး ဆဗီနာရော့အား ကိုးကား၍ ဖော်ပြသည်။

အီရတ်စစ်ပွဲလွန် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဘူဂေးရီးယားက တပ်သား ၅၀၀ ရှိငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ကို အီရတ်နိုင်ငံသို့ စေလွှတ်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘဂ္ဂဒက်မြို့ရှိ ဗြိတိန်သံရုံးဝင်း အပေါက်ဝတွင် လုံခြုံရေး တင်းကျပ်စွာ စောင့်ကြပ်နေသည့် ဗြိတိသျှတပ်သားများအား တွေ့ရစဉ်။ (အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့ရှိ ဗြိတိသျှတပ်ဖွဲ့များ၏ဌာနချုပ် ဝင်ပေါက်အနီးတွင် ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့သည်။) *(ဓာတ်ပုံ-အင်တာနက်)*

အီရတ် မြို့တော်ဘဂ္ဂဒက်မြောက်ပိုင်း တိုက်ခိုက်မှု အမေရိကန်စစ်သားတစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရ

ဘဂ္ဂဒက် ဩဂုတ် ၃၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် မြောက်ဘက်တွင် အမေရိကန်စစ်သားများ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တန်းကို သောကြာနေ့ နံနက်က ပြောက်ကျားများက တိုက်ခိုက်သဖြင့် အမေရိကန်စစ်သားတစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရသွားကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

ဒုံးပစ်လောင်ချာများဖြင့်ပစ်

ဘဂ္ဂဒက်မြို့တော် မြောက်ဘက် မိုင် ၄၀ ခန့်အကွာ ဘာကူဘာမြို့အနီး လမ်းမကြီးပေါ်တွင် အမေရိကန်စစ်ကားခြောက်စီးပါ ယာဉ်တန်းကို ပြောက်ကျားများက ဒုံးပစ်လောင်ချာများဖြင့် ပစ်သဖြင့် ယင်းသို့ သေဆုံး၊ဒဏ်ရာရသွားကြောင်း ဒုတိယဗိုလ်မှူးကြီး ဝီလျံအဒမ်ဆင်က ရိုက်တာသို့ ပြောကြားလိုက်သည်။

စိတ်ဓာတ်ပြင်းထန်သည့်ဒေသ

အဆိုပါဒေသမှာ ဆွန်နီမွတ်စလင်တို့၏ တြိဂံဒေသဟု ခေါ်တွင်ပြီး ဆက်ဒမ်ဟူစိန်၏ အာဏာအခြေခံနယ်မြေဖြစ်ရာ ကျူးကျော်ရေးတပ်များကို ဆန့်ကျင်ရေးစိတ်ဓာတ်ပြင်းထန်သည့် ဒေသဖြစ်သည်။ အဆိုပါ အမေရိကန်စစ်သားနှင့်ဆိုလျှင် အမေရိကန်သမ္မတဘုရှ်က မေ ၁ ရက်တွင် အီရတ်၌ တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း ကြေညာပြီးနောက် အီရတ်၌ သေဆုံးသူ အမေရိကန်စစ်သားပေါင်း ၆၅ ဦး ရှိသွားပြီဟု သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်ကို အမေရိကန်သိမ်းပိုက်မှု ငါးလရှိပြီ ကားခိုးပြတိုက်မှု သမားရိုးကျလုပ်ရပ် ဖြစ်လာ

ဘဂ္ဂဒက် ဩဂုတ် ၃၀

အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်များ ရေနံပေါကြွယ်ဝသည့် အီရတ်နိုင်ငံအား သိမ်းပိုက်အပြီး ငါးလကြာကာလတွင် ကားခိုးပြတိုက်ခြင်းသည် အီရတ်နိုင်ငံ၏ နေ့စဉ်သမားရိုးကျလုပ်ရပ်အဖြစ် ရောက်ရှိလာပြီဖြစ်သည်။

အီရတ်စစ်ပွဲ မဖြစ်မီက အီရတ်ပြည်သူများသည် ဘဂ္ဂဒက်မြို့တော်၏ ပျားပန်းခပ် စည်ကားခဲ့သည့် ညအလှကို ခံစားခဲ့ရာမှ ယခုအခါ ဘဂ္ဂဒက်မြို့တော်ရှိ ကားများသည် ခိုးပြရန် ကြောက်ရွံ့သောကြောင့် မှောင်စပျိုးသည်နှင့် အိမ်သို့ အသော့နှင်ကာ ပြန်မောင်းလာကြရသည်။

ကြာသပတေးနေ့ နေ့ခင်းကြောင်တောင် အချိန်၌ပင်လျှင် ပြစ်မှုကျူးလွန်သူများသည် ဘဂ္ဂဒက် အနောက်တောင်ပိုင်းရှိ မန်ဆာဒေသရှိ အဆင့်မြင့်ရပ်ကွက်အား ကားခိုးပြတိုက်ရန် ကြိုးစားကြရာ ဒေသခံများက စက်သေနတ်ဖြင့် ရင်ဆိုင်ဖြေရှင်းရန် ရောက်ရှိလာ၍ ၎င်းတို့၏ အကြံကို လက်လျှော့ခဲ့ရသည်။

အသက် (၃၅)နှစ်ရှိ ကားပိုင်ရှင်တစ်ဦးက အီရတ်နိုင်ငံသားသုံးဦး ဘီအမ်ဒဗလျူကားမောင်းပြီး လက်နက်ကိုင်ကာ မိမိအနီးအပါးသို့ ချဉ်းကပ်လာသောကြောင့် ၎င်းတို့ဘေးရန်မှ လွတ်ရန် ကားအမြန်မောင်း၍ ထွက်ခဲ့ရကြောင်း ပြောကြားသည်။ ဖော်ပြပါ ခရိုင်ဒေသခံများက လက်ရှိနီကော့ သေနတ်များကိုင်၍ အိမ်မှ ရုတ်တရက် ထွက်လာပြီး ခိုးပြများနောက်သို့ လိုက်သွားကြကြောင်း ၎င်းကားပိုင်ရှင်က ပြောကြားသည်။

ယင်းကဲ့သို့ ဖြစ်ရပ်များ ဆက်ဒမ်ဟူစိန်လက်ထက်က များများမဖြစ်ပွားခဲ့ကြောင်း အိုစမာ အမည်ရှိ ခေတ်ပေါ် ဗီမ်ခံကားပိုင်ရှင်တစ်ဦးက ပြောကြားသည်။

ယခုအခါ မိမိအနေဖြင့် ကားမောင်းထွက်ရမှာ ကြောက်ရွံ့နေပြီဖြစ်ကြောင်း၊ အချို့သော ခိုးပြများသည် ယာဉ်မောင်းအား သတ်ဖြတ်ရမှာ ဝန်မလေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းကားခိုးပြတိုက်မှုကိစ္စ ဟန့်တားရန်အတွက် အမေရိကန်စစ်သားများ အနေဖြင့် လူပုံအလယ်တွင် ကွပ်မျက်သင့်ကြောင်း အိုစမာက ဆက်ဒမ်လက်ထက်က ချမှတ်ထားခဲ့သည့် ဥပဒေကို အမေရိကန်ဦးဆောင်သော သိမ်းပိုက်ရေးတပ်သားများ လက်ထက်မှ ကွပ်မျက်ခြင်း ဥပဒေကို စွန့်လွှတ်ခဲ့မှုအား ရည်ညွှန်းပြောကြားသည်။

ခိုးပြများမှာ ကွပ်မျက်ခံရမှာ ကြောက်ရွံ့ကြကြောင်း အိုစမာက ၎င်းကိစ္စ မဖြစ်ပွားမီ တစ်လက မျက်မြင်တွေ့ကြုံခဲ့သည့် ဖြစ်ရပ်အား ပြန်ပြောင်းပြောကြားရင်း ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ၌ ဘုရှ်အစိုးရ၏ကိုင်တွယ်ပုံ ပြည်သူတို့ယုံကြည်မှု ကျဆင်း စီဘီအက်(စ်)သတင်းဌာန လူထုသဘောထားစစ်တမ်းတွင် ဖော်ပြထား

ဝါရှင်တန် ဩဂုတ် ၃၀

ယခုအခါ ဘုရှ်အစိုးရက အီရတ်နိုင်ငံတွင်ကိုင်တွယ်ပုံများနှင့်ပတ်သက်၍ အမေရိကန်လူထုယုံကြည်မှုသဘောထားမှာ ကျဆင်းလာလျက်ရှိပြီး အီရတ်ရှိဖြစ်ပျက်နေသော အခြေအနေကို အစိုးရအနေဖြင့် ထိန်းချုပ်နိုင်ခြင်းမရှိဟု ရှုမြင်နေကြကြောင်း လူထုသဘောထားကောက်ယူလေ့လာမှုအရ ဖော်ထုတ်တွေ့ရှိရသည်ဟုဆိုသည်။ ထိုသဘောဆန္ဒ ကောက်ယူမှုစစ်တမ်းကို စီဘီအက်(စ်)သတင်းဌာနမှ ပြုလုပ်ခြင်းဖြစ်သည်။

အမေရိကန်တို့သည် အီရတ်နိုင်ငံရှိ အခြေအနေများကို ထိန်းချုပ်နိုင်ပါသလားဟူသော မေးခွန်းကို ဖြေကြားရာတွင် ၄၂ရာခိုင်နှုန်းက ထိန်းချုပ်နိုင်သည်ဟု ဖော်ပြထားသည်။ ၄၇ ရာခိုင်နှုန်းက မထိန်းချုပ်နိုင်ဟု ပြန်ကြားသည်။

သဘောထားကောက်ယူခံရသူ ၁၀ဦးလျှင် ခုနစ်ဦးက အီရတ်နိုင်ငံ၏ အစိုးရသစ်ဖွဲ့စည်းရေးကိစ္စတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အနေဖြင့် အရေးပါသောနေရာမှ ပါဝင်သင့်ကြောင်း သဘောထားပေးကြသည်။ ထိုသို့သဘောထားပေးသူများထဲတွင် ရီပက်ဗလီကန်ပါတီဝင်ဦးရေ ထက်ဝက်ကျော်လည်း ပါဝင်သည်။ လောလောဆယ်အခြေအနေတွင် ဘုရှ်အစိုးရသည် ကုလသမဂ္ဂ အဖွဲ့အနေဖြင့်အီရတ်အရေးတွင်မည်သည့်အနေအထားဖြင့် ပါဝင်သင့်သည်ဟူသော ကိစ္စကို ဆွေးနွေးလျက်ရှိကြသည်ဟုဆိုသည်။

သဘောထား ကောက်ယူခံရသူများအနက် သုံးပုံတစ်ပုံသည် အီရတ်၌ ရောက်ရှိနေသော အမေရိကန်တပ်ဖွဲ့များကို လျှော့ချသင့်သည်ဟု သဘောထားပေးကြသည်။

၃၂ရာခိုင်နှုန်းသော သဘောထားပေးသူများက အမေရိကန်တို့၏ အီရတ်နိုင်ငံတွင် လုပ်ကိုင်ပုံများကြောင့် အကြမ်းဖက်တိုက်ခိုက်ခံရမှုအန္တရာယ် ပိုမိုများပြားနိုင်သည်ဟု ရှုမြင်ကြသည်။ ၁၉ ရာခိုင်နှုန်းကသာ အန္တရာယ်လျော့ကျသွားသည်ဟု ရှုမြင်ကြသည်။ ကျန်သော ရာခိုင်နှုန်းအချိုးအစားကမူ အခြေအနေမှာ ထူးမခြားနားပါဟု သဘောရကြသည်။ ယခုသဘောဆန္ဒကောက်ယူမှုစစ်တမ်းတွင် အရွယ်ရောက်ပြီးသူ ၉၃၀ တို့ထံမှ သဘောထားများကောက်ယူ စိစစ်ခဲ့ခြင်းဖြစ်သည်။ စိစစ်မှုပြုခဲ့သောကာလမှာ ဩဂုတ် ၂၆ ရက်မှ ၂၈ ရက် ထိဖြစ်ပြီး စာရင်းအင်းသဘောအရအတိမ်းအစောင်း အမှားအယွင်းမှာ အပေါင်းသုံးမှ အနုတ် သုံးအတိုင်းအတာအတွင်း ရှိနိုင်သည်ဟု ဆိုသည်။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

ကြေးကြော်

ဘဂ္ဂဒက်မြို့ရှိ ရှီးယားမွတ်စလင်များနေထိုင်ရာ ရပ်ကွက်တွင် အီရတ်နိုင်ငံအား အမေရိကန်တပ်ဖွဲ့များ သိမ်းပိုက်ထားမှုကို ပြစ်တင်ရှုတ်ချသည့် ကြွေးကြော်သံများကို အီရတ်ကလေးငယ်များ ဩဂုတ် ၂၉ ရက်တွင် ဟစ်ကြွေးနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်သို့ လျှပ်စစ်ဓာတ်အား ရောင်းချရန် တူရကီပြင်ဆင် စွမ်းအင်ဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးမည်

အန်ကာရာ ဩဂုတ် ၃၀

အီရတ်နိုင်ငံရှိ ဒေသအချို့တွင် စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် မိမိတို့၏ ရွှေ့ပြောင်းပေးနိုင်သော လျှပ်စစ်ဓာတ်အားပေးစက်ရုံအချို့ကို အီရတ်နိုင်ငံအတွင်းသို့ ရွှေ့ပြောင်းမည်ဖြစ်ကြောင်း တူရကီ စွမ်းအင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ ဟီလမီဂူလာက သောကြာနေ့၌ ပြောကြားသည်။

သဘောတူညီမှုရ

စစ်ကြောင့် ပျက်စီးနေသော အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်တွင် အီရတ်နိုင်ငံသို့ တူရကီနိုင်ငံက လျှပ်စစ်ဓာတ်အားရောင်းချရေးဆိုင်ရာ ပဏာမ သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့ကြောင်း ဂူလာ က ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

လေ့လာမှုများဆက်လုပ်

မိမိ၏ဝန်ကြီးဌာနသည် အီရတ်နိုင်ငံသို့ လျှပ်စစ်ဓာတ်အားပေးရေးဆိုင်ရာ စီမံကိန်းသစ်များနှင့်ပတ်သက်၍ လေ့လာမှုများ ဆက်လက်ပြုလုပ်နေကြောင်း ၎င်းကပြောကြားသည်။

မျှော်လင့်

အဆိုပါ သဘောတူညီချက်ကို တူရကီနိုင်ငံ မြို့တော်အန်ကာရာတွင် လာမည့်လ၌ လက်မှတ်ရေးထိုးနိုင်မည်ဟု မျှော်လင့်ကြောင်း တူရကီ စွမ်းအင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ ဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

တိုးမြှင့်ရောင်းချမည်

အဆိုပါ သဘောတူညီချက်အရ ကနဦးအနေဖြင့် ၅၀ မဂ္ဂါဝပ် ရောင်းချပေးရာမှ ၂၀၀ မဂ္ဂါဝပ်အထိ တိုးမြှင့်တင်ပို့ရောင်းချသွားမည်ဖြစ်သည်။

အီရတ်စစ်ပွဲ ပြီးဆုံးချိန်မှစ၍ တူရကီနိုင်ငံသည် အီရတ်နိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးရေးကဏ္ဍ အပါအဝင်ကဏ္ဍအများအပြား၌ အမေရိကန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များကို အဆိုပြုခဲ့သည်။

အချက်အချာကျ

တူရကီနိုင်ငံသည် အီရတ်နိုင်ငံ သို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးပို့ရာတွင် အချက်အချာကျသည့် နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံတွင် အမေရိကန်စစ်သည် ၂၈၂ ဦး သေဆုံးခဲ့

ဝါရှင်တန် ဩဂုတ် ၃၀

အမေရိကန် ကာကွယ်ရေးဌာနမှ ထုတ်ပြန်ချက်အရ ဩဂုတ် ၂၉ ရက်အထိ အီရတ်နိုင်ငံတွင် အမေရိကန်စစ်သည် သေဆုံးမှု စုစုပေါင်းစာရင်းမှာ ၂၈၂ဦးရှိသွားပြီဟု သိရသည်။ ထိုကာလအတွင်း ဗြိတိန်စစ်သား ၄၉ ဦးနှင့် ဒိန်းမတ်နိုင်ငံမှ တစ်ဦးတို့ သေဆုံးခဲ့ရပြီးဖြစ်သည်။

မေ ၁ ရက်တွင် အမေရိကန်သမ္မတဘုရှ်က အီရတ်တွင် စစ်ပွဲပြီးဆုံးသွားပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ ထို့နောက်ပိုင်းကာလတွင်အမေရိကန်စစ်သည် သေဆုံးမှုမှာ ၁၄၄ဦး ရှိသွားပြီဖြစ်သည်။

ပြီးခဲ့သော သောကြာနေ့က ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် မိုင် ၄၀ အကွာရှိ ဘာကူဘာမြို့သို့ သွားရာလမ်းမကြီးပေါ်တွင် ဒုံးပစ်လောင်ချာနှင့် အတိုက်ခိုက်ခံခဲ့ရရာ အမေရိကန် အမှတ် (၄) ကြည်းတပ်မမှ စစ်သားတစ်ဦးသေဆုံးသွားကြောင်း အမှတ် ၆၇ သံချပ်ကာတပ်ရင်း၏ အမှတ် (၃)တပ်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကြီး ဂျေးမီလာက ပြောကြားသည်။ ဩဂုတ် ၂၇ ရက်က ကူဝိတ်နိုင်ငံတွင် အသက် ၄၃ နှစ်ရှိ အမေရိကန် ဒုတိယဗိုလ်မှူးကြီးအန်တိုနီ အယ်ရှားမင်းသည် တိုက်ခိုက်မှုနှင့် မသက်ဆိုင်သော အခြားကိစ္စကြောင့် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားသည်။ ၎င်းသည် အမှတ် ၃၀၄ အရပ်ဘက်ရေးရာ တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသူ တစ်ဦးဖြစ်ပြီး တပ်ရင်းမှာ ဖီလာဒဲဖီးယားမြို့မှ ဖြစ်သည်။

အင်တာနက်။

ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပ

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ဩဂုတ် ၂၉ ရက်က ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပရာ အမျိုးသားမီတာ ၄၀၀ အတားအဆီးကျော်ပြိုင်ပွဲတွင် ဒိုမီနီကန် သမ္မတနိုင်ငံမှ ဖီးလစ်ဆန်ချက်ဇ် (လယ်) က နောက်ဆုံးအတားအဆီးကို ကျော်ကာ ပန်းဝင်နေစဉ်။ [အမေရိကန်မှ ဂျိုအီဝုဒ် (ဝဲ)က ဒုတိယ ငွေတံဆိပ်နှင့် ဂရိနိုင်ငံမှ အားကစားသမား (ယာ)က တတိယ ကြေးတံဆိပ်ရရှိကြသည်။]

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံအလယ်ပိုင်း ကာဘာလာမြို့တွင် ဘူဂေးရီးယား စစ်သည်များအား တိုက်ခိုက်

ဆိုဖီယာ ဩဂုတ် ၃၀

အီရတ်နိုင်ငံအလယ်ပိုင်း ကာဘာလာမြို့တွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်း၌ ပါဝင်ဆောင်ရွက်နေသော ဘူဂေးရီးယားစစ်သည်များအား တင့်ကားဖျက်ဒုံးဖြင့် သောကြာနေ့က တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း၊ သို့ရာတွင် မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း ဘူဂေးရီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ ပိုလန်နှင့် အမေရိကန်တပ်ဖွဲ့များနှင့် ဒေသဆိုင်ရာရဲတပ်ဖွဲ့တို့က ပူးတွဲစုံစမ်းစစ်ဆေးမှုတစ်ရပ်ကို ပြုလုပ်လျက်ရှိသည်။ မြို့တော်ဘဂ္ဂဒက်တောင်ဘက် ကီလိုမီတာ ၈၀ အကွာရှိ ကာဘာလာမြို့၏ စစ်ဦးစီးကွပ်ကဲမှုကို အမေရိကန်တပ်ဖွဲ့က လွှဲပြောင်းပေးအပ်ခဲ့ပြီးနောက် သုံးရက်ကြာတွင် အဆိုပါတိုက်ခိုက်မှု ပေါ်ပေါက်လာခဲ့သည်။

အီရတ်နိုင်ငံတွင် ပိုလန်နိုင်ငံက ကြီးကြပ်သော လုံခြုံရေးဇုန်နယ်မြေတွင် နိုင်ငံတကာစစ်သည်ပေါင်း ၉၂၀၀ဦး ရှိသည့်အနက် ဘူဂေးရီးယားစစ်သည် ၅၀၀ ပါဝင်သည်။ အီရတ်နိုင်ငံရှိ မည်သည့်နယ်မြေဒေသတွင်မျှ လုံခြုံရေးအခြေအနေမှာ စိတ်ချရခြင်းမရှိကြောင်း၊ အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသော စစ်သည်များအနေဖြင့် လုံခြုံရေးဘေးအန္တရာယ်ကို လျှော့တွက်ခြင်းမပြုသင့်ကြောင်း ဘူဂေးရီးယားသမ္မတ ဝေါဂီပါဗန်နော့စ်က မကြာသေးမီက သတိပေးပြောကြားခဲ့သည်။

အဆိုပါမြို့ရှိ ပိုလန်ထောက်ပံ့ပို့ဆောင်ရေး အခြေစိုက်စခန်းတစ်ခုကို ပြီးခဲ့သည့်တနင်္လာနေ့က စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်မှု ပေါ်ပေါက်ခဲ့သည်။ ၎င်းပြင် ပြီးခဲ့သည့် တနင်္ဂနွေနေ့ကလည်း ကင်းလှည့်လာသော ဘူဂေးရီးယားစစ်ယာဉ်တစ်စီး၏ အနီးအပါးတွင် ပေါက်ကွဲခဲ့ရာ ဘူဂေးရီးယားစစ်ယာဉ်၏ လေကာမှန်ပျက်စီးသွားခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ထာဝရ ခိုင်မာပြတ်သားသော ရပ်တည်ချက်

ကေတုနီလာ

မျက်မှောက်မြန်မာနိုင်ငံ၏ သမိုင်းခေတ်တွင် ဖြစ်ပေါ်ပြောင်းလဲ တိုးတက်လာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများကို အပြုသဘောဖြင့် ချဉ်းကပ်လေ့လာ သုံးသပ်ခြင်းမရှိဘဲ ပါတီအဖွဲ့အစည်းတစ်ခု၏ ခေါင်းဆောင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ အကျိုးစီးပွားအတွက် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ပါဝင်စွက်ဖက် ဖိအားပေးမှု၊ အနိုင်ကျင့်ဗိုလ်ကျမှုများသည် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး အကြောင်းပြချက်များနှင့် လိုက်လျောညီထွေ ရှိ၊ မရှိကိုလည်းကောင်း၊ ယုတ္တိ ရှိ၊ မရှိကိုလည်းကောင်း သက်ဆိုင်ရာ အနောက်အုပ်စုမှ အင်အားကြီးနိုင်ငံများက ပြန်လည်စဉ်းစား ဆင်ခြင်သင့်သည်ဟု ဆိုချင်ပါသည်။

စင်စစ် ဖွံ့ဖြိုးဆဲထွန်းသစ်စနိုင်ငံငယ်ဖြစ်သော မြန်မာနိုင်ငံမှ ၅၂ သန်းသော ပြည်သူတို့၏ လူနေမှုဘဝနှင့် စီးပွားရေးများကို အခက်အခဲဖြစ်အောင် စတေးပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် အမျိုးသမီးနှင့် ယင်းပါတီကို ထောက်ခံပံ့ပိုး ကူညီနေခြင်းဖြင့် ပါဝင်စွက်ဖက် ဖိအားပေးကျူးကျော်နေခြင်းသည် နိုင်ငံတကာ ကျင့်ဝတ်သိက္ခာအရလည်းကောင်း၊ ကုလသမဂ္ဂ၏ပဋိညာဉ်စာတမ်းအရလည်းကောင်း ညီညွတ်ပါသည်ဟူ၍ သက်ဆိုင်ရာ အနောက်အုပ်စု အင်အားကြီးနိုင်ငံအချို့က လိပ်ပြာသန့်စွာ ဆိုရဲကြပါမည်လားဟု မေးလိုပါသည်။ တစ်နည်းအားဖြင့် ယင်းပါဝင်စွက်ဖက် ဖိအားပေးကျူးကျော်မှုများသည် အင်အားကြီးနိုင်ငံများက ချမှတ်ပြဋ္ဌာန်းသော လူ့အခွင့်အရေးနှင့် ဒီမိုကရေစီဖြစ်ထွန်းမှု နှုန်းစံများဖြစ်သည်ဟု ဝန်ခံစကား ဆိုရဲပါသလားဟုလည်း မေးလိုပါသည်။

၂၀ ရာစုနှစ် နှောင်းပိုင်းကာလမှစတင်ပြီး ကမ္ဘာ့နိုင်ငံရေး အင်အားချိန်ခွင်လျှာသည် တစ်ဖက်စောင်းနင်း ဖြစ်လာခဲ့သည်။ ယင်းကာလကို စစ်အေးလွန်ခေတ်ဟု ခေါ်စမှတ်ပြုခဲ့သည်။ ကမ္ဘာကြီးသည် လက်နက်အင်အား ပြိုင်ဆိုင်မှုများ ချုပ်ငြိမ်းခဲ့ပြီး အရင်းရှင်နယ်ချဲ့ဝါဒနှင့် ဆိုရှယ်လစ်နယ်ချဲ့ဝါဒတို့လည်း မရှိတော့ပြီ။ စစ်မက်ကင်း၍ ငြိမ်းချမ်းခြင်းကို ကမ္ဘာ့သူ၊ ကမ္ဘာ့သားများ ခံစားရတော့မည်။ ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာအဖြစ် ပြောင်းလဲဖြစ်ပေါ်လာတော့မည်ဟု ကမ္ဘာ့ပြည်သူလူထုကြီးက စိတ်ကူးယဉ်အိပ်မက်ကို မက်ခဲ့ကြသည်။

၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့မှ ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံနှင့် ပင်တဂွန်စစ်ဌာနချုပ်မှ သမ္မတအိမ်ဖြူတော်အထိ ပစ်မှတ်ထားသော အကြမ်းဖက်မှုကြီး ဖြစ်ပေါ်ခဲ့ပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံအား အမေရိကန်နိုင်ငံက စစ်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အာဖဂန်နစ္စတန်အစိုးရ တာလီဘန်တို့သာ ပြုတ်ကျခဲ့သည်။ အိုစမာဘင်လာဒင်၏ အရိပ်အရောင်မျှကို မတွေ့ခဲ့ရသကဲ့သို့ ဒေသအနှံ့ အကြမ်းဖက်တိုက်ခိုက်မှုများက ရပ်တန့်သွားခြင်းမရှိခဲ့ပေ။ အာဖဂန်နစ္စတန်နိုင်ငံနှင့် အပြစ်မဲ့ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ဥစ္စာများသာ ဆုံးရှုံးပျက်စီးသေကျေခဲ့ကြရသည်။ ဤသည်မှာ အကြမ်းဖက်ဝါဒနှင့် အကြမ်းဖက်တိုက်ခိုက်မှုကို စစ်ရေးတစ်ခုတည်းဖြင့် ဖြေရှင်း၍မရနိုင်ဘဲ ယင်းပြဿနာ၏ မူလသန္ဓေတည်ရာ အကြောင်းရင်းကိုလည်း ရှာဖွေလေ့လာ ချဉ်းကပ်ပြီး ဖြေရှင်းရမည်ဟူသော သင်ခန်းစာဖြစ်သည်။

ကမ္ဘာ့နိုင်ငံရေး အင်အားချိန်ခွင်လျှာသည် တစ်ဖက်စောင်းနင်း ဖြစ်လာသည်နှင့်အမျှ နိုင်ငံငယ်များ၏ ပြည်တွင်းရေးပြဿနာများတွင် အင်အားကြီးနိုင်ငံအချို့က ယင်းတို့လိုလားထောက်ခံရာဘက်သို့ ပါဝင်စွက်ဖက် အနိုင်ကျင့်ဗိုလ်ကျမှုဖြင့် ဘက်လိုက်ထောက်ခံ ကူညီပံ့ပိုးမှုများပြုခဲ့ကြရာ အခြားတစ်ဖက်ကလည်း ယင်းတို့၏ ပြည်တွင်းရေးပြဿနာတွင် ဘက်လိုက်ပြီး ပါဝင်စွက်ဖက် ဗိုလ်ကျအနိုင်ကျင့်ခံရသည်ဟူ၍ နာကြည်းမှုအာဃာတများ၊ သည်းမခံနိုင်မှုများအရ အကြမ်းဖက်တိုက်ခိုက်မှုများဖြင့် ဆန့်ကျင်တုံ့ပြန်လာခဲ့ခြင်းဖြစ်သည်။ အလားတူပင် အင်အားကြီးနိုင်ငံအချို့က ဒီမိုကရေစီ လိုလားသူများအဖြစ် ရှေ့တန်းတင် ပွဲထုတ်ထားသူများအား ချီးမြှင့်မြှောက်စား ထောက်ပံ့ကူညီနေသော်လည်း ယင်းတို့၏ အကြမ်းဖက်တိုက်ခိုက်မှုများသည် သက်ဆိုင်ရာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းများအတွက် အနှောင့်အယှက် အဖျက်သဘော ဆောင်နေသည်ကို အင်အားကြီးနိုင်ငံအချို့က ပြန်လည်သုံးသပ်ဆင်ခြင်ခြင်း၊ ပြုပြင်ခြင်းများ ဆောင်ရွက်သင့်သည်။

အမှန်မှု အကြမ်းဖက်ဝါဒသည်လည်းကောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုသည်လည်းကောင်း နေရာဒေသမရွေး၊ လူမျိုးမရွေး ကမ္ဘာ့ပြည်သူများကို ထိခိုက်သေကျေ ပျက်စီးဆုံးရှုံးစေသော နိုင်ငံရေးရာဇဝတ်မှုနှင့် လူမှုအန္တရာယ်လည်းဖြစ်သည်။ ကမ္ဘာ့ပြည်သူတို့ကလည်း လိုလားလက်ခံခြင်းမရှိဘဲ ဆန့်ကျင်လျက်ရှိသည်။ ယင်းအခြေအနေ အရပ်ရပ်များအရ အင်အားကြီးနိုင်ငံအချို့သည် အကြမ်းဖက်တိုက်ခိုက်မှု ဆန့်ကျင်ရေးတွင် မလိုလျှင်တစ်မျိုး၊ လိုလျှင်တစ်မျိုး သဘောထားဖြင့် နှစ်မျက်နှာစံနှုန်း မသတ်မှတ်ဘဲ တစ်ပြေးညီ သဘောထားကို ခံယူကျင့်သုံးပြီး ဖြေရှင်းမှသာလျှင် အကြမ်းဖက်ဝါဒနှင့် အကြမ်းဖက်ဆန့်ကျင်တိုက်ခိုက်မှုများသည် ဤကမ္ဘာမြေပေါ်မှ အကြွင်းမဲ့ချုပ်ငြိမ်းသွားလိမ့်မည်ဟု ဆိုချင်သည်။

မည်သို့ဆိုစေကာမူ မျက်မှောက်နိုင်ငံတကာပြဿနာများတွင် နိုင်ငံငယ်တို့၏ ပြည်တွင်းရေးများအား အင်အားကြီးနိုင်ငံအချို့က နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးအင်အားများဖြင့် ပါဝင်စွက်ဖက် ဗိုလ်ကျအနိုင်ကျင့် ဖိအားပေး ကျူးကျော်မှုများရှိနေသကဲ့သို့ အခြားတစ်ဖက်တွင်လည်း အကြမ်းဖက်ဝါဒနှင့် အကြမ်းဖက်တိုက်ခိုက်မှုများ ရှိနေခြင်းသည် စစ်အေးခေတ်လွန်ကာလအတွက် အဖျက်သဘောသို့ ရှေးရှုဦးတည်နေသလောဟူ၍ သောကမအေးဖွယ်ရာပင် ဖြစ်သည်။

မျက်မှောက် မြန်မာနိုင်ငံ၏ သမိုင်းခေတ်တွင်လည်း အနာဂတ်ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးအတွက် အဖျက်အမှောင့်ပယောဂများဖြစ်သော ပြည်တွင်း၊ပြည်ပ အဖျက်သမားများအား ဒီမိုကရေစီလိုလားသူများဟူ၍ အနောက်အုပ်စု အင်အားကြီးနိုင်ငံအချို့က ရှေ့တန်းတင်ပွဲထုတ်ပြီး နိုင်ငံရေး၊ စီးပွားရေးအရ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးပြဿနာကို ပါဝင်စွက်ဖက် ဗိုလ်ကျအနိုင်ကျင့် ဖိအားပေးနေခြင်းဖြင့် ယင်းတို့အလိုကျ ခြယ်လှယ်၍ရသော ရုပ်သေးအစိုးရ ထူထောင်ရန် ကြိုးပမ်းလျက်ရှိသည်ကို ထင်ရှားစွာ တွေ့မြင်နေရသည်။

တစ်ဆက်တည်းမှာပင် မြန်မာနိုင်ငံအား အထီးကျန်ဖြစ်ရေးအတွက် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးပြဿနာသည် ဒေသအတွင်းရှိ နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၏ တည်ငြိမ်အေးချမ်းရေးကို ထိခိုက်လာစေနိုင်သည်ဟူသော ခြိမ်းခြောက်လှုံ့ဆော်မှုများ၊ သွေးထိုးသပ်လျှိုမှုများနှင့်အတူ မြန်မာနိုင်ငံအပေါ်တွင် ယင်းတို့နှင့်အတူ ဖိအားပေးအကျပ်ကိုင်ခြင်းမရှိပါက အကူအညီမပေးတော့ဟူသော အသုံးအနှုန်းများကို သုံးစွဲပြောဆိုလာကြသည်မှာလည်း သူတစ်ပါးအကျိုးစီးပွားကို ဖျက်ဆီးလိုစိတ်၊ မနာလိုစိတ် ကြီးမားနေကြောင်း လက်တွေ့ပြသနေသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးကာလ နောက်ပိုင်း အစိုးရအဆက်ဆက်က ဖြေရှင်းခဲ့ရသော ပြည်တွင်းပဋိပက္ခများသည် မည်သည့်ဒေသတွင်း နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများကိုမျှ မခြိမ်းခြောက်သကဲ့သို့ ယင်းနိုင်ငံများ၏တည်ငြိမ်မှုလည်း ဂယက်ရိုက်ခြင်း၊ ထိခိုက်ခြင်းမရှိခဲ့သည်မှာ သမိုင်းသက်သေအဖြေရှိခဲ့ပြီးဖြစ်သည်။ ခွင်းချက်စကားဆိုရလျှင် ဒေသတွင်းနှင့်အိမ်နီးချင်းနိုင်ငံအချို့ကို အင်အားကြီးနိုင်ငံအချို့က ဖိအားပေးကြသဖြင့် ယင်းနိုင်ငံများက မြန်မာနိုင်ငံမှ ရာဇဝတ်ပြစ်မှုများ၊ တရားဥပဒေဆိုင်ရာပြစ်မှုများ ကျူးလွန်ပြီးထွက်ပြေးလာကြသော မြန်မာပြည်ပြေး၊ ဝရမ်းပြေး၊ အကြမ်းဖက်သမားများနှင့် KNU အပါအဝင် အကြမ်းဖက်သောင်းကျန်းသူများကို နေရာပေး ကျွေးမွေးနေရသည့် ဝန်ထုပ်ဝန်ပိုး ရှိကောင်းရှိနိုင်ပါသည်။ သက်ဆိုင်ရာနိုင်ငံများက ယင်းနိုင်ငံ၏ ဥပဒေနှင့်အညီ မြန်မာပြည်ပြေး၊ ဝရမ်းပြေး၊ အကြမ်းဖက်အဖျက်သမားများနှင့် အကြမ်းဖက်သောင်းကျန်းသူများကို စိစစ်ကန့်သတ်မည်ဟု ဆောင်ရွက်တိုင်း၊ ဆောင်ရွက်တိုင်း ဖိအားပေးတားဆီးကန့်ကွက်ကြသည်မှာ မည်သည့်နိုင်ငံများ ဖြစ်ကြသနည်း။

ယင်းအပြင် အရှေ့တောင်အာရှနိုင်ငံများအသင်းဝင် ထိုင်းနိုင်ငံအား ၁၉၉၆–၉၇ ခုနှစ်တွင် စီးပွားရေးအကျပ်အတည်း ဖြစ်လာစေရန် ဖန်တီးခဲ့သည်မှာ မည်သည့်နိုင်ငံ ဖြစ်ပါသနည်း။ အင်ဒိုနီးရှားနိုင်ငံအား ပြည်တွင်းရေးမတည်ငြိမ်ရန် လှုံ့ဆော်ဖန်တီးခဲ့သည်မှာ မည်သည့်နိုင်ငံဖြစ်ပါသနည်း။ အလားတူပင် ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်တွင်းရေးတွင် ပါဝင်စွက်ဖက်ပြီး နိုင်ငံရေးမငြိမ်မသက်ဖြစ်စေရန် မည်သည့်နိုင်ငံက ဖန်တီးခဲ့ပါသနည်း။ မြန်မာနိုင်ငံတွင် ၁၉၅၁ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ် ဝန်းကျင်ကာလအထိ တပ်မတော်က မောင်းထုတ်ရှင်းလင်း ချေမှုန်းခဲ့ရသော တရုတ်ဖြူကျူးကျော်မှု၏ အဓိကလက်သည် တရားခံနိုင်ငံသည် မည်သည့်နိုင်ငံ ဖြစ်သနည်း။ အရှေ့တောင်အာရှ ဒေသအတွင်းရှိ နိုင်ငံအချို့၏ အစိုးရအဖွဲ့အပြောင်းအလဲများ၊ သမ္မတအပြောင်းအလဲများကို တယ်လီဖုန်းဖြင့် အမိန့်ပေးခြယ်လှယ်ခဲ့သည်မှာ မည်သည့်နိုင်ငံနှင့် မည်သူဖြစ်သနည်း။ အရှေ့တောင်အာရှ ဒေသအတွင်းနှင့် အာရှဒေသအတွင်းမှ နိုင်ငံအချို့တွင် စစ်အခြေခံစခန်းများထားရှိပြီး ယင်းနိုင်ငံများ၏ ပြည်သူများ၊ မိန်းမငယ်များ၊ ကျောင်းသူလေးများကို ရိုက်နှက်ထိုးကြိတ်ရမ်းကား အဓမ္မပြုကျင့်ခဲ့ကြသော စစ်သားများသည် မည်သည့်နိုင်ငံကဖြစ်သနည်း။ အဖြေသည် နိုင်ငံတကာသတင်းများတွင် ရှိပြီးဖြစ်သည်။ သမိုင်းတွင် လိမ်လည်၍မရသော စာမျက်နှာများဖြစ်သည်။

အကယ်မှု မြန်မာနိုင်ငံအစိုးရ အဆက်ဆက်သည် စစ်အေးခေတ်တွင်လည်းကောင်း၊ စစ်အေးခေတ်လွန် ကာလတွင်လည်းကောင်း နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်၌ ကြားနေရေးဝါဒနှင့် လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးဝါဒကို ခံယူကျင့်သုံးဆက်ဆံနေထိုင်ခဲ့သည်။ မည်သည့်နိုင်ငံကိုမျှ ကျူးကျော်ရန်စခြင်း၊ ပါဝင်စွက်ဖက်ခြင်းမပြုခဲ့ပါ။ မြန်မာနိုင်ငံ၏ပြည်တွင်းရေး ပြဿနာသည်လည်း မည်သည့်ဒေသတွင်း နိုင်ငံများနှင့် မည်သည့်အိမ်နီးချင်း နိုင်ငံကိုမျှ ဂယက်ရိုက်၊ ထိခိုက်ခြင်းမရှိစေခဲ့ပါ။ ဒေသတွင်းနိုင်ငံများနှင့် ရင်းရင်းနှီးနှီး နေထိုင်ဆက်ဆံပြီး အိမ်နီးချင်းနိုင်ငံများနှင့်လည်း အိမ်နီးချင်းကောင်းနိုင်ငံ၏ ကျင့်ဝတ်သီလကို စောင့်ထိန်းကျင့်သုံး ဆက်ဆံနေထိုင်ခဲ့သည်။

ဆိုရလျှင် ယခင်လမ်းစဉ်ပါတီအစိုးရသည် ယင်း၏မူဝါဒလမ်းစဉ်အရ အာဆီယံအသင်းဝင်ရန် ဖိတ်ခေါ်ညှိနှိုင်းခဲ့သော်လည်း မဝင်ခဲ့ပါ။ ဘက်မလိုက်နိုင်ငံအဖွဲ့ဝင်အဖြစ်က နုတ်ထွက်ခဲ့သည်။ ယင်းအခြေအနေများနှင့် ပတ်သက်သော သဘောထားကို အဆိုးအကောင်းမပြောလိုပါ။ ပြောရန်တာဝန်လည်းမရှိပါ။ ထိုစဉ်ကာလက အခြေအနေ အကျိုးအကြောင်းများလည်း ရှိကောင်းရှိပါလိမ့်မည်။

မည်သို့ဆိုစေ မျက်မှောက်မြန်မာနိုင်ငံ၏ သမိုင်းခေတ်တွင် နိုင်ငံတော်ကို တာဝန်ယူ ဦးဆောင်နေသော တပ်မတော်အစိုးရသည် တစ်ပါတီစနစ်ကို ဖျက်သိမ်း၍ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရန်နှင့် ဆိုရှယ်လစ်စီးပွားရေးစနစ်အား ပယ်ဖျက်၍ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးရန် တရားဝင်ထုတ်ပြန်ကြေညာပြီး လက်တွေ့လုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ကျင့်သုံးအကောင်အထည်ဖော်လျက်ရှိသည်။ ယင်းနှင့်အတူ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်ကိုလည်း တိုးချဲ့တည်ဆောက်ခဲ့ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ်လည်းကောင်း၊ ဘက်မလိုက်အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်ပြီး တက်ကြွစွာလှုပ်ရှားလျက်ရှိသည်။

စင်စစ် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့၏ အခြေခံမူများဖြစ်သော ဒေသတွင်း နိုင်ငံအချင်းချင်း ရင်းနှီးစွာပူးပေါင်းပြီး အကျိုးတူလုပ်ငန်းများ ဆောင်ရွက်ရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဒေသတွင်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးတွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက မပါဝင်မစွက်ဖက်ရေးတို့သည် ဒေသတွင်းနိုင်ငံများ၏ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်နိုင်မည်ဟု အလေးအနက်ယုံကြည်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထို့အတူပင် အာဆီယံခေါင်းဆောင်များက အရှေ့တောင်ဒေသအတွင်း အင်အားတောင့်တင်း ကျစ်လျစ်ညီညွတ်သော အင်အားစုကြီး ဖြစ်လာရေးအတွက် ဦးဆောင်ကြိုးပမ်းစည်းရုံးခဲ့သည့် အာဆီယံဆယ်နိုင်ငံ ဖွဲ့စည်းမှုကို လေးစားယုံကြည်ပြီး မြန်မာနိုင်ငံသည် အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ရေးကို တက်ကြွစွာလှုပ်ရှားပါဝင်ခဲ့ခြင်းဖြစ်သည်။ စင်စစ် အဖွဲ့ဝင်ဆယ်နိုင်ငံအထိဖွဲ့စည်းဖြစ်တည်ရှင်သန်လာခဲ့သော အာဆီယံအဖွဲ့သည် ဤကမ္ဘာမြေပေါ်၌ ဧရိယာစတုရန်းမိုင်ပေါင်း ၁၇၇၇၆၇၀ ပေါ်မိုတင်းနေထိုင်ကြသော လူဦးရေသန်း ၅၀၀ ကို ကိုယ်စားပြုထားခြင်းဖြစ်၍ ဒေသတွင်းဖြစ်ပေါ်လာသော နိုင်ငံရေး၊ စီးပွားရေးပြဿနာများအား အာဆီယံအခြေခံမူဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းဖြင့် မည်သည့်အင်အားကြီးနိုင်ငံကမျှ ဗိုလ်ကျစိုးမိုးအနိုင်ကျင့်၍ ရနိုင်တော့မည်မဟုတ်ပေ။ **ဤသည်မှာ အာဆီယံအဖွဲ့၏ ယုံကြည်ချက်** ဖြစ်သည်။

သို့သော်လည်း အာဆီယံအဖွဲ့၏ ကျစ်လျစ်သိပ်သည်းသော စည်းရုံးညီညွတ်မှုဖြင့် ဒေသတွင်းပြဿနာများကို မည်သည့်အင်အားကြီးနိုင်ငံ၏ ပါဝင်စွက်ဖက် ဩဇာပေးမှုကိုမျှလက်မခံဘဲ ဖြေရှင်းဆောင်ရွက်နေခြင်းကို အင်အားကြီးနိုင်ငံအချို့က လိုလားခြင်းမရှိဘဲ အာဆီယံပြိုကွဲရေးကို အချိန်ရှိသမျှသပ်လျှိုလှုံ့ဆော်လျက်ရှိသည်။ ဤသည်ကို အာဆီယံ နိုင်ငံခေါင်းဆောင်များလည်း ခံစားနားလည်သိရှိပြီးဖြစ်ရာ အထူးဆိုဖွယ်ရာမရှိပါ။ ထို့ကြောင့်ပင် ယနေ့ကာလတွင် အနောက်အုပ်စု အင်အားကြီးနိုင်ငံအချို့က မြန်မာနိုင်ငံ၏ ပြည်တွင်းရေးပြဿနာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် အမျိုးသမီးနှင့် ယင်း၏ ပါတီအကျိုးစီးပွား(နိုင်ငံတော်အာဏာရယူရေး)အတွက် ရုပ်သေးအစိုးရအဖြစ် ပုံလောင်းအရောင်ဆိုးရေးကို ရှေးရှုပြီး အာဆီယံအဖွဲ့ပြိုကွဲရေး လုပ်ကြံမှုဖြင့် စနစ်တကျ သပ်လျှိုလှုံ့ဆော်လျက်ရှိသည်။

မည်သို့ဆိုစေ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံငယ်ကလေးပင်ဖြစ်သော်လည်း မည်သည့်အင်အားကြီးနိုင်ငံ၏ အလိုကျ ပါဝင်စွက်ဖက် ကျူးကျော်ခြယ်လှယ်မှုကိုမျှ ငုံ့မခံဘဲ ခုခံကာကွယ်လျက်ရှိသည်မှာ အရှေ့တောင်အာရှဒေသ၏ တည်ငြိမ်အေးချမ်းရေးကို အထောက်အကူပြုလျက်ရှိသည်ဟု ဆိုချင်ပါသည်။ အကယ်၍ မြန်မာနိုင်ငံသည် အင်အားကြီးနိုင်ငံ တစ်နိုင်ငံ၏ ဗိုလ်ကျစိုးမိုး အနိုင်ကျင့်မှုအောက်သို့ လက်မြှောက်အရှုံးပေးပြီး အခြွေအရံလက်ဝေခံနိုင်ငံအဖြစ် အရောင်ဆိုးခံလိုက်ရပါက နောက်တစ်ဆင့်တွင် ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများ၏ တည်ငြိမ်အေးချမ်းမှုကို အန္တရာယ်ပြုလာမည်မှာ မြေကြီးလက်ခတ်မလွဲဟု ရဲရဲဆိုလိုက်ပါသည်။

ချုပ်၍ဆိုရလျှင် မြန်မာနိုင်ငံသည် မိမိနိုင်ငံနှင့် မိမိဒေသတွင်း အိမ်နီးချင်းနိုင်ငံများ၏ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးအတွက် မည်သည့် အင်အားကြီးနိုင်ငံ၏ ဗိုလ်ကျစိုးမိုး အနိုင်ကျင့်ခြယ်လှယ် ကျူးကျော်မှုကိုမျှမခံဘဲ ရဲရင့်ပြတ်သားခိုင်မာစွာ ကာကွယ်သွားမည်သာဖြစ်သကဲ့သို့ ယင်းသည်ပင်လျှင် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့၏ **ထာဝရ ခိုင်မာပြတ်သားသော ရပ်တည်ချက်**ပင် ဖြစ်သည်ဟူ၍ ဆိုလိုက်ပါသည်။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၉-၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြပဟန်ဂီတသံ
- **၄:၂၅** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၄၅** ၇။ မျိုးချစ်တပ်မတော်
- **၄:၅၅** ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၀၀** ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
  - (က) ဒုတိယနှစ်(ဘောဂဗေဒ)
  - (ခ) ဒုတိယနှစ် (မြန်မာစာ)
- **၅:၃၀** ၁၀။ မြဝတီမဂ္ဂဇင်းကဏ္ဍ
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆:၃၅** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၆:၄၅** ၁၇။ မြန်မာ့လက်သီး
- **၇:၀၀** ၁၈။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း လင်နဲ့မယား (အပိုင်း-၂)**
- **၈:၀၀** ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၂၀။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
  - ၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း သူငယ်ချင်းသုံးဖော် (အပိုင်း-၁၄)**
  - ၂၃။ သင့်အတွက်မနက်ဖြန်
  - ၂၄။ အပိတ်နှုတ်ဆက်စကား
  - ၂၅။ ပြီးပါပြီ။

နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားမည်

ရန်ကုန် ဩဂုတ် ၃၁

ပဲခူးတိုင်း ကဝမြို့နယ် သက္ကလစ်ပြကျေးရွာ ဥတ္တရာဂုံမဟာစည်သာသနာ့ရိပ်သာ ဝါတွင်းသုံးလ တရားစခန်းပွဲတွင် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ စန္ဒိမာ၏ (၅၃)နှစ်မြောက် ဝိဇာတမင်္ဂလာနှင့်တော်သလင်းလဆန်း၈ရက်တွင် အလှူငွေ ဂုဏ်ပြုလွှာချီးမြှင့်မည်ဖြစ်သည်။ တော်သလင်းလဆန်း ၇ရက် ညဂနာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးအပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုသင်တန်းကျောင်းမှ ဘဒ္ဒန္တ စန္ဒန(ဓမ္မာစရိယ)က နိဗ္ဗာန်ရောက်ကြောင်းတရားများဟောကြားမည်ဖြစ်သည်။(က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ရန်ကုန်မြို့နှင့်အလှမ်းမဝေးတဲ့ ညောင်နှစ်ပင်စခန်းဝယ်

သတင်းစာပညာသင်တန်း ၁/၂၀၀၃ ဆောင်းပါးပြိုင်ပွဲတတိယဆုရစာမူ

ခင်စန္ဒာမြင့် (မြန်မာ့ရုပ်မြင်သံကြား)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်ပါနိုင်ရေးအတွက် အဘက်ဘက်က ကြိုးပမ်းမြှင့်တင်ပေးလျက်ရှိသည်။ မြို့ရွာဒေသများနှင့် နယ်စပ်ဒေသများပါမကျန် ပြည်နယ်နှင့် တိုင်းအနှံ့ ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံထောင့်စုံမှ အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်နေသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည်။ နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေ လုံလောက်စွာရရှိနိုင်စေရန် နည်းလမ်းအသွယ်သွယ်ဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုသည် နေရာဒေသများအလိုက် ရဲနွယ်၊ ဘိုင်းဒါး အခြေခံ၍ စိုက်ပျိုးနေသော ဟင်းသီးဟင်းရွက်ဇုန်၊ အောင်ပန်း၊ ကလောဟင်းသီးဟင်းရွက် ဇုန်များ၊ တပ်ကုန်းဒေသတွင်းရှိ ဟင်းသီးဟင်းရွက်ဇုန်များ၊ အင်းမ၊ ဝက်ပုတ်၊ ရွှေတောင်၊ ကျီးသဲစသော ဒေသများရှိ ဟင်းသီးဟင်းရွက်ဇုန်များရှိရာ ၎င်းဒေသများ၌ ဒေသ၏ ရာသီဥတုအပေါ် အခြေခံ၍ စိုက်ပျိုးကြသည်။ မိုးရာသီ၊ နွေရာသီတို့တွင် ဟင်းသီးဟင်းရွက် မစိုက်ပျိုးနိုင်ဘဲ ရှိကြသည်။

ယင်းကဲ့သို့ ရာသီဥတုအပေါ် အခြေခံ၍ စိုက်ပျိုးနေကြရသောကြောင့် ဈေးကွက်တွင် ပစ္စည်းရောက်ရှိမှုပေါ်မူတည်၍ ဈေးနှုန်းအတက်အကျ ဖြစ်ပေါ်လျက်ရှိသည်။ ယခုအခါ ရန်ကုန်မြို့တော်တွင် လူဦးရေ ငါးသန်းကျော် ရှိနေပြီဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လူနေသိပ်သည်း ထူထပ်သော ရန်ကုန်မြို့တော်နေ ပြည်သူများအတွက် အခြေခံစားနပ်ရိက္ခာ လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရန် ရန်ကုန်မြို့တော် ပတ်ဝန်းကျင်ဒေသတွင် စိုက်ပျိုးရေး၊ မွေးမြူရေး အထူးဇုန်များ ထူထောင်ရန် လမ်းညွှန်မှု ပေးခဲ့သည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ မှော်ဘီမြို့ ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်ကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ဥတိုဒေသတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက စပါး၊သား၊ငါးနှင့် အခြားသီးနှံ စိုက်ကွင်းကြီးများကို အကောင်အထည်ဖော်နေသည်။

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော သတင်းစာပညာ သင်တန်းအမှတ်စဉ်(၁/၂၀၀၃) သင်တန်းသား၊ သင်တန်းသူများသည် သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများ၏ စီမံဆောင်ရွက်ပေးမှုတို့ကြောင့် ၁-၈-၂၀၀၃ ရက်နေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်ရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန် (ညောင်နှစ်ပင်)သို့ ရောက်ရှိ လေ့လာခွင့်ရရှိကြသည်။

အဆိုပါ အထူးဇုန်သည် ရန်ကုန်မြို့ မြောက်ဘက် မိုင် ၃၀ ခန့်အကွာ မှော်ဘီမြို့နယ် ညောင်နှစ်ပင် ကျေးရွာအနီး တည်ရှိသည်။ မှော်ဘီမြို့နယ် ညောင်နှစ်ပင် ကျေးရွာ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန်သည် ရန်ကုန်မြို့နှင့် လမ်းကြောင်းလေးသွယ် ဆက်သွယ် သွားလာနိုင်သဖြင့် စိုက်ပျိုးထုတ်လုပ်ပြီး ထုတ်ကုန်များကို အလွယ်တကူ ဖြန့်ဖြူးရောင်းချနိုင်သည်။ အဆိုပါ ညောင်နှစ်ပင်ဒေသသည် ယခင်နှစ်ပေါင်းများစွာ စိုက်ပျိုးခြင်းမရှိခဲ့သော မြေလွတ်မြေရိုင်းများဖြစ်သည်။

မြန်မာတို့၏ စားသုံးမှုဓလေ့တွင် ဟင်းသီးဟင်းရွက်သည် မပါမပြီးဆိုသလို လက်ရှိမြန်မာနိုင်ငံ လူဦးရေ (၅၂)သန်းရှိရာမှ ယခုလက်ရှိလူဦးရေနှင့် ဟင်းသီးဟင်းရွက်စားသုံးမှုသည် ဖူလုံမှုရှိနေသေးသော်လည်း နောင်လူဦးရေသန်း ၇၀ ခန့်ရှိလာလျှင် ဟင်းသီးဟင်းရွက် ထုတ်လုပ်မှု တိုးတက်ဖို့ အမှန်တကယ် လိုအပ်လာမည်ဖြစ်သည်။ အဆိုပါအချက်ကို နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ကြီးကြီးနှင့် ထောက်ပြလမ်းညွှန်ပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို တာဝန်ပေးခဲ့ရာမှ အဆိုပါညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေး အထူးဇုန်ကြီး ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန် နယ်မြေသို့ အခါအားလျော်စွာ လာရောက်၍ ကြည့်ရှုစစ်ဆေး လမ်းညွှန်မှာကြားခဲ့သည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အထူးဇုန်စီမံကိန်း စတင်ဆောင်ရွက်သည့်နေ့မှ တစ်လကျော်ကြာ ၂၀၀၀ပြည့်နှစ် ဇွန်လ၁၉ ရက်နေ့မှာ ပထမအကြိမ်၊ ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာ ၁၁ရက်နေ့မှာ ဒုတိယအကြိမ်၊ ၂၀၀၁ ခုနှစ် မေလ ၁၅ရက်နေ့မှာ တတိယအကြိမ်နှင့် ၂၀၀၁ ခုနှစ် ဒီဇင်ဘာလမှာ စတုတ္ထအကြိမ်ရောက်ရှိ၍ ကြည့်ရှုစစ်ဆေးလမ်းညွှန် မှာကြားခဲ့သည်။ အလားတူပင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) သည် ၂၀၀၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် တစ်ကြိမ်၊ ၂၀၀၁ ခုနှစ်ဇွန်လ ၃၀ရက်နေ့တွင်တစ်ကြိမ် လာရောက်ကြည့်ရှု စစ်ဆေးလမ်းညွှန်မှာကြားခဲ့သည်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်ရှိ မြေတည်ရှိမှုအခြေအနေမှာ မှော်ဘီမြို့နယ်အတွင်း၁၈၂၆ဧက၊ လှည်းကူးမြို့နယ်အတွင်း ၁၀၆၂၇ ဧက တည်ရှိပြီး စုစုပေါင်းမြေဧရိယာ ၁၂၄၅၃ ဧကဖြစ်သည်။ မှော်ဘီမြို့နယ် ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန်ကို ၂၀၀၀ ပြည့်နှစ်မေလ ၁၆ ရက်နေ့က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

သတင်းစာပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၃)မှ သင်တန်းသား၊ သင်တန်းသူများ မှော်ဘီမြို့နယ်ရှိ ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးဇုန်(ညောင်နှစ်ပင်)အတွင်း ကြည့်ရှုလေ့လာစဉ်။ ဓာတ်ပုံ-ကျော်ဇေယျ(သတင်းစဉ်)

ယင်းဒေသ၏ အသုံးမပြုခဲ့သည့်ဧကမြေ တစ်သောင်းနှစ်ထောင့်လေးရာနှစ်ဆယ့်ခုနစ်ဧကကို လမ်းများဖောက်ခြင်း၊ ရေမြောင်းတူးခြင်းဖြင့် မြေကွက်တစ်ယူနစ်လျှင် ငါးဧကရှိ မြေကွက်များဖော်ထုတ်ပြီး စိုက်ပျိုးမြေ ၇၆၇၁ ဧက၊ ကြက်မွေးမြူရေးမြေ ၁၉၈၃ ဧက၊ ငါးမွေးမြူရေးမြေ ၇၈၃ ဧက၊ စက်မှုဇုန်မြေ ၁၅၅ ဧက၊ ရွာမြေ ၆၅၁ ဧက၊ လမ်း၊ မြောင်းမြေ ဧက ၁၂၁၀ စုစုပေါင်း ၁၂၄၅၃ ဧက အသုံးပြုပြီး ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေး အထူးဇုန်ကို တည်ထောင်ထားသည်။ စိုက်ပျိုးရေးနှင့် ကြက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မရနိုင်သည့် အင်းမြေနှင့် ရေဝပ်ဧရိယာများကို ငါးကန်များအဖြစ် ၆၁၅ဧက တူးဖော်လျက်ရှိသည်။ ယခုအခါ ငါးကောင်ရေ ၁၁၁၄၁၀၀ကောင် မွေးမြူထားရှိလျက်ရှိသည်။ ထွက်ရှိသော ဟင်းသီးဟင်းရွက်နှင့် သား၊ငါးများ စည်သွပ်လုပ်ငန်း ဆောင်ရွက်နိုင်ရန် စက်မှုဇုန်မြေအဖြစ် ၁၅၅ဧက ထားရှိဆောင်ရွက်လျက်ရှိသည်။ အထူးဇုန်(၁)ကို ပုဂ္ဂလိကနှင့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအားလည်းကောင်း၊ အထူးဇုန်(၂)ကို ပုဂ္ဂလိကအဖွဲ့အစည်းများအားလည်းကောင်း၊ အထူးဇုန်(၃)ကို ပုဂ္ဂလိက လုပ်ငန်းရှင်များအားလည်းကောင်း ခွဲဝေချထားပေးသည်။ မှော်ဘီမြို့နယ် ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန်ကို ရည်ရွယ်ချက်ငါးရပ်နှင့် တည်ထောင်အကောင်အထည်ဖော်ခဲ့သည်။ ၎င်းတို့မှာ (၁) မြို့တော်နေပြည်သူများ လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်နှင့် သား၊ ငါးများ စားသုံးနိုင်ရန်၊ (၂) မြို့တော်အခွန်လွတ်ဈေးများတွင် စဉ်ဆက်မပြတ် ရောင်းချပေးနိုင်ရန်၊ (၃) ကုန်ဈေးနှုန်းတည်ငြိမ်စေရန်၊ (၄)နိုင်ငံခြားဈေးကွက်ဝင် ဟင်းသီးဟင်းရွက်၊ သား၊ ငါးများ ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ရန်၊ (၅) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင်များ ဝင်ငွေတိုးစေရန် တို့ဖြစ်သည်။ အထူးဇုန် စီမံကိန်းလုပ်ငန်းတွင် ပုဂ္ဂလိကကုမ္ပဏီအဖွဲ့အစည်းများနှင့်အတူ ဝန်ကြီးဌာနခြောက်ဌာနကလည်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေရရှိရေးအတွက် ငမိုးရိပ်လက်ယာမြောင်း တူးဖော်ခြင်းလုပ်ငန်း၊ ကလီထော်ရေလှောင်တမံမှ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ သောက်သုံးရေများအတွက် စက်ရေတွင်းများ တူးဖော် ဆောင်ရွက်လျက်ရှိသည်။ အထူးဇုန်အတွင်း ၂၀၀၁-၂၀၀၂ ခုနှစ် မိုးရာသီအတွင်း ဟင်းသီးဟင်းရွက်မျိုးစုံ ၃၂၈၄ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ပွင့်လင်းရာသီတွင် အားလုံးစိုက်ပျိုးရန် ပြင်ဆင်လျက်ရှိသည်။ အထူးဇုန်အတွင်း မွေးမြူရေးဆောင်ရွက်ထားရှိမှု အခြေအနေမှာ ညောင်နှစ်ပင် အထူးဇုန်အတွင်း ကြက်မွေးမြူရေးအတွက် ဧရိယာဧက ၂၂၅၀ ဆောင်ရွက်ရန် ရည်မှန်းထားရှိပြီး ဧက ၂၀၀မှာ ဆောင်ရွက်ပြီး ဖြစ်သည်။ အဆိုပါ ဧရိယာ ဧက ၂၀၀ တွင် ကြက်မွေးမြူရေးခြံပေါင်း ၄၉ခြံ တည်ဆောက်ထားရှိပြီး ကြက်ကောင်ရေ ၁၁ သိန်းကျော် မွေးမြူထားရှိပြီးဖြစ်သည်။ ပွင့်လင်းရာသီတွင် ကြက်ကောင်ရေပေါင်း ၁၀ သန်းကျော် မွေးမြူထုတ်လုပ်မည်ဖြစ်သည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသည် ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် အထူးဇုန်တွင် ကြက်ဟင်းခါး၊ ကြက်သွန်နီ၊ ခရမ်းချဉ်၊ ချဉ်ပေါင်၊ ခရမ်းသီး၊ ဂေါ်ရခါးသီး၊ ဂေါ်ဖီထုပ်၊ ငရုတ်ခြောက်၊ ငရုတ်ချို၊ တိုင်ထောင်ပဲ၊ တိုင်လွတ်ပဲ၊ ပန်းမုန်လာစိမ်း၊ ပန်းမုန်လာ၊ ပဲလင်းမြွေ၊ ပြောင်းချို၊ ဖရုံ၊ သခွား၊ ဖရဲ၊ ဘူးသီး၊ မုန်လာဥ၊ မုန်ညင်းစိမ်း၊ ဖြူ၊ ရွှေဖရုံသီး၊ သခွားမွှေး၊ ရုံးပတီသီး၊ ဟင်းစားပြောင်းနှင့် အာလူးတို့ကို စိုက်ပျိုးထုတ်လုပ်ရာ၌ အချို့သော သီးနှံများသည် ရာသီမရွေး မထုတ်လုပ်နိုင်ခြင်းကြောင့် ဈေးနှုန်းကြီး၍ ပစ္စည်းမှာလည်း ရှားပါးတတ်သည်ကို အဆင့်မြင့်နည်းပညာဖြင့် နှစ်လုံးပေါက်သီးနှံ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ရာသီဥတုကိုအန်တုပြီး စိုက်ပျိုးနိုင်သော နည်းပညာကို ဖြန့်ဖြူးပေးလျက်ရှိသည်။ ယင်းနည်းပညာမှာ ခေတ်မီနည်းပညာဖြစ်၍ ယင်းနည်းပညာကို နမူနာစိုက်ပျိုး ပြသထားသည်။ ယင်းစမ်းသပ်စိုက်ခင်းများကို တရုတ်သံအမတ်ကြီးအကူအညီဖြင့် ယွမ်ရှစ်သိန်း အကုန်အကျခံကာ ဆောင်ရွက်ပေးလျက်ရှိသည်။ အထူးဇုန်ရှိ Green House ဆန်ခါရုံ ၂၄ရုံတွင် အပူရှိန်လေထုတ်ပေးနိုင်အောင် စီစဉ်ထားခြင်း၊ အပူချိန်များညီအောင် ညှိပေးခြင်း၊ မြေကြီးကိုအစိုပြန်အောင် လုပ်ခြင်းစသော နည်းပညာများဖြင့် လက်တွေ့လုပ်ပြထားသည်ကို တွေ့မြင်ရသည်။

ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် အထူးဇုန်တွင် စိုက်ပျိုးရေးနည်းပညာ ဖြန့်ဖြူးရုံသာမက ဇီဝဓာတ်ခွဲနည်းပညာဖြင့် အပင်များကို မျိုးစေ့၊ ကိုင်းများမှ မပွားဘဲ တစ်သျှူး (Tissue) မှ ပွားသောနည်းပညာကို ဆောင်ရွက်ပေးလျက်ရှိသည်။ ညောင်နှစ်ပင် ဟင်းသီးဟင်းရွက်ဇုန်တွင် ဟင်းသီးဟင်းရွက်နှင့် အခြားသီးနှံများ စိုက်ပျိုးရာတွင် ပိုးမွှားများ နှိမ်နင်းခြင်းလုပ်ငန်း အထူးသဖြင့် ဟင်းသီးဟင်းရွက်ကဲ့သို့သော မီးဖိုဆောင်သုံးသီးနှံ များတွင် ပိုးမွှားအန္တရာယ်မှ ကင်းရှင်းရေးကိုလည်းကောင်း၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ ပတ်ဖျန်းဆေးများကို သုံးစွဲရာ၌ စားသုံးသူများ အန္တရာယ်ကင်းဝေးစေရန် သုံးစွဲနည်းများကို ပညာပေး ဆောင်ရွက်ပေးလျက်ရှိသည်။ မှော်ဘီမြို့နယ် ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေး အထူးဇုန်တွင် စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှု ကော်မတီများ ဖွဲ့စည်းထားရှိပြီး အဆိုပါကော်မတီမှာ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်ပြီး ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းထားရှိသည်။ အဆိုပါ ကြီးကြပ်မှုကော်မတီအောက်မှာ စိုက်ပျိုးရေး၊ နည်းပညာနှင့် ပံ့ပိုးမှုလုပ်ငန်း ဆပ်ကော်မတီ၊ စိုက်ပျိုးရေး၊ ပိုးမွှားရောဂါကာကွယ်ရေးနှင့် ပညာပေးလုပ်ငန်းဆပ်ကော်မတီ၊ မွေးမြူရေးနည်းပညာနှင့် ပံ့ပိုးမှုလုပ်ငန်း ဆပ်ကော်မတီ၊ မွေးမြူရေး ကာကွယ် နှိမ်နင်းရေးနှင့် ပညာပေးလုပ်ငန်း ဆပ်ကော်မတီ၊ ဈေးကွက်ရှာဖွေရေးနှင့် ရောင်းချရေး ဆပ်ကော်မတီ၊ ဆောက်လုပ်ရေး လျှပ်စစ်နှင့် ရေရရှိရေးလုပ်ငန်း ဆပ်ကော်မတီ၊ စည်းကမ်း ထိန်းသိမ်းရေးနှင့် လုံခြုံရေးလုပ်ငန်း ဆပ်ကော်မတီ စသည့် ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်မှာ စိုက်ပျိုးမွေးမြူလိုသူများအတွက် အထူးဇုန်ကြီးကြပ်မှု ကော်မတီက ကြေညာချက်တစ်ရပ် ထုတ်ပြန်ထားသည်။ အဆိုပါကြေညာချက်မှာ (၁) စိုက်ပျိုးမွေးမြူလိုသူများအား မြေငါးဧက အခမဲ့ပေးမည်။ (၂)လမ်းဖောက်၊ ဂဝံခင်း၊ လျှပ်စစ် မီးလိုင်းနှင့် မီးရရှိရေးအတွက် ကိုယ့်အားကိုယ်ကိုး၍ သတ်မှတ်ငွေပေးသွင်းရမည်။ (၃) စားဖိုဆောင်သီးနှံနှင့် ဟင်းသီးဟင်းရွက်၊ ကြက်၊ ငါးများကိုသာ စိုက်ပျိုးမွေးမြူရမည်။ (၄)နှစ်ရှည်ပင်အား ခြံစည်းရိုးပတ်လည်တွင်သာ စိုက်နိုင်သည်။ အကွက်အလယ်၌ လုံးဝမစိုက်ရ၊ ခြံစည်းရိုးတွင်ဆူးပုပ်၊ ကင်ပွန်းချဉ်၊ သပြေ၊ ပြည်ပန်းညို၊ ဒန့်သလွန်၊ ကြောင်လျှာ၊ သံပရာ၊ ရှောက်၊ ကျွဲကော၊ လိမ္မော်၊ ကွမ်းသီး၊ အုန်း၊ ငှက်ပျော၊ သဘော်စသည့် အပင်လတ်အုပ်စုများသာ စိုက်ရမည်။ (၅)စိုက်ပျိုးမွေးမြူနေသည့် ကာလပတ်လုံး ရာသက်ပန် ဂရန်ပေးမည်။ တစ်နှစ်ပတ်လုံး စိုက်ပျိုးမွေးမြူမှု မရှိပါက ပြန်သိမ်းမည်။ ငွေပြန်မအမ်းပါ။ (၆)ဇုန်ကြီးကြပ်ရေး ကော်မတီ၏ အစီအစဉ်ဖြင့် ညှိနှိုင်းသည့်ကိစ္စမှအပ သီးနှံနှင့် ကြက်၊ ငါးများကို ပြည်တွင်း၊ ပြည်ပ သို့လွတ်လပ်စွာ ရောင်းချနိုင်သည်။ (၇)စဉ်ဆက်မပြတ် ငါးနှစ်စိုက်ပျိုးပြီး လုပ်ကိုင်ခွင့်ပြောင်းလဲလိုပါက တည်ဆဲမြေယာဥပဒေများနှင့် အညီ ပြောင်းလဲချထားခွင့်ပြုမည်။ (၈)နိုင်ငံခြားသားအား ရောင်းချခြင်း၊ မည်သည့်နည်းနှင့်မျှ ပိုင်ဆိုင်ခွင့်ပေးခြင်း ခွင့်မပြု(မပြု)။ (၉)စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆက်စပ်သည့် စက်မှုလုပ်ငန်းများဆောင်ရွက်ခွင့်အား လျှောက်ထားပါက စိစစ်ခွင့်ပြုပေးမည်။ (၁၀)ဇုန်ကြီးကြပ်ရေးကော်မတီ၏ စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။ စည်းကမ်းဖျက်ပါက မြေသိမ်းဆည်းခြင်းခံရမည် စသည်ဖြင့်ဖော်ပြထားသည်။

ထိုသို့ဆောင်ရွက်ရာတွင် အထူးဇုန်၏ ရည်ရွယ်ချက်ငါးရပ်မှာ ပါရှိသည့်အတိုင်း ပြည်တွင်း၌ လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်နှင့် သားငါးများ စားသုံးနိုင်ရန် သာမကပြည်ပနိုင်ငံများသို့ ဈေးကွက်ဝင်ဟင်းသီးဟင်းရွက်၊ သားငါးများ ထုတ်လုပ်ရောင်းချနိုင်သည်အထိ ရည်ရွယ်ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပုပ္ပားကျောင်းတိုက် အဓိဋ္ဌာန်အောင်ပွဲ ကျင်းပမည်

✡ ရှေ့ဖုံးမှ

အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ညီလာခံ ကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေးကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က ရှင်းလင်းတင်ပြရာတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ကြီးမှူးကျင်းပသော ထောင်စုနှစ်သစ် ဘာသာရေးခေါင်းဆောင်များ ထိပ်သီးညီလာခံ၊ ဘာသာပေါင်းစုံ ချစ်ကြည်ရေးငြိမ်းချမ်းရေး ဆွေးနွေးပွဲများ၊ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးများကိုလည်း ဘာသာရေးခေါင်းဆောင်များက ကျင်းပခဲ့ကြကြောင်း၊ နင်ဘူးစုရှုဂျပန် ဗုဒ္ဓဘာသာအဖွဲ့သည် ထိုင်း၊ကမ္ဘောဒီးယားနိုင်ငံတို့၌ ဒုတိယအကြိမ်နှင့် တတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ပူးပေါင်းကျင်းပပြီးနောက်တွင် မြန်မာနိုင်ငံ၌ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ပူးပေါင်းကျင်းပရန် ကမ်းလှမ်းခဲ့ကြောင်း။

အချက်အချာနိုင်ငံ

ညှိနှိုင်းဆွေးနွေးခဲ့

ရှင်းလင်းတင်ပြ

မှာကြား

အကျိုးကျေးဇူးဖြစ်ထွန်း

ရန်ကုန်မြို့ဝန်းကျ... သန်လျင်၊ ခရမ်း။

အခမ်းနားဆုံး

စီမံချက်ရေးဆွဲ

ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ ဝန်ကြီး ဦးဝင်းအောင် သဝဏ်လွှာပေးပို့

ရန်ကုန်   စက်တင်ဘာ   ၁

၂၀၀၃ခုနှစ် စက်တင်ဘာ ၁ရက်၌ ကျရောက်သော ဥဇဘက်ကစ္စတန် သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ဥဇဘက်ကစ္စတန် သမ္မတ နိုင်ငံ-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆာဒိ(ခ်)၊အက်စ်၊ ဆာဖာအဲ(ဗ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဥ်)

မြန်မာလူငယ် ယူ-၁၉ နှင့် ယူ-၁၇ အထူးခြေစမ်းပွဲ အရှုံးအနိုင်မပေါ်ဘဲ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်ရပြန်

သတင်းဆောင်းပါး -ညီညီစိုးညွန့်

ရန်ကုန်   ဩဂုတ်   ၃၁

နိုင်ငံတကာ လူငယ်ပြိုင်ပွဲများအတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသော အသက်(၁၉)နှစ်အောက် မြန်မာလူငယ်အသင်းနှင့် အသက်(၁၇)နှစ်အောက် မြန်မာလူငယ်အသင်းတို့၏ အထူးခြေစမ်းပွဲကို ယနေ့ညနေ ၄နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

မြန်မာလူငယ်(ယူ-၁၉)အသင်း။ တစ်ဂိုး။
(အောင်ဇော်မျိုး ပိုင်နယ်တီ)
မြန်မာလူငယ်(ယူ-၁၇)အသင်း။ တစ်ဂိုး။
(အောင်သန်းဝင်း)
ဒိုင်လူကြီး ဦးသိန်းမြိုင်။

ယခုနှစ် မေလတွင် တစ်ကြိမ်၊ ဇူလိုင်လတွင် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် ခြေစမ်းခဲ့ဖူးရာ နှစ်ကြိမ်စလုံး အရှုံးအနိုင်မပေါ်ခဲ့သော ထိုနှစ်သင်းသည် ယနေ့ တတိယအကြိမ်မြောက် တွေ့ဆုံရာတွင်လည်း နှစ်သင်းစလုံး တက်ကုန်ရှက်စုံဖွင့် ကစားကြသော်လည်း အရှုံးအနိုင်မပေါ်ဘဲ သရေပွဲ ဖြစ်ခဲ့ပြန်သည်။

ယနေ့ပွဲတွင် နှစ်သင်းစလုံး၏ ကစားပုံများ အနည်းငယ် ကြမ်းခဲ့ကြရာ ပြိုင်ပွဲတွင် အဝါကတ်၊ အနီကတ်များနှင့် ပြစ်ဒဏ်ဘောလုံးများကလည်း သတိပြု ဆင်ခြင်စရာ ဖြစ်သည်။

ပွဲအပြီးတွင် ကြေးမုံက နှစ်ဖက်အသင်းများအား တွေ့ဆုံမေးမြန်းကာ ယနေ့ပွဲအခြေအနေကို ပရိသတ်အား တင်ပြလိုက်ရပါသည်။

(ယူ-၁၇)အသင်း နည်းပြချုပ် ဦးသန်းထိုက်က "မိမိတို့အသင်းက ယူ-၁၉ အသင်းထက် အတွေ့အကြုံ၊ ဘောလုံးပညာများ အားနည်းကြသောကြောင့် ကလေးတွေက ခွန်အားသုံးပြီး မြန်မြန် ကစားခဲ့ပါတယ်၊ သို့သော် အသင်းဟာ အပေးအယူ၊ အထိန်းအသိမ်း အားနည်းနေသေးတယ်။ ဒီလို ကိုယ့်ထက်သာသော အသင်းများနှင့် ခြေစမ်းရ၍ ကိုယ့်အားနည်းချက်များကို တွေ့ခဲ့ရပါတယ်၊ အသင်းကို ပို၍ကောင်းအောင် ဆက်လက်ပြင်ဆင်သွားမှာပါ"ဟူ၍ ပြောကြားသွားသည်။

(ယူ-၁၉)အသင်း နည်းပြ ဦးထွန်းတင့်အောင်က "ယနေ့ပွဲ မိမိတို့အသင်းမှကလေးများ ကစားပုံ မဆိုးကြောင်း၊ ၁၀ယောက်တည်း ဖြစ်သွားချိန် ကစားပုံမှာ ပိုကောင်းခဲ့ကြောင်း၊ ယူ-၁၇ အသင်းဟာလည်း ပြိုင်ပွဲအတွက် ပြင်ဆင်နေတဲ့အသင်းဖြစ်၍ ယနေ့ပွဲ ကစားပုံကို ကြည့်ရလျှင် မိမိတို့ရဲ့ မျိုးဆက်သစ် လူငယ်အသင်းဟာ အားရဖွယ်ရှိပါကြောင်း" ပြောကြားသွားသည်။

ယနေ့ပွဲ

အဆင့်မြင့်တန်းကွင်းဖွင့်ပွဲ
ညနေ ၃ နာရီခွဲ
(အောင်ဆန်းကွင်း)
သစ်တောရေးရာနှင့်ကာကွယ်ရေး။
(ကြေးမုံ)

ပုဂ္ဂလိကကဏ္ဍ?

ပုပ္ပားကျောင်းတိုက်
အဓိဋ္ဌာန်ဘောင်ပွဲ
ကျင်းပခည်

စီးပွားကူးသန်း ရှေ့သို့လှမ်း

ရန်ကုန်မြို့ဝန်းကျင် လယ်မြေဧက လေးသိန်းကျော် နွေရာသီတွင် တိုးတက်စိုက်လာနိုင်ပြီး သန်လျင်၊ ခရမ်း၊ သုံးခွ၊ ကျောက်တန်းမြို့နယ်များ ရာသီမရွေးစပါးစိုက်ပျိုးဖြစ်ထွန်းမည်

အကျိုးကျေးဇူးဖြစ်ထွန်း

အမြန်ဆုံးဆောင်ရွက်

ဤစီမံကိန်းကြီး အောင်မြင်အကောင်အထည် ပေါ်လာသည်နှင့်အမျှ ရန်ကုန်မြို့ဝန်းကျင်တွင် လယ်မြေဧက လေးသိန်းကျော် နွေရာသီတွင် တိုးတက်စိုက်ပျိုးလာမှာဖြစ်သည့်အပြင် ယခင်က မိုးရာသီတိုင်းအတွင်း စိုက်ပျိုးနိုင်သည့် မြေ ၉၄၈၁၈၁ ဧကရှိရာ မိုးရာသီတွင် အပြည့်အဝနီးပါး စိုက်ပျိုးနိုင်ပြီး ဧက ၂၀၀၀၀ခန့်သာ မစိုက်ပျိုးနိုင်ဘဲ ကျန်ရှိနေကြောင်း၊ ကျန်ရှိနေသည့် စိုက်ဧက အပြည့်အဝ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေ၊ နွေရာသီ စိုက်ပျိုးရေးနှင့် ပတ်သက်၍ ပဲခူးမြစ်အရှေ့ခြမ်းတွင် မိုးယွန်းကြီးအင်းမှ ရေသွယ်မြောင်းများ တူးဖော်ခြင်း၊ ရွှေလေ့ ရေတံခါး တည်ဆောက်ခြင်း၊ ခရမ်းချောင်း ရေတံခါးများ တည်ဆောက်ခြင်းတို့ကြောင့် နွေရာသီတွင် သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်းမြို့နယ်များတွင် ဧက ၅၇၀၀၀ခန့် တိုးတက်စိုက်ပျိုးနိုင်မည့်အခြေအနေ။

ဒုတိယပိုင်းအနေဖြင့် လှိုင်မြစ်အနောက်ခြမ်း တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ထန်းတပင်ဒေသများ တန်းမြစ်ရေတင်များ တည်ဆောက်ပြီးဖြစ်ပြီး ရေမြောင်းများ တူးဖော်ရန် ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေ။

၎င်းအပြင် ငမိုးရိပ်ချောင်းပိတ်လုပ်ငန်းကိုလည်း ရေတံခါး တည်ဆောက်မပြီးမီ ယခုနှစ် ချောင်းပိတ်ခြင်းဖြင့် ဧက ၃၀၀၀မှ ဧက ၅၀၀၀ အထိ နွေစပါးတိုးတက်စိုက်ပျိုးမည့် အခြေအနေ၊ ယခုကဲ့သို့ ပြုပြင်ဆောင်ရွက်ခြင်းဖြင့် လှည်းကူးဒေသတွင် ဧက ၂၆၇၀၀ တိုးတက်စိုက်ပျိုးနိုင်မည့် အခြေအနေ၊ ရန်ကုန်တိုင်းအတွင်း ယခုနှစ်တွင် မိုင် ၃၀အတွင်း ရေတံခါးရေနုတ်မြောင်း၊ လျှပ်စစ်မြစ်ရေတင်၊ ဆည်မြောင်းများ ပြုပြင်တည်ဆောက်ပြီး ဧက ၁၂၈၇၀၀ နွေရာသီတွင် တိုးတက်စိုက်ပျိုးရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တူးမြောင်းစနစ်ဖြင့် ရေသွယ်ယူသည့်နည်းလမ်း၊ ခရမ်းချောင်းကို ပိတ်၍ ရေထိန်းတံခါး တည်ဆောက် ခြင်းဖြင့် မိုးရာသီတွင် ရေငန်တားရေကြီးမှုမှ ကာကွယ်ကာ နွေရာသီတွင် ခရမ်း၊ သုံးခွမြို့နယ်များသို့ ရေသွယ်မြောင်းစနစ်ဖြင့် ရေပေးဝေသည့် နည်းလမ်းနှင့် ငမိုးရိပ်ရေလှောင်တမံ လက်ဝဲတူးမြောင်းမကြီး၏ အဆုံးမှရေကို တည်ဆောက်ဆဲ ရန်ကုန်-သန်လျင်တံတား အမှတ်(၂)အထိ သွယ်ယူပြီး ပဲခူးမြစ်ကို ရန်ကုန်-သန်လျင်တံတား အမှတ်(၂)အပေါ် ရေသွယ်ပိုက်လုံးဖြင့်ဖြတ်၍ ရန်ကုန်တောင်ဘက်ခြမ်းရှိ သန်လျင်၊ ကျောက်တန်းမြို့နယ်များ၏ စိုက်ပျိုးဧရိယာများသို့ စိုက်ပျိုးရေရရှိအောင် ဆောင်ရွက် အကောင်အထည်ဖော်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တွင်သာ စပါးစိုက်ပျိုးဖြစ်ထွန်းခဲ့သည့် သန်လျင်၊ ခရမ်း၊ သုံးခွ၊ ကျောက်တန်းမြို့နယ်များတွင် ရာသီမရွေး စိုက်ပျိုးဖြစ်ထွန်းလာမည်ဖြစ်ရာ ယင်းမြို့နယ်လေးမြို့နယ်အတွက် စပါးအထွက် သိသာစွာ တိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း။

ညှိနှိုင်းပေါင်းစပ်

သို့ဖြစ်၍ စီမံကိန်းလုပ်ငန်းများ အောင်မြင် ဖြစ်ထွန်းရေးအတွက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ စီမံကွပ်ကဲမှုဖြင့် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် နိုင်ငံတော်အစိုးရဌာနများ၊ ပံ့ပိုးကူညီရမည့် နိုင်ငံတော်အစိုးရဌာနများ စနစ်တကျ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြရာတွင် ရန်ကုန်

တွင် တည်ဆောက်ပြီး ရေတံခါးများ ပြုပြင်ပေးခြင်း၊ ရေနုတ်မြောင်းများ ထပ်မံပြုပြင် တူးဖော်ပေးခြင်းဖြင့် နွေရာသီတွင် ဧက ၄၅၀၀၀ခန့် တိုးတက် စိုက်ပျိုးနိုင်မည့် အခြေအနေ။

တတိယပိုင်းအနေဖြင့် လှိုင်မြစ်နှင့် ပဲခူးမြစ်အကြား လှည်းကူး၊ ဒဂုံမြို့သစ်၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ တိုက်ကြီးမြို့နယ်များတွင် ငမိုးရိပ် ဆည်ရေသောက်နှင့် တဘူးလှဆည်ရေသောက်ဒေသများဖြစ်၍ ရေမြောင်းများ ဆက်လက်တူးဖော်ခြင်း၊ ပေါင်ဆင့်ခြင်း၊ လယ်ကြားမြောင်းများ တူးဖော်ပေးခြင်းများ မိုးရာသီတွင် ဆောင်ရွက်နိုင်သမျှ ဆောင်ရွက်နေမှု၊ ၎င်းအပြင် လျှပ်စစ်မြစ်ရေတင် စီမံကိန်းများဖြစ်သည့် မှော်ဘီမြို့နယ် ကံကလေးမြစ်ရေတင်၊ ထန်းတပင်မြို့နယ် မြို့ကုန်းမြစ်ရေတင်၊ ရေပေါ်သောင်မြစ်ရေတင်၊ တိုက်ကြီးမြို့နယ် သပြေ

စပါးစိုက်ပျိုးနိုင်မှု

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် ခင်မောင်က ရန်ကုန်တိုင်းအတွင်း မိုးစပါးနှင့် အခြားသီးနှံ စိုက်ပျိုးပြီးစီးမှု အခြေအနေနှင့် နွေစပါးအပါအဝင် အခြားသီးနှံများ ဆက်လက်စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က ခြောက်သွေ့ရာသီတွင် လိုအပ်သော စိုက်ပျိုးရေ ရရှိရန် နည်းလမ်းများဖြစ်သော မိုးယွန်းကြီးအင်းမှရေကို မင်းရွာရေလွှဲပေါက် Escape မှတစ်ဆင့် တူးမြောင်းဖြင့် သယ်ယူပြီး သနပ်ပင်-သုံးခွ ကားလမ်းနံဘေးတစ်လျှောက်

ရေသွယ်ပိုက်လုံး

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက သန်လျင်၊ ကျောက်တန်းမြို့နယ်များ စိုက်ပျိုးရေ ရရှိရေးအတွက် ရန်ကုန်-သန်လျင် တံတားအမှတ်(၂)ပေါ်မှဖြတ်သန်းတည်ဆောက်မည့် ရေသွယ်ပိုက်လုံး တည်ဆောက်မည့် အစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည် စိမ်းလန်းစိုပြည်ရေး၊ လမ်းဘေးဝဲယာနှင့် တစ်အုပ်တစ်မစိုက်ခင်းများ စိုက်ပျိုးထားမှု၊ ရန်ကုန်-ပဲခူးခြောက်လမ်းသွား လမ်းမကြီးနှင့် ရန်ကုန်-ပုသိမ် ခြောက်လမ်းသွား လမ်းမကြီးများ၌ ကျွန်းပင်အပါအဝင် အရိပ်ရအပင်များ စိုက်ပျိုးပြီးစီးမှု အခြေအနေ၊ ၂၀၀၄ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးရန်ပျိုးပင်များ စီစဉ်ထားရှိမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

လေဆိပ်ဝန်းကျင်

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အဝင်၊လေဆိပ်ဝန်းကျင်နှင့် လေယာဉ်ပြေးလမ်းတစ်လျှောက် စိမ်းလန်းစိုပြည်ရေးတို့အတွက် အရိပ်ရပင်၊ အလှပင်၊ နှစ်ရှည်ပင်များ စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ရန်ကုန်မြို့တော် မိုင် ၃၀ ဧရိယာအတွင်း စိုက်ပျိုးမရသော ရေဝပ်ဒေသများတွင် ငါးမွေးမြူရေးကန်များ တူးဖော်ဆောင်ရွက်သွားမည့် အစီအစဉ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ရန်ကုန်မြို့တော် မိုင် ၃၀ ဝန်းကျင် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် ရန်ကုန်မြို့တော်၏ ဧရိယာအတွင်း အရိပ်ရပင်၊ ပန်းအလှပင်နှင့် တောအုပ်စိုက်ခင်းများ စိုက်ပျိုးနေမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရည်မှန်းကြိုးပမ်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့် လျော်ညီစွာ ဖြစ်ထွန်းလာရေး ရည်မှန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ရင်း ရရှိဖြစ်ထွန်းပြီး လုပ်ငန်းများကို ပြုပြင်မွမ်းမံနေမှသာ ခေတ်မီသန့်ရှင်းသာယာလှပသည့်မြို့တော်ကြီးဖြစ်လာမည်ဖြစ်ကြောင်း။

စောစီးစွာပြီးစီးရန်

ရန်ကုန်မြို့တော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ရန်ကုန်မြို့ မိုင် ၃၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံဆောင်ရွက်သွားရန်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်နှင့်အညီ လုပ်ငန်းများ ရည်မှန်းထားသည့်ကာလထက် စောစီးစွာ ပြီးစီးစေရန် ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အောင်မြင် ဖြစ်ထွန်းနေမှုများကို တန့်မနေဘဲ ဆက်လက်တိုးတက်ဖြစ်ထွန်းနေအောင်လည်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အရှိန်အဟုန်မြှင့်တင်

နိုင်ငံတော်အစိုးရအနေဖြင့် မိမိတိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် ပြည်သူများအပေါ် စေတနာထားပြီး ကြိုးပမ်း ဆောင်ရွက်နေခြင်းဖြစ်ရာ ယင်းစေတနာများ ပေါ်လွင်ထိရောက် အကျိုးရှိအောင်၊ ရည်မှန်းချက်တာဝန်များ အောင်မြင်ဖြစ်မြောက်အောင် အခြေခံအဆင့်အထိ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုကြောင်း။

သို့ဖြစ်၍ ရည်မှန်းချက်တာဝန်များ အကောင်အထည်ပေါ် ဖြစ်ထွန်းရေးအတွက် အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁-၉-၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အဆိုပြိုင်ပွဲ
- ၈:၀၀ ၆။ ချစ်စရာအရွယ် ကကြိုးသွယ်
- ၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၂၀ ၈။ နတ်ပန်းချီအလား ဧရာဝတီမြစ်ကူး (မကွေး)တံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၂၅ ၃။ Demonstration Exercises for Correct Pronunciation.
- ၄:၄၀ ၄။ တေးဂီတအစီအစဉ်
- ၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅:၁၀ ၆။ အကပဒေသာ
- ၅:၂၅ ၇။ ၂၀၀၃ခုနှစ် ဇကာဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် ဓမ္မပူဇာတေး
- ၅:၄၅ ၈။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၆:၀၀ ၉။ တေးဂီတအစီအစဉ်
- ၆:၁၅ ၁၀။ Discovery.
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ Milo Success in Soccer.
- ၇:၁၀ ၁၄။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
- ၇:၂၀ ၁၅။ တေးဂီတအစီအစဉ်
- ၇:၃၅ ၁၆။ ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ ဟိုတယ်ချစ်သူ (အပိုင်း-၈)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ဆွေးနွေးမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးနှင့် ဌာနအကြီးအကဲများ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

သားငါးဖွံ့ဖြိုး၊ ပြည့်အကျိုး

❍ **ပတ်ဝန်းကျင်မှ**

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အတွင်းရေးမှူး(၂)တို့အား သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ရှင်းလင်းတင်ပြရာ၌ သစ်တောရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်၏ သဘာဝသစ်တောသယံဇာတ အရင်းအမြစ်များ ရေရှည်တည်တံ့စေရေးလုပ်ငန်းနှင့် နိုင်ငံခြားဝင်ငွေရရှိရေး လုပ်ငန်းများကို အဓိကထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်၏ မြန်မာ့သစ်တော မူဝါဒများနှင့်အညီ မူဝါဒခြောက်ရပ်ချမှတ်၍ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

သစ်တောရေးရာဝန်ကြီးဌာနကို လုပ်ငန်းဌာနတစ်ခုနှင့် ဦးစီးဌာနလေးခုဖြင့် ဖွဲ့စည်းထားပြီး လုပ်ငန်းများကိုကဏ္ဍအလိုက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

အကောင်အထည်ဖော်

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် မိမိ၏ဌာနအလိုက် ပင်မလုပ်ငန်းတာဝန်များအပြင် ရန်ကုန်မြို့ ကန်တော်ကြီးနှင့် တိရစ္ဆာန်ဥယျာဉ် အဆင့်မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်းများ၊ ပြင်ဦးလွင်မြို့ နန်းမြင့်မျှော်စင် တည်ဆောက်ရေးလုပ်ငန်း၊ တုရင်တောင်နှင့် ရွှေပုံတောင် စိုက်ပျိုးရေးလုပ်ငန်းများ၊ သစ်ဆိမ့်ပင်စိုက်ပျိုးရေးလုပ်ငန်းများ စသည့် သီးခြားတာဝန်ပေးခံရသည့် လုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရွှေကျော်၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်း၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင်တို့က ဦးစီးဌာနများနှင့် စီးပွားရေးလုပ်ငန်းဌာနတို့၏ ဖွဲ့စည်းပုံ၊ ဝန်ထမ်းခန့်ထားပြီးစီးမှု၊ လုပ်ငန်းတာဝန်များ၊ နှစ်တိုနှစ်ရှည် စီမံကိန်းရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

အဓိကကဏ္ဍ

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး ရှင်းလင်းမှာကြားရာ၌ သစ်တောရေးရာကဏ္ဍသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော နိုင်ငံခြားငွေ ရှာဖွေပေးနေသည့် အဓိကကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများသည် နိုင်ငံတော်၏ ချမ်းသာကြွယ်ဝမှုများဖြစ်ရာ ယင်းသဘာဝသယံဇာတများကို အကျိုးရှိရှိ အသုံးပြုသကဲ့သို့ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရန်လည်း လိုကြောင်း။

လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြရာ၌ မိမိဝန်ကြီးဌာနနှင့် အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်အရသာမက နိုင်ငံတော်တစ်ရပ်လုံး၏ အကျိုးစီးပွားနှင့် ဆက်စပ်၍ ကျယ်ကျယ်ပြန့်ပြန့်တွေးမြင်ပြီး လုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုကြောင်း။

စိတ်ကောင်းစေတနာကောင်း၊ ဂုဏ်သိက္ခာကောင်းတို့ဖြင့် မိမိဌာန၏ ရည်မှန်းချက်များ၊ ဂုဏ်သိက္ခာများမြင့်မားအောင်မြင်စေရေးကို ဖော်ဆောင်သွားရင်း မိမိတို့နှင့် ထိတွေ့ဆက်ဆံရသော ပြည်သူများနှင့် အဖွဲ့အစည်းများကို မှန်မှန်ကန်ကန် မျှမျှတတအားပေးကူညီ ရိုင်းပင်းသွားကြရမှာဖြစ်ကြောင်း၊ သို့မှသာ ပူးပေါင်းဆောင်ရွက်မှုနှင့် ညီနှိုင်းပေါင်းစပ်မှု အားကောင်းပြီး လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်မည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆွေးနွေးမှာကြား

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာ၌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးနှင့် ဌာနအကြီးအကဲများ၏ ရှင်းလင်းတင်ပြချက်များအရ သစ်တောရေးရာဝန်ကြီးဌာန၏ လက်ရှိဆောင်ရွက်ချက်များ၊ နောင်အနာဂတ်အတွက် ရေရှည်မျှော်မှန်းဆောင်ရွက်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိခွင့်ရသဖြင့် ကျေးဇူးတင်ရှိကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဝင်ငွေရရှိအောင် ဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာန ၁၈ခုရှိကြောင်း၊ ယင်းဝန်ကြီးဌာနများအနက် နိုင်ငံခြားဝင်ငွေကို အဓိကရှာဖွေပေးလျက်ရှိသည့် ဝန်ကြီးဌာန ငါးခုရှိပြီး သစ်တောရေးရာဝန်ကြီးဌာနသည် နိုင်ငံခြားဝင်ငွေ ဒုတိယအများဆုံး ရှာဖွေပေးနေသည့် ဝန်ကြီးဌာနဖြစ်ကြောင်း။

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ယခုနှစ်တွင် လျာထားတာဝန်ပေးထားသည့်အတိုင်း နိုင်ငံခြားငွေ ရရှိရေးအပါအဝင် စီမံကိန်းရည်မှန်းချက်များ ပြည့်မီအောင် အလေးထား လုပ်ကိုင်ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

သဘာဝဝန်းကျင်ထိန်းသိမ်း

တစ်ဖက်ကလည်း သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုမရှိအောင် ထိန်းသိမ်းရေးကို အလေးထား ဆောင်ရွက်သွားရန် အရေးကြီးကြောင်း။

သစ်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာ၌ အလေအလွင့် အပြုန်းအတီးမရှိအောင် စနစ်တကျဆောင်ရွက်ခြင်းဖြင့် ရည်မှန်းချက်များကို ပြည့်မီအောင် စီမံဆောင်ရွက်သွားနိုင်မှာ ဖြစ်ကြောင်း။

ဈေးကွက်သစ်တိုးချဲ့

နိုင်ငံခြားငွေ ပိုမိုရရှိရေးအတွက် ဈေးကွက်သစ်တိုးချဲ့ ရှာဖွေသွားရန်နှင့် သစ်အချောထည်ပစ္စည်းများကို ပိုမိုထုတ်လုပ် တင်ပို့ရောင်းချသွားရန်လိုကြောင်း၊

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးနှင့် ဌာနအကြီးအကဲများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားစဉ်။
(သတင်းစဉ်)

ပြည်တွင်းသုံးစွဲမှုအတွက်လည်း အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးရမှာဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

စီးပွား/ကူးသန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နံနက် ၉နာရီခွဲတွင် ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းများမှ ဌာနအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ပြောင်းလဲကျင့်သုံးလာသည့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နိုင်ငံတော်က ချမှတ်ပေးထားသည့် အခြေခံမူများအပေါ် မူတည်၍ ဝန်ကြီးဌာန၏ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ စီးပွားကူးသန်းရေးသို့ လှမ်းနိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ရည်မှန်းချက်လေးချက် ချမှတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ ပို့ကုန်/သွင်းကုန်မူဝါဒများ၊ စာရင်းမှတ် ကုန်သွယ်မှုစနစ်နှင့် နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ အချက်အလက်များ၊ ပို့ကုန်သွင်းကုန်အမယ်များ၊ အာဆီယံနိုင်ငံများ၊ အခြားနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အေးက ဦးစီးဌာနဖွဲ့စည်းပုံ၊ ဝန်ထမ်းများခန့်ထားမှု၊ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ပြည်တွင်း ပြည်ပ ကုန်စည်ပြပွဲများ ကျင်းပရန် စီစဉ်ဆောင်ရွက်ထားမှုများ၊ ဝန်ထမ်း သက်သာချောင်ချိရှိရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေး

ထို့နောက် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းနှင့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်တို့က မိမိတို့ဌာနများ၏ လုပ်ငန်းဆိုင်ရာ ရည်ရွယ်ချက်များ၊ ဝန်ထမ်းခန့်ထားမှုများ၊ စီမံကိန်းလျာထားချက်များအပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေများ၊ ပြည်ပပို့ကုန်အခြေအနေနှင့် နယ်စပ်ကုန်သွယ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကို ဆွေးနွေး၍ ရှင်းလင်းမှာကြားရာ၌ မိမိတို့အနေဖြင့် ဝန်ကြီးဌာနများ၏ လုပ်ငန်းများကို လေ့လာသိရှိရန် ဝန်ကြီးဌာနများသို့ ယခုကဲ့သို့ သွားရောက်လျက်ရှိကြောင်း။

ဝန်ကြီးဌာနများ၏ ရည်မှန်းချက်များ၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို လေ့လာသိရှိခွင့်ရခြင်းဖြင့် ဝန်ကြီးဌာန၏ လိုအပ်ချက်များ၊ အခြားဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးရန် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားနိုင်မှာဖြစ်ကြောင်း။

သိသိသာသာတိုးတက်

နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုကဏ္ဍတို့၌ ပုဂ္ဂလိကအခန်းကဏ္ဍသည် သိသိသာသာ တိုးတက်လာလျက်ရှိရာ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်တစ်ရပ်လုံး၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အဓိက အထောက်အကူပြုနေကြောင်း။

ထို့ကြောင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ထိတွေ့ဆက်ဆံ အားပေးနေရသည့်ဌာနဖြစ်၍ မိမိတို့၏ လုပ်ရပ်ကောင်း၊ စေတနာကောင်းနှင့် ရိုးသားမှုတို့ဖြင့် ပုဂ္ဂလိကများ၏ လုပ်ငန်းစွမ်းဆောင်ရည်နှင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း လေးစားလိုက်နာတတ်မှုတို့ တိုးတက်ကောင်းမွန်လာအောင် အားပေးမြှင့်တင်ပေးပြီး ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်မှန်ကန်အောင် ဆောင်ရွက်သွားရန်ဖြစ်ကြောင်းဖြင့် မှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၃၁

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း ဒုတိယလေးနှစ်သက်တမ်း ပထမနှစ်လည်အစည်းအဝေးကို မြန်မာနိုင်ငံ ပညာရေးသုတေသန ရုပ်မြင်သံကြားခန်းမ၌ ဩဂုတ် ၃၀ ရက်က ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ နာယကများ၊ အသင်းအလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် ဧည့်သည်တော်များ စုံညီစွာ တက်ရောက်ကြသည်။ အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးခင်မောင်တင်က အဖွင့်အမှာစကားပြောကြားပြီး အလုပ်အမှုဆောင်များက သက်ဆိုင်ရာ အစီရင်ခံစာများကို တင်သွင်းကြသည်။

ထို့နောက် ဆရာကြီး ဦးသော်ကောင်းမိသားစုက စာကြည့်တိုက်နှင့် သုတပညာ မဟာဝိဇ္ဇာသင်တန်းတွင် ပထမရရှိသူ ဒေါ်ဝင်းဝင်း(သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)အား ဆုချီးမြှင့်သည်။ ဒုတိယပိုင်းတွင် ဒေါ်တင်ဝင်းရည်(တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်)က Reviews on Some Academic Library Web-sites စာတမ်းကိုလည်းကောင်း၊ ဦးသိန်းရွှေ (တွဲဖက်ပါမောက္ခ၊ စာကြည့်တိုက်နှင့် သုတပညာဌာနက မြန်မာစာရေးသူ ခေါင်းစဉ်ဆိုင်ရာ အဆိုပြု စည်းမျဉ်းစာတမ်းကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။
(က-ပ)

အလုံမြို့နယ် သာသနာ့ဟိတကာရီကွင်းကျောင်း ပရိယတ္တိစာသင်တိုက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်လှူဒါန်းပွဲ အတွင်းရေးမှူး(၂) တက်ရောက်ကြည့်ရှု

ရန်ကုန် ဩဂုတ် ၃၁

တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ပဲနှင့်ဆွမ်းပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် အလုံမြို့နယ် ဆင်မင်းရပ်ကွက် ကွင်းကျောင်းလမ်းရှိ သာသနာ့ဟိတကာရီကွင်းကျောင်း ပရိယတ္တိစာသင်တိုက်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည့်ရှုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည့်ရှု

အခမ်းအနားသို့ အလုံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သာသနာ့ဟိတကာရီ ကွင်းကျောင်းပရိယတ္တိ စာသင်တိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ပညာသိရီ အမှူးပြုသော ဆရာတော် သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုကြသည်။

ရှေးဦးစွာ ကွင်းကျောင်းပရိယတ္တိ စာသင်တိုက် စာချ ဓမ္မကထိက ရွှေတောင်ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒထံမှ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ အလှူရှင်များနှင့် ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဝန်ကြီးများနှင့် တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများလှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ဗိုလ်မှူးချုပ်မော်သိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) မှ ဗိုလ်မှူးကြီးတင်နိုင်ထွန်းတို့က သာသနာ့ဟိတကာရီ ကွင်းကျောင်း ပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲ တို့ကို ပဓာနနာယကဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများ စိုက်ထူလှူဒါန်းကြရာ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုက ငွေကျပ်ခြောက်သောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ခြောက်သောင်း၊ အလုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ငါးသောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်းက ငွေကျပ်သုံးသိန်း၊ ဘီတီဘီကုမ္ပဏီက ငွေကျပ်နှစ်သိန်း၊ အေးရှားအိပ်စ်ပရက်ကုမ္ပဏီက ငွေကျပ်၁၈၀၀၀၀၊ ဦးဖေယျာသူရမွန်–ဒေါ်ခိုင်ခိုင်မြင့်တို့က ငွေကျပ် ၁၃၇၄၀၀၊ စန္ဒီပရဆေးက ငွေကျပ် ၁၀၀၀၉၀၊ ကေအင်န်ကုမ္ပဏီ၊ သမ္မတသက်န်းတိုက်၊ သမားတော်ဦးဘိုကြီးမိသားစု၊ ဝင်းရတနာခရီးသွားလုပ်ငန်း၊ အေးရှားဝေါလ်ဆိပ်ကမ်းနှင့် မောင်လေးဝင်း သဲကျောက်လုပ်ငန်းတို့က ငွေကျပ်တစ်သိန်းစီ၊ အလုံမြို့နယ် အတွင်းရှိ စေတနာရှင်ပြည်သူများက ငွေကျပ် ၅၄၁၀၀၀၊ ဆန်းမြန်မာကုမ္ပဏီက ငွေကျပ် ၇၇၀၀၀၊ ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့၊ မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်း၊ မှန်ချိုဆေးတိုက်၊ ထွန်းရွှေဝါဆေးတိုက်၊ ထက်လင်းဆေးတိုက်၊ ကျော်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ အလုံမြို့နယ် အရန်မီးသတ်တပ်ဖွဲ့၊အလုံမြို့နယ် ကြက်ခြေနီတပ်ဖွဲ့၊ အလုံမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ စောရန်ပိုင် အနောက်ရပ်ကွက်၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ ဧရာဝတီရပ်ကွက်၊ သစ်တောရပ်ကွက်၊ ဌာနာရပ်ကွက်၊ လွတ်လပ်ရေးရပ်ကွက်၊ ဂဠုန်ရပ်ကွက်၊ ဆင်မင်းရပ်ကွက်နှင့် ကရင်ခြံရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဂဠုန်ရပ်ကွက် မြောင်းကြီးလမ်းမှ ဦးစိုးမော်–ဒေါ်မြင့်မြင့်၊ မိတ္တူ စားသောက်ဆိုင်၊ မင်္ဂလာဆင်မင်းအိမ်ရာမှ ဦးမောင်လှ–ဒေါ်ကေ့မိုင်၊ ပိတောက်မြိုင်ရိပ်သာမှ ဆရာငြိမ်းနှင့် သားသမီးများနှင့် ညွန့်ပုံနှိပ်တိုက်တို့က အလှူငွေကျပ်ငါးသောင်းစီ အပါအဝင် အလှူငွေများကို အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများက လက်ခံရယူကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ကာကွယ်ရေး ဦးစီးချုပ်ရုံး (လေ)မှ ဗိုလ်မှူးကြီးတင်နိုင်ထွန်းက ရှင်းလင်းလျှောက်ထားသည်။

ရေစက်သွန်းချအမျှပေးဝေ

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ပရိသတ်က ကွင်းကျောင်း ပရိယတ္တိစာသင်တိုက် စာချဓမ္မကထိက ရွှေတောင်ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၄၈၀၀၀၊ ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် အလှူရှင်များက ငွေကျပ် ၃၀၀၀၀၀၊ အေးရှားအိပ်စ်ပရက်မိသားစုက ငွေကျပ်၁၈၀၀၀၀၊မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ အလှူရှင် ရှစ်ဦးတို့က ငွေကျပ် ၂၅၀၀၀၀၊ မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့်အလှူရှင်များက ငွေကျပ် ၂၅၀၀၀၀၊ တာမွေမြို့နယ် ပညာရေးမိသားစုက ငွေကျပ်၁၁၇၇၂၀၊ သမ္မတသက်န်းတိုက်က ငွေကျပ် ၂၀၀၀၀၀၊ ဘီတီဘီကုမ္ပဏီ၊ ဝင်းရတနာ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ ရွှေပဒေသာပြည်လုံးချမ်းသာဆေးတိုက် မိသားစုကငွေကျပ် ၁၀၀၀၀၀စီ၊ စန္ဒီပရဆေးမိသားစုက ငွေကျပ် ၁၀၀၀၉၀၊ ဆူပါဝမ်းကုမ္ပဏီ ဦးတင်မောင်ဝင်း၊ မိသားစု၊ ဆရာကြီးကုမ္ပဏီ၊ ရတနာဒီပကုမ္ပဏီနှင့် ဦးတင်ဦး၊ ဒေါ်တင်တင်နွဲ့ မိသားစုတို့က ငွေကျပ်၂၀၀၀၀စီ၊ ဒေါ်နုလိမ်းဆေး မိသားစုက ငွေကျပ် ၂၂၀၀၀၊ တာမွေမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းက ငွေကျပ် ၁၅၀၀၀၊ ဒဂုံခရီးသွားလုပ်ငန်းက ငွေကျပ် ၁၁၉၀၀တို့ကို လှူဒါန်းကြရာ ဝန်ကြီးများနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများက လက်ခံယူကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ဆီ၊ ဆား၊ ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ကာကွယ်ရေး ဦးစီးချုပ်ရုံး (လေ)မှ ဗိုလ်မှူးကြီးတင်နိုင်ထွန်းက ရှင်းလင်းလျှောက်ထားသည်။

နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရန်ကုန် အနောက်ပိုင်းခရိုင် အလုံမြို့နယ် အတွင်းရှိ ပရိယတ္တိ စာသင်တိုက် များသို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်း ပဒေသာပင် စိုက်ထူ လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကျောင်းသူလေးများဝတ်အဖွဲ့က အရပ် ၁၀မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်အတွင်းရှိ စာသင်တိုက်ခြောက်တိုက်သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ယနေ့လှူဒါန်းသော လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော် ၂၀၈အိတ်၊ ဆီ ၉၂ပိဿာ၊ ပဲ ၁၄၄ ပိဿာ၊ အိုင်အိုဒင်းဆား ၁၄၄၄ပိဿာ၊ သွားတိုက်ဆားဘူး ၁၄၅ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၂၅၀၉ဘူးနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် ၃၈၉၅၉၄၀ ဖြစ်သည်။

အရှေ့ပိုင်းခရိုင်

အလားတူ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ညနေ ၃နာရီတွင် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ သာသနာ့ဗေယျမင်္ဂလာ ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊သာသနာရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရမြင့်မောင်၊ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ် အေးချမ်း

အခမ်းအနားတွင် မင်္ဂလသုခပါဠိ တက္ကသိုလ် စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန္ဒဝံသထံမှ ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများနှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား ဝန်ကြီးများ ဖြစ်ကြသော ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဗိုလ်ချုပ်စိန်ထွား၊ ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တပ်မတော် (ကြည်း၊ရေ၊လေ)အရာရှိကြီးများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ဗိုလ်မှူးချုပ်မော်သိန်းနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)မှ ဗိုလ်မှူးကြီး တင်နိုင်ထွန်းတို့က ဆွမ်းဆန်တော်၊ ဆီနှင့်ပဲများကို ဆရာတော် သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအပါအဝင် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ဆေး၊ပဲ တို့ကို ဆရာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

စိုက်ထူလှူဒါန်း

ထို့နောက် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများ စိုက်ထူလှူဒါန်းကြရာ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုတို့က ငွေကျပ် ၁၆၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်

ဒေါ်ရူပါမြင့်မိသားစု၊ အေအီးစီကုမ္ပဏီနှင့် ဆူဇူကီး "မျိုး" မော်တာလုပ်ငန်း မိသားစုတို့က ငွေကျပ် ၁၀၀၀၀၀စီ၊ ရန်ကုန်တိုင်း ငါးလုပ်ငန်းရှင်များ အသင်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းရှင်များအသင်းက ငွေကျပ် ၉၅၅၀၀၊ ဆန်း–မြန်မာ အင်တာနေရှင်နယ် လီမိတက်က ငွေကျပ် ၉၀၀၀၀၊ မြင့်မြတ် ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းက ငွေကျပ် ၈၀၀၀၀၊ မှန်ချိုဆေးတိုက်မိသားစုက ငွေကျပ်၅၀၀၀၀၊ အေးရှားဝေါလ်ကုမ္ပဏီက ငွေကျပ် ၁၀၀၀၀၀၊ ထွန်းရွှေဝါဆေးတိုက်၊ ထက်လင်းဆေးတိုက်၊ လမ်းမတော် မြို့နယ်မှ ဒေါ်လှလှနှင့် မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်းတို့က ငွေကျပ် ၅၀၀၀၀စီ၊ ASAHI GLASS လုပ်ငန်းက ငွေကျပ် ၁၀၀၀၀၀၊ လူပျံတော် ပတ္တမြားဆေးတိုက် ဦးအောင်မြင့် မိသားစုနှင့်မြောက်ဥက္ကလာပ မေဓာဝီလမ်းနေ ချမ်းမြေ့စတိုး မိသားစုတို့က ငွေကျပ်၄၅၀၀၀စီ၊ ဦးသိန်းနု၊ ဒေါ်ခင်မြ မိသားစုက ငွေကျပ်၃၀၀၀၀၊ လူပျံတော် ပတ္တမြားဆေးတိုက် ဦးသိန်းဌေး

ဆက်လက်၍ သာသနာ့ဗေယျ မင်္ဂလာပရိယတ္တိစာသင်တိုက် ဦးစီး ပဓာန နာယက ဆရာတော်ဘဒ္ဒန္တ ပညိန္ဒက ရေစက်ချအနုမောဒနာတရား ချီးမြှင့်တော်မူရာ ပရိသတ်က ရေစက်ချ အမျှပေးဝေကြသည်။

ထို့နောက် တာမွေမြို့နယ်အမျိုးသမီး အားကစားအဖွဲ့က အရပ် ၁၀မျက်နှာ မေတ္တာပို့ကြပြီး အခမ်းအနားကိုရုပ်သိမ်း လိုက်သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၆ တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၊ စေတနာရှင်ပြည်သူများ၏ ယနေ့လှူဒါန်းသော လှူဒါန်းမှု အစုစုတို့မှာ ဆွမ်းဆန်တော် ၄၆၇အိတ်၊ ဆီ၂၅၂ပိဿာ၊ပဲ၃၂၄ပိဿာ၊ အိုင်အိုဒင်းဆား ၃၂၄၄ပိဿာ၊ သွားတိုက်ဆား ၃၂၅ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၄၈၅၄ဘူးနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် ၃၂သိန်း လေးသောင်းနှင့် ကျပ် ၂၁၀ဖြစ်သည်။ (သတင်းစဉ်)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အစည်းအဝေးခန်းမတွင် မြန်မာ့အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု အစီအစဉ်ဖြင့် အသိပညာပေးရှင်းလင်းပွဲကို ဩဂုတ် ၂၉ရက်ကကျင်းပရာ မြို့နယ်ကျန်းမာရေးစောင့်ရှောက်မှု တာဝန်ခံအရာရှိ ဒေါက်တာဒေါ်ချိုချိုခင်က ရှင်းလင်းဟောပြောစဉ်။ (က–ပ)

ဖွံ့ဖြိုးရေးအခြေခံ

တံတားကြီးများ

နိုင်ငံအနှံ့အပြား

ဖြန့်ကြက်တည်ဆောက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်နှင့် နိုင်ငံသားတိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်ရေးအတွက် အထူးလိုအပ်နေသည့် လမ်းမကြီးများ၊ မြစ်ကူးတံတားကြီးများ၊ ဆည်မြောင်းတာတမံများ၊ တက္ကသိုလ်နှင့် ကောလိပ်များ၊ ဆေးရုံကြီးများ စသည့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ပေးခဲ့ရာ ယခုအခါ ဧရာဝတီမြစ်ကူးတံတားကြီး ခုနစ်စင်း၊ ချင်းတွင်းမြစ်ကူးတံတားကြီး နှစ်စင်း၊ သံလွင်မြစ်ကူးတံတား သုံးစင်း အပါအဝင် ပေ ၁၈၀ အထက် မြစ်ကူး၊ ချောင်းကူး တံတားပေါင်း ၁၅၈ စင်း အသစ်တည်ဆောက် ဖွင့်လှစ်ပေးခဲ့ပြီး တည်ဆောက်ဆဲ တံတား ၃၅ စင်းနှင့် တည်ဆောက်ရန် စီစဉ်နေသည့် တံတားပေါင်း ၃၂ စင်း ရှိနေသည်။ ပုံများမှာ လက်ရှိ မြန်မာနိုင်ငံတွင် အရှည်ဆုံးတံတားကြီးဖြစ်ပြီး ကားလမ်းနှစ်လမ်း၊ ရထားလမ်းတစ်လမ်း ပါဝင်သည့် သံလွင်တံတား(မော်လမြိုင်)ကို မုတ္တမဘက်နှင့် မော်လမြိုင်ဘက်ကမ်းများမှ တည်ဆောက်ပြီးစီးမှုအခြေအနေကို ဤသို့ တွေ့ခဲ့ရသည်။ (အပေါ်ပုံနှင့်ယာပုံ) (သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း–ခရမ်းစိုးမြင့်)

(ခရမ်းစိုးမြင့် ကွင်းဆင်းလေ့လာရေးသားသည့် သံလွင်တံတား(မော်လမြိုင်) သတင်းဆောင်းပါးကို မကြာမီ ဖော်ပြပါမည်။)

စာတည်းမှူး

မော်လမြိုင်–ရေး–ထားဝယ် ရထားတောက်လျှောက် ခုတ်မောင်းနိုင်ရေးအတွက် မြန်မာ့မီးရထားက တည်ဆောက်လျက်ရှိသည့် ရေးချောင်းတံတားကို ရေးတစ်ဖက်ကမ်း ချောင်းတောင်ဘက်မှ ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ–ရေချမ်းမြင့်)

မန္တလေးတိုင်း မလှိုင်မြို့နယ် သင်ပုန်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကျင်းပ
သပြေရိုး ရေလှောင်တမံနှင့် တောင်ပုလု ရေလှောင်တမံကို ဆက်စပ်အကျိုးပြုမည်
ဆည်ရေသောက်ဧရိယာ ဧက ၇၆၀၀ကျော်ကို စိုက်ပျိုးရေ လုံလုံလောက်လောက်ပေးနိုင်

ရန်ကုန် သြဂုတ် ၃၁

မန္တလေးတိုင်း မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ရှိ သင်ပုန်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါ ရေလှောင်တမံ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

ရေလှောင်တမံဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်နှင့် အဖွဲ့ဝင်များ၊ မလှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သင်ပုန်းရေလှောင်တမံ စီမံကိန်းမှ စီမံကိန်းအင်ဂျင်နီယာနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့ဝင် ကျောင်းသား၊ကျောင်းသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၇၀၀၀ကျော် တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကား ပြောကြားရာတွင် ယနေ့ ဖွင့်လှစ်သည့် သင်ပုန်းရေလှောင်တမံသည် မလှိုင်မြို့နယ် ဘီးစပ်ကုန်းကျေးရွာ အနီးမှာ သင်ပုန်းချောင်းကို ပိတ်ပြီး တည်ဆောက်ထားသော ရေလှောင်တမံဖြစ်ကြောင်း၊ ဤရေလှောင်တမံသည် တောင်ပုလုရေလှောင်တမံကို ရေကူ ရေဖြည့်ပေးသော ရေလှောင်တမံဖြစ်သည့်အတွက် ရေများ ပိုမိုသိုလှောင်ထားနိုင်ပြီး တောင်ပုလုဆည်၏ ဆည်ရေသောက်ဧရိယာဧက ၇၆၀၀ကျော်ကို လုံလုံလောက်လောက် စိုက်ပျိုးရေ ပေးဝေသွားနိုင်မည်ဖြစ်ကြောင်း၊ တစ်ဖက်မှလည်း တောင်ပုလုဆည်အတွင်း သဲနုန်းပို့မှုကိုထိန်းသိမ်းနိုင်မှာဖြစ်သည့်အတွက် တောင်ပုလုဆည်၏ သက်တမ်းသည်လည်း ပိုမို ရှည်ကြာသွားမည်ဖြစ်ကြောင်း။

၁၉၉၉ ခုနှစ်အတွင်းက တည်ဆောက် ဖွင့်လှစ်ခဲ့သည့် သပြေရိုးရေလှောင်တမံသည် တောင်ပုလုရေလှောင်တမံနှင့် အပြန်အလှန် ရေဖြည့် ပေးနိုင်အောင် ဆက်စပ်တည်ဆောက်ထားပြီး ဖြစ်သည့်အတွက် ယခု သင်ပုန်းရေလှောင်တမံသည် တောင်ပုလုအတွက်ရော သပြေရိုးအတွက်ပါ ဆက်စပ်အကျိုးပြုသွားတော့မည်ဖြစ်ကြောင်း။

မန္တလေးတိုင်းမှာဆိုလျှင် ယနေ့ ဖွင့်လှစ်သည့် သင်ပုန်းရေလှောင်တမံ အပါအဝင် ရေလှောင်တမံပေါင်း ၃၈ခု အသစ်တည်ဆောက်ပြီးဖြစ်ကြောင်း၊ ဤရေလှောင်တမံ ၃၈ ခု ကနေ ဆည်ရေသောက် ဧရိယာဧက သုံးသိန်းကျော်ကို အကျိုးပြုနေပြီဖြစ်ကြောင်း။

ပူပြင်းခြောက်သွေ့ပြီး မိုးခေါင်ရေရှားသည့် အညာဒေသ အနေအထားကို ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှု မပြုလုပ်ဘဲ လွှတ်ထားမယ်ဆိုလျှင် မျိုးဆက် သုံးလေးဆက်အတွင်းမှာ အညာဒေသသည် စိုက်ပျိုးရန်၊ နေရန် တိုင်းကြီးတစ်တိုင်း ဖြစ်ကြောင်း၊ ၂၀၀၂-၂၀၀၃ခုနှစ် အမျိုးသားစီးပွားရေး တစ်ရပ်လုံးမှာ မန္တလေးတိုင်း၏ ပါဝင်မှုအချိုးအစားသည် ၁၂ရာခိုင်နှုန်းခန့်ရှိပြီး မန္တလေးတိုင်း၏ စီးပွားရေး အတက်အကျသည် နိုင်ငံတော်၏ စီးပွားရေးကို ရောင်ပြန်ဟပ်စေနိုင်သော အနေအထားတွင် ရှိနေကြောင်း ပြောကြားလိုကြောင်း။

ထို့ကြောင့် နိုင်ငံတော်ပိုင်းက တတ်နိုင်သမျှ အစွမ်းကုန် ဖန်တီးများ၊ နှောင့်ယှက်ဖျက်ဆီးမှုများကိုလည်း အားလုံးသိရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်သကဲ့သို့ တစ်ဖက်ကလည်း ပြည်တွင်း ပြည်ပ အဖျက်သမားရန်ကို ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပြီး တက်ညီလက်ညီ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပူးပေါင်းကာကွယ်ရမည်ဖြစ်ကြောင်း ပြောကြားရင်း သင်ပုန်းရေလှောင်တမံ ရေဝင်ကောင်းအောင် ရေဝေရေလဲဒေသတွေ သို့လှောင်အသုံးချရန် တည်ဆောက်အကောင်အထည် ဖော်လိုက်ခြင်းပင်ဖြစ်ကြောင်း၊ စိုက်ပျိုးရေအပြင် ဒေသမှာ သောက်ရေကိုပါ ဖြည့်ဆည်းပေးနိုင်မည့် ရည်ရွယ်ချက်များထားပြီး သဲနုန်းဝင်၍ တဖြည်းဖြည်း တိမ်ကောလာနေသော တောင်ပုလုရေလှောင်တမံ၏ သက်တမ်းကိုလည်း နှစ် ၈၀ အထိ မျှော်မှန်းဆွဲဆန့်နိုင်အောင်လည်း အကောင်အထည် ဖော်ပေးလိုက်ခြင်းဖြစ်ကြောင်း၊ သမားရိုးကျ ထွန်ယက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးတိုင်း မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ရှိ သင်ပုန်းရေလှောင်တမံ ဖွင့်ပွဲတွင် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ထိုင်ရန် မရတော့သည့်ဒေသ ဖြစ်သွားနိုင်သည့်အတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လွန်ခဲ့သည့် ကိုးနှစ်ကျော်ခန့်ကပင် ကိုးခရိုင် စိမ်းလမ်းစိုပြည်ရေးလုပ်ငန်းကို အမျိုးသားရေး လုပ်ငန်းတာဝန်အဖြစ် သတ်မှတ်ပေးပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်စေခဲ့ကြောင်း။

ယနေ့ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း သုံးတိုင်းတို့တွင် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံချက်သည် ၁၃ခရိုင်အထိ တိုးချဲ့ပြီး မြို့နယ်ပေါင်း ၅၇မြို့နယ်ကို လွှမ်းခြုံသည့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး စီမံချက်အဖြစ် တိုးတက်ပြောင်းလဲ ဖြစ်ပေါ်နေပြီဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ ပူးပေါင်းတာဝန်ယူမှုများကြောင့် အညာဒေသ၏ ပတ်ဝန်းကျင် အခြေအနေသည်လည်း ပြောင်းလဲတိုးတက်နေပြီး စိမ်းလန်းစိုပြည်ရေး စီမံချက်၏ အကျိုးသက်ရောက်မှုတွေကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ကြောင်း။

ရောင်ပြန်ဟပ်စေနိုင်

မန္တလေးတိုင်းသည် စပါး၊ ဝါ၊ ကြံ၊ ပဲ၊ ပြောင်းစသည့် နိုင်ငံတော်၏ အဓိကသီးနှံ ၁၀မျိုးစလုံး ဖြစ်ထွန်းအောင်မြင်သော ဒေသဖြစ်သည့်အပြင် မီးဖိုးဆောင်သုံး သီးနှံများကိုပါ စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဖြစ်သဖြင့် နိုင်ငံတော်အတွက် စီးပွားရေးအရ အလေးထား အားထားအားကိုးရသော ပျိုးထောင်ပေးမှုအပေါ် ဒေသခံ တောင်သူ လယ်သမားတွေကလည်း စိုက်ပျိုးနိုင်သည့် မြေအားလုံးကို အပြည့်အဝ စိုက်ပျိုးကြရန်၊ သီးနှံတစ်ဧက အထွက်နှုန်းတိုးအောင် ကြိုးပမ်းကြရန်၊ မျိုးကောင်းမျိုးသန့် ရွေးချယ်အသုံးပြုရန်၊ သီးနှံအလေအလွင့်နည်းအောင် ကြိုးစားကြရန်လိုကြောင်း၊ ဆည်ရေတွေကိုလည်း အလေအလွင့်မရှိစေဘဲ အကျိုးရှိရှိ အသုံးပြုပြီး လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်အောင် လုံ့လ၊ ဝီရိယ စိုက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီး ဘက်စုံကဏ္ဍမှ ဖွံ့ဖြိုးတိုးတက်လာအောင် ခိုင်မာသည့် ဦးတည်ချက်များ ချမှတ်ပြီး ပြည်သူလူထု၏ ပူးပေါင်းအင်အားကို ရယူပြီး အရှိန်အဟုန်နှင့် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ခွဲ၊ လုံ့လ၊ ဝီရိယ အရင်းခံပြီး အားလုံး ညီညီညွတ်ညွတ် အလုပ်လုပ်ကြရန်သာ အရေးကြီးကြောင်း။

ဤကဲ့သို့ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်နေသည်ကို မရှုဆိတ်ဘဲ မိမိနိုင်ငံအပေါ် ဗိုလ်ကျစိုးမိုး ချုပ်ကိုင်လိုသည့် ပြည်ပနိုင်ငံအချို့သည် ပြည်တွင်းအဖျက်သမားများနှင့် ပူးပေါင်းပြီး နည်းမျိုးစုံနှင့် ဖိအားပေး အကျပ်ကိုင်မှုမှာ သစ်တော သစ်ပင်များကို ထိန်းသိမ်းကာကွယ်စိုက်ပျိုးကြပါဟု မှာကြားသည်။

ထပ်မံအားဖြည့်

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က အမှာစကား ပြောကြားရာတွင် နိုင်ငံအနှံ့အဝန်းမှာ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကြီး အောင်မြင် ဖြစ်ထွန်းရအောင် ရေသောက်စနစ်များ တိုးတက်ဖြစ်ထွန်းစေမည့် ဆည်မြောင်းတာတမံနှင့် ရေရရှိရေးစီမံကိန်းများ၊ မြစ်ရေတင် လုပ်ငန်းကြီးများကို အရှိန်အဟုန်နှင့် အကောင်အထည် ဖော်ပေးနေသည့် မိမိတို့ အစိုးရလက်ထက်မှာ အခုဆိုလျှင် မလှိုင်မြို့နယ်အတွင်း ပုန်းမကြည်နှင့် ကျင်းသာ ရေလှောင်တမံတို့နှင့်အတူ ဒေသကိုပိုမိုအကျိုးပြုနိုင်တော့မည့် သင်ပုန်းရေလှောင်တမံကို ထပ်မံအားဖြည့် ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း။

သင်ပုန်းရေလှောင်တမံကို မိတ္ထီလာခရိုင် မလှိုင်မြို့နယ်အတွင်း တည်ဆောက်လိုက်ခြင်းသည် ဒီဒေသ၏ တောင်ပုလုရေလှောင်တမံ၏ ရေသောက်ဧက ၇၆၀၀ ကျော်ကို အပြည့်အဝ ရေသွင်းပေး စိုက်ပျိုးနိုင်ရအောင် သင်ပုန်းချောင်းရေကို အကျိုးရှိရှိ လုပ်ကိုင်နေသည့် ဘဝကနေ စက်အားများ မြှင့်တင်သုံးစွဲနိုင်ရေး၊ အရည်အသွေးနှင့် အထွက်ကောင်းမျိုးများနှင့် သီးနှံ အထွက်တိုးတက်လာရေးနှင့် ကုန်ထုတ်လုပ်မှုမှာ တိုးတက်ခေတ်မီသည့် နည်းပညာများနှင့် အကျိုးပြုစေရမှုများ ရရှိရေးအတွက် နိုင်ငံတော်က အဘက်ဘက်က စီမံလုပ်ကိုင်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ဤဒေသအပါအဝင် မန္တလေးတိုင်းသည် မြန်မာပြည်အလယ်ပိုင်း၏ သွင်ပြင်လက္ခဏာများနှင့် အညီ လယ်ယာသီးနှံ စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းတွင် ဆန်စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်သည့် အခြေခံကောင်းများ ရှိနေကြောင်း၊ ဒေသ၏အနေအထားအရ ရေရှားပေမယ့် နိုင်ငံတော်၏ မနေမနားဖြည့်စွမ်းပေးသည့် ရေစွမ်းအားများကြောင့် လယ်ယာသီးနှံ စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများသည် မျှော်မှန်းသည်ထက် အောင်မြင် ဖြစ်ထွန်းလာကြပြီဖြစ်ကြောင်း။

တိုးတက်ကြိုးပမ်း

ထို့ကြောင့် ဒေသခံ တောင်သူလယ်သမားကြီးများ၊ ပြည်သူများအနေဖြင့် လယ်ယာလုပ်ငန်းကို အမှီပြုပြီး မိမိအကျိုးစီးပွားကို အခြေခံ၍ နိုင်ငံ့အကျိုးစီးပွားကို ပိုမိုထောက်ကူပေးနိုင်ရအောင် နိုင်ငံတော်၏ စိုက်ပျိုးထုတ်လုပ်မှု ရည်မှန်းချက်များဖြစ်သည့် ဆန်စပါး ဖူလုံရေးနှင့် ပိုလျှံစွာ ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်းစားသုံးဆီ ဖူလုံရေး၊ ပြည်ပပို့ကုန်ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် တိုးတက်ကြိုးပမ်းလုပ်ကိုင်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အမှာစကား ပြောကြားရာတွင် ရေကိုအထူးလိုအပ်နေသည့် မလှိုင်မြို့နယ်တွင် နိုင်ငံတော်၏ စေတနာမှတ်တိုင် တစ်ခုအဖြစ် တတိယမြောက် ရေလှောင်တမံ တစ်ခု ထပ်မံ ရရှိလာပြီဖြစ်သည့်အတွက် မိုးကုန်ရင်ရေခန်းသည့် ဘဝကြမ်းတွေက လွတ်မြောက်ပြီး ပူပြင်းခြောက်သွေ့ရာရပ်ဝန်းတစ်ခိုကို ဆည်ရေနှင့် ထာဝရစိမ်းလန်းစိုပြည်လာတော့မည်ဖြစ်၍ အထူးပင် ဝမ်းသာပီတိ ဖြစ်မိပါကြောင်း ဦးစွာပြောကြားလိုကြောင်း။

လက်ဝယ်ရောက်ရှိ

သင်ပုန်းရေလှောင်တမံသည် မလှိုင်မြို့နယ် ပတ်ဝန်းကျင်တစ်ဝိုက်တွင် နိုင်ငံတော်မှ ထိန်းသိမ်းထားခဲ့သည့် ရှေးယခင်က တည်ဆောက်ထားသော ဆည်ဟောင်းများဖြစ်သည့် လိပ်ခွဲဆည်၊ ကျောင်းစုဆည်၊ စာဝင်ဆည်၊ ဖိုးတလဆည်၊ ကျပ်ဖြူဆည်၊ ထန်းပင်ကန်ဆည်၊ လိမ်မာကန်ဆည်၊ ထိန်ကန်ဆည်၊ ခွေးတောက်ကန်ဆည်၊ ပေါက်တောဆည် စသည့် ဆည်ကန် ၃၆ခုနှင့်အတူ ဆည်အစုအဖွဲ့များ ဝိုင်းရံလျက်ရှိပြီး အသက်သွေးကြောသဖွယ်ဖြစ်သည့် ရေအလျဉ်ကို ပြည်သူလူထုသို့ အကျိုးပြုနိုင်ရန် အဆင်သင့်တည်ရှိနေပြီဖြစ်ပြီး ရေမြေချင်းဆက်စပ်၍ သီးထပ်သီးညှပ်စိုက်ပျိုးနိုင်မည့် အခြေခံကောင်းများ ဒေသခံတောင်သူလယ်သမားများ လက်ဝယ်ရောက်ရှိပြီဖြစ်ကြောင်း။

အထူးလိုအပ်

ရှေးဘိုးဘွား အမွေအနှစ်ဖြစ်သည့် ဆည်ကန်များကို ယနေ့ထက်တိုင် ထိန်းသိမ်းစောင့်ရှောက် ပြုပြင်လာခဲ့မှုကြောင့် ဆည်ရေ၏အကျိုးဖြစ်ထွန်းမှုကို ခံစားနေကြရတာဖြစ်ကြောင်း၊ ရေလှောင်တမံနှင့် ရေပေးမြောင်းများကို စောင့်ရှောက်ထိန်းသိမ်းသည့်အပြင် တမံ၏ ရေဝပ်ဧရိယာအတွင်း သဲနုန်းဝင်ရောက်မှုနည်းပြီး ရေစီးဝင်မှုကောင်းရန်အတွက် ရေဝပ်ဧရိယာအတွင်းရှိ သစ်တော သစ်ပင်များကို ဒေသခံပြည်သူများအနေနှင့် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ကြရန် အထူးလိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား မိတ္ထီလာခရိုင် မလှိုင်မြို့နယ်မှ ဒေါ်ဝင်းသီတာက ကျေးဇူးတင်စကားပြောကြားသွားသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ●

● စာမျက်နှာ ၁၃ မှ

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်တို့ အမှူးပြုသော ဧည့်သည်တော်များသည် သင်ပုန်းရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ရှေ့တွင် နေရာယူကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ် နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်တို့က သင်ပုန်းရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် သင်ပုန်းရေလှောင်တမံ စီမံကိန်းမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား၊ကျောင်းသူ များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး သင်ပုန်းရေလှောင်တမံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယခုဖွင့်လှစ်လိုက်သော သင်ပုန်းရေလှောင်တမံသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် တည်ဆောက်အောင်မြင်ခဲ့သော (၁၅၁)ခုမြောက် ရေလှောင်တမံဖြစ်သည်။ ယင်းရေလှောင်တမံသည် မန္တလေးတိုင်း မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ဘီးစပ်ကုန်းကျေးရွာအနီးရှိ သင်ပုန်းချောင်းပေါ်၌ တည်ရှိပြီး အလျား ၅၅၁၅ပေ၊ အမြင့် ၆၅ပေရှိ မြေသားတမံအမျိုးအစားဖြစ်ကာ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၂၁၀၀၀ ရှိသည်။ ရေထုတ်ပြွန်မှာ သုံးပေအချယ်ရှိ သံကူကွန်ကရစ် ပိုက်နှစ်လုံးဖြစ်ပြီး ၁၇၉ပေရှည်လျားသည်။ ရေပိုလွှဲမှာ အကျယ်ပေ၅၀ရှိ သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။ အဆိုပါ သင်ပုန်းရေလှောင်တမံကို တည်ဆောက်လိုက်ခြင်းကြောင့် ရေလျှံသည့်နှစ်များတွင် လျှံကျသည့်ရေဧကပေ ၁၅၀၀၀ခန့်ကို အပြည့်အဝ သိုလှောင်နိုင်မည်ဖြစ်ပြီး တောင်ပုလုရေလှောင်တမံ၏ ရေသောက်ဧရိယာ ၇၆၃၆ ဧကကို စိုက်ပျိုးရေ ပေးနိုင်မည့်အပြင် သဲနုန်းဝင်ရောက်၍ တဖြည်းဖြည်း တိမ်ကောလာနေသော တောင်ပုလုရေလှောင်တမံ၏ သက်တမ်းကို နှစ် ၈၀ အထိ ပိုမိုရှည်လျားရန် အထောက်အကူ ပြုမည်ဖြစ်သည်။ ထို့အပြင်သီးနှံစိုက်ဧက ၄၄၁ဧက ထပ်မံတိုးတက် ဆည်ရေပေးဝေနိုင်မည်ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

ပရီမီယာလိဂ်ပွဲ လီဗာပူးအသင်း နိုင်ပွဲစတင် ဘလက်ဘန်းကိုသရေကျ၍ ချယ်လ်ဆီးအောက်သို့ရောက်

လန်ဒန် ဩဂုတ် ၃၁

အင်္ဂလိပ်ပရီမီယာလိဂ်ပြိုင်ပွဲ ပွဲစဉ်များကို စနေနေ့က ဆက်လက်ကျင်းပရာ ဂိုဒီဆင်ပက်စ်အားကစားကွင်းတွင် လီဗာပူးအသင်းက အဲဗာတန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိလိုက်သည့်အတွက် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် လီဗာပူးအသင်းအတွက် ပထမဆုံးသော အနိုင်ပွဲဖြစ်လာသည်။

လီဗာပူးအသင်းအတွက် အနိုင်ဂိုးများကို တိုက်စစ်မှူး မိုက်ကယ်အိုဝင်က နှစ်ဂိုးသွင်းယူခဲ့ပြီး တတိယဂိုးကို လိဒ်စ်ယူနိုက်တက်အသင်းမှ ပြောင်းရွှေ့လာသူ ဟာရီကီးဝဲလ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ လီဗာပူးသည် ယခုပွဲမတိုင်မီက သုံးပွဲကစားပြီးရာ တစ်ပွဲရှုံးပြီး နှစ်ပွဲသရေကျခဲ့သည်။ ယခုပွဲတွင် သုံးဂိုးပြတ်ဖြင့် နိုင်လိုက်သဖြင့် လီဗာပူးအသင်းမန်နေဂျာ ဂါးဟတ်ဟော်လီယာအဖို့ စိတ်သက်သောင့်သက်သာဖြစ်ခဲ့ရသည်။

ယခုပွဲတွင် လီဗာပူးရရှိသည့် ပထမဆုံးဂိုးသည် ယခုနှစ် ပရီမီယာလိဂ်ဘောလုံးရာသီ၌ ကစားပွဲလေးပွဲအတွင်း လီဗာပူးအသင်းအတွက် ပထမဆုံးဂိုးဖြစ်သည်။ ချယ်လ်ဆီးနှင့် အဖွင့်ပွဲယှဉ်ပြိုင်ရာ၌ ရှုံးနိမ့်ခဲ့ရာတွင် အိုဝင်က ပိုင်နယ်တီဂိုးကို နှစ်ကြိမ်ထပ်ကန်ရသည့်အတွက် အငြင်းပွားဖွယ်ဖြစ်ခဲ့ရသည်။

အခြားပရီမီယာလိဂ်ပွဲစဉ်တစ်ခု၌ ချယ်လ်ဆီးအသင်းနှင့် ဘလက်ဘန်းအသင်းတို့ ယှဉ်ပြိုင်ရာ တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်သွားရာ ငွေကုန်ကြေးကျခံကာ အားကစားသမားသစ်များဖြင့် အားဖြည့်ထားသည့် ချယ်လ်ဆီးမှာပရီမီယာလိဂ်တန်းစီဇယားတွင် ထိပ်ဆုံးတွင်ရပ်တည်နေရာမှ အောက်သို့ကျဆင်းသွားခဲ့သည်။

ယနေ့ပွဲတွင် ဘလက်ဘန်းအသင်း တိုက်စစ်မှူး အင်ဒီကိုးလ်က ဦးဆောင်သွင်းယူခဲ့ရာမှ ချယ်လ်ဆီးက နောက်မှနေ၍လိုက်သွင်းခဲ့ရပြီး တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

YUME HAIR SALON

ယခုလအတွင်းဖြစ်ပွားခဲ့သော ပြည်တွင်းဖြစ်ရုပ်မှန်မှုခင်းများကိုဖော်ပြထားသည့်
မှုခင်းရှုထောင့် ဂျာနယ် အတွဲ(၅)အမှတ်(၁၅)
မှုခင်းရှုထောင့်နှင့်ထင်သောက်သာအတွက်စီစဉ်ဖွင့်လှစ်သော(အမျိုးသမီးသီးသန့်)
မော်ဒယ်လ်(DANCER)
GOOD PLACE
GUITAR SHADE

ထွန်းရွှေဝါ –

ထွန်း အဆင့်မြင့်စက်ချက်နို့ဆီ

ကျောက်ဆည်မြို့ **ထွန်း** နို့ချက်စက်ရုံမှ သန့်ရှင်းကောင်းမွန်စွာ ထုတ်လုပ်ထားသော **ထွန်း အဆင့်မြင့်စက်ချက်နို့ဆီ**ကို အရည်အသွေးမှန်စွာဖြင့် ရောင်းချပေးနေပါသည်။ ဝယ်ယူအားပေးကြသော မိတ်ဟောင်း၊ မိတ်သစ်များ အောက်ဖော်ပြပါ ကိုယ်စားလှယ်ကြီးများထံတွင် လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်–

၁။	လင်း နို့ဆီဖြန့်ချိရေး	ဖုန်း–၀၅၆–၂၁၄၃၃။
၂။	ကြယ်မင်း နို့ဆီ၊ ထောပတ်ဖြန့်ချိရေး	ဖုန်း–၂၉၈၁၁၆၊ ၂၄၃၃၁၈ ဖုန်း–၀၉–၈၀–၃၂၈၃၉။
၃။	ရွှေရောင်ဝင်း နို့ဆီဖြန့်ချိရေး	ဖုန်း–၂၄၀၆၀၀၊ ၈၅၈။
၄။	ပြည့်စုံ နို့ဆီဖြန့်ချိရေး	ဖုန်း–၇၀၉၈၄၃။
၅။	ဝေနှင်းဆီ နို့ဆီဖြန့်ချိရေး	ဖုန်း–၂၂၅၈၉၄။
၆။	စိန်ပဒေသာ နို့ဆီဖြန့်ချိရေး	ဖုန်း–၅၇၉၉၉၂၊ ၇၂၂၅၃၇။
၇။	လှိုင်ကြည် နို့ဆီဖြန့်ချိရေး	ဖုန်း–၆၆၇၄၃၄၊ ၆၈၄၉၃၅။
၈။	ရဲမင်း နို့ဆီဖြန့်ချိရေး	ဖုန်း–၇၉၀၃၁၊ ၀၉–၅၀၀ ၅၅၄၃။
၉။	ရွှေမြင့် နို့ဆီဖြန့်ချိရေး	ဖုန်း–၂၉၈၂၂၉။
၁၀။	သရဖူ နို့ဆီဖြန့်ချိရေး	ဖုန်း–၅၁၄၀၉၈။
၁၁။	ထွန်း နို့ဆီဖြန့်ချိရေး၊ မန္တလေးမြို့	ဖုန်း–၀၂–၃၈၂၇၈။
၁၂။	ရွှေရည် နို့ဆီဖြန့်ချိရေး၊ ပဲခူးမြို့	ဖုန်း–၀၅၂–၂၃၅၄၂၊ ၀၉–၈၀–၂၄၃၇၅။
၁၃။	စိုးမိုး နို့ဆီဖြန့်ချိရေး၊ ပျဉ်းမနားမြို့	ဖုန်း–၀၆၇–၂၁၂၆၅။
၁၄။	ထွန်း နို့ဆီဖြန့်ချိရေး၊ မြစ်ကြီးနားမြို့	ဖုန်း–၀၇၄–၂၃၄၄၈။
၁၅။	ထွန်း နို့ဆီဖြန့်ချိရေး၊ စလင်းမြို့	ဖုန်း–၁၈၇။

စစ်တက္ကသိုလ်ဖိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဖိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဖိုလ်လောင်းများဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ် ဖိုလ်လောင်း၊ တပ်မတော် ဆေးတက္ကသိုလ်ဖိုလ်လောင်း နှင့် တပ်မတော်နည်းပညာတက္ကသိုလ်ဖိုလ်လောင်း၊ လျှောက်လွှာတင်သွင်းထားသူများသည်ဝင်ခွင့် စာမေးပွဲကို အောက်ပါ အတိုင်း ဖြေဆိုကြရမည်-

(က) တပ်မတော်ဆေးတက္ကသိုလ် ဖိုလ်လောင်းသင်တန်း ဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲကို ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ(၆)ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁)	အင်္ဂလိပ်စာ	၀၉၀၀	နာရီမှ	၁၁၀၀	နာရီထိ။
(၂)	ဓာတုဗေဒ	၁၃၀၀	နာရီမှ	၁၅၀၀	နာရီထိ။

(ခ) တပ်မတော်နည်းပညာတက္ကသိုလ် ဖိုလ်လောင်းသင်တန်း ဝင်ခွင့် အရည် အချင်းစစ် စာမေးပွဲကို ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ(၇)ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁)	အင်္ဂလိပ်စာ	၀၉၀၀	နာရီမှ	၁၁၀၀	နာရီထိ။
(၂)	သင်္ချာ	၁၃၀၀	နာရီမှ	၁၅၀၀	နာရီထိ။

(ဂ) စစ်တက္ကသိုလ် ဖိုလ်လောင်းသင်တန်း ဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲကို ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ(၈)ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆို ရမည်-

(၁)	အင်္ဂလိပ်စာ	၀၉၀၀	နာရီမှ	၁၁၀၀	နာရီထိ။
(၂)	သင်္ချာ	၁၃၀၀	နာရီမှ	၁၅၀၀	နာရီထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါ နေရာများတွင် ဖြေဆိုရမည်-

(က)	မြစ်ကြီးနားမြို့	တပ်နယ်ခန်းမ။
(ခ)	လားရှိုးမြို့	တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဂ)	ကျိုင်းတုံမြို့	တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဃ)	တောင်ကြီးမြို့	တိုင်းစစ်ဌာနချုပ်ခန်းမ။
(င)	မော်လမြိုင်မြို့	ရွှေနတ်တောင် တပ်မတော် အထက။
(စ)	မြိတ်မြို့	တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဆ)	စစ်တွေမြို့	ဓမ္မာရုံခန်းမ။
(ဇ)	မုံရွာမြို့	အထက(၂) အလုံ၊ တပ်မတော်ကျောင်း။
(ဈ)	တောင်ငူမြို့	တိုင်းစစ်ဌာနချုပ်ခန်းမ။

(ည) ရန်ကုန်မြို့

(၁) စစ်တက္ကသိုလ်ဖိုလ်လောင်းများအတွက်

(ကက) ခုံအမှတ်(၁)မှ (၁၄၀၀)အထိ၊ အထက(၂)၊ မင်္ဂလာဒုံ။

(ခခ) ခုံအမှတ်(၁၄၀၁)မှ နောက်ပိုင်း- ပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ ရန်ကင်း။

(၂) တပ်မတော်ဆေးတက္ကသိုလ် ဖိုလ်လောင်းအတွက် - အထက(၂)၊ မင်္ဂလာဒုံ။

(၃) တပ်မတော် နည်းပညာတက္ကသိုလ် ဖိုလ်လောင်းအတွက် - အထက (၂)မင်္ဂလာဒုံ။

(ဋ) ပုသိမ်မြို့

(၁) စစ်တက္ကသိုလ်ဖိုလ်လောင်းများအတွက်

(ကက) ခုံအမှတ်(၁)မှ (၂၅၀)အထိ- တိုင်းစစ်ဌာနချုပ်ခန်းမ။

(ခခ) ခုံအမှတ်(၂၅၁)မှ နောက်ပိုင်း- တပ်နယ်အားကစားရုံ။

(၂) တပ်မတော်ဆေးတက္ကသိုလ် ဖိုလ်လောင်းအတွက် - တိုင်းစစ်ဌာနချုပ်ခန်းမ။

(၃) တပ်မတော် နည်းပညာတက္ကသိုလ် ဖိုလ်လောင်းအတွက် - တိုင်းစစ်ဌာနချုပ်ခန်းမ။

(ဌ) မန္တလေးမြို့

(၁) စစ်တက္ကသိုလ်ဖိုလ်လောင်းများအတွက်

(ကက) ခုံအမှတ်(၁)မှ (၁၄၀၀)အထိ- အထက(၁၈)၊ နန်းတွင်း။

(ခခ) ခုံအမှတ်(၁၄၀၁)မှ (၁၉၀၀)အထိ- အမက(၆)၊ နန်းတွင်း။

(ဂဂ) ခုံအမှတ်(၁၉၀၁)မှ နောက်ပိုင်း- အမက(၅)၊ နန်းတွင်း။

(၂) တပ်မတော်ဆေးတက္ကသိုလ် ဖိုလ်လောင်းအတွက် -အထက(၁၈)၊ နန်းတွင်း။

(၃) တပ်မတော် နည်းပညာတက္ကသိုလ် ဖိုလ်လောင်းအတွက် - အထက(၁၈)၊ နန်းတွင်း။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာတိုင်းစစ်ဌာနချုပ် စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုစေလွှတ်ထားပြီးဖြစ်သည်။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာ ထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှု နိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ပြားကိုတစ်ပါတည်းယူဆောင်လာ ရမည်။ နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

KMD Computer Centre

လုပ်ငန်းခွင်မှာ Programmer တစ်ယောက်အနေနှင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများအတွက်

- Higher Diploma in Software Engineering

Programming Language ကိုသိလိုသူများအတွက်

(Computer တက္ကသိုလ်ကျောင်းသား/သူများအတွက် 10% Discount)

- Visual Basic Programming
- Java Programming
- C Programming
- Object Oriented System Development with C++(Japan- OSS

KMD : 55-57, 1st Fl., Seik Kan Thar St.,Ygn. Ph: 371855/...

MCC

JAVA™ Professional Code Camp

Instructed by Sun Certified Enterprise Architect

JAVA

Professional Java Programmer Course

- Java Fundamentals
- Thread
- AWT & Swing
- Applet & Java Security
- Collection API
- Java I/O
- RMI & Socket
- JDBC

Professional Enterprise Java Developer Course

- J2EE Framework
- JDBC
- Servlet & JSP
- Enterprise Java Beans (EJB)
- Java Message Service (JMS)
- XML
- UML & Design Patterns
- Oracle 9i Application Server

373015
245758
373521

- သင်တန်းများပြီးဆုံးလျှင် Java Programmer အဖြစ်လုပ်ငန်းခွင် ဝင်ရောက်နိုင်မည်ဖြစ်ပြီး၊ Sun Certification Examination များကိုပါဖြေဆိုနိုင်မည်ဖြစ်ပါသည်။
- C++/OOP Orientation Course

URGENTLY REQUIRED
(For Local Service Only)

1. **General Manager** (1) Post
   10 years experience. degree in Management & IT
2. **Operation Manager** (1) Post
   5 years experience.degree in Management & IT
3. **Service Technician(Male)** (10) Posts
   - degree in IT field
   - ability to work under pressure and teamorientation/able to travel the whole country
4. **Assistant Programmer** (10) Posts
   - degree in IT field
5. **Sale representative** (5) Posts
   - 1 year experience. any graduate

apply with CV and labour registration Card before(6-9-2003)to

Myanmar World Distribution Co.,Ltd.
30, Phonegyi Street, Lamandaw Township
211281, 210430,226280, 707303,652315
email:mwd@mptmail.net.mm

CHO GROUP Ph : 381669
252103

လိမ္မော်ခြံရောင်းမည်(သို့) ကားနှင့်လဲမည်

- ပြင်ဦးလွင်မြို့၊ အနီးစခန်း
- မန္တလေး၊ ပြင်ဦးလွင် ကားလမ်းမကြီး (ဂုတ်ခြံ)
- ၁၃ ဧက
- လိမ္မော်ပင်နှင့် စပျစ်ပင်များပါဝင်။

ဆက်သွယ်ရန်
ဖုန်း-၅၇၀၈၅၅၊ ၅၇၁၁၈၆၊ ၅၇၁၂၃၂။

'ငွေစင်ဦး'

Blood Circulation Device (B.C.D)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဖွင့်လှစ်လျက်ရှိသော အဆင့်မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ် (၈) မှ သင်တန်းသား၊ သင်တန်းသူများ ဩဂုတ် ၂၃ ရက်က တိုက်ကြီးမြို့နယ် ဂျိုးဖြူကျေးရွာတွင် တန်ဖိုးနည်း ကျေးလက်အိမ်ရာဆောက်လုပ်မှုကို ကြည့်ရှုလေ့လာကြရာ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးမင်းမောင်တို့က လိုက်လံရှင်းလင်းပြသကြစဉ်။ (၅၂၆)

အင်္ဂပူ မိုးစပါးစံပြကွက်များ အထွက်နှုန်းတိုးရေး မြေဩဇာစနစ်တကျ စုပေါင်းကြဲပက်ပွဲ ကျင်းပ

အင်္ဂပူ ဩဂုတ် ၂၅

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် မိုးစပါးဧက ၁၀၀ စံပြကွက်များ စပါးအထွက်နှုန်းတိုးရေးအတွက် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာနှင့် ရွက်ဖျန်းမြေဩဇာစနစ်တကျစုပေါင်းကြဲပက်ပွဲကို ဩဂုတ် ၁၄ရက် နံနက်ပိုင်းက အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာအုပ်စု မိုးစပါးဧက ၁၀၀ စံပြကွက်နှင့် အုတ်ရှစ်ကုန်းကျေးရွာအုပ်စု မိုးစပါးဧက ၁၀၀ စံပြကွက်တို့တွင် ကျင်းပသည်။ **(အောက်ပုံ)**

စုပေါင်းကြဲပက်ပွဲတွင် အင်္ဂပူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသစ်လွင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးလှဝင်းအောင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးနိုင်လင်း၊ မြို့နယ်ပြန်/ဆက် ဒုတိယဦးစီးမှူးဦးအောင်ကြွယ်နှင့် တာဝန်ရှိသူများ၊ ထူးကြီးကျေးရွာ ဥက္ကဋ္ဌဦးဟုတ်တိုင်နှင့် အဖွဲ့ဝင်များ၊ အုတ်ရှစ်ကုန်းကျေးရွာဥက္ကဋ္ဌ ဦးအုန်းကျော်နှင့် အဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်ကြသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးသစ်လွင်နှင့် မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးနိုင်လင်းတို့သည် တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ စပါးအထွက်နှုန်းတိုးရေးအတွက် မြေဩဇာကို လိုအပ်ချိန်ကျမှကျွေးသည့် နည်းစနစ်များ၊ မြေဩဇာထည့်သွင်းခြင်းဖြင့် သီးနှံအထွက်တိုးစေသည့် နည်းစနစ်များ၊ စပါးတွင်ကျရောက်တတ်သည့် ပိုးမွှားရောဂါများနှင့် မြေအသုံးချရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြသည်။ **(၁၉၁)**

အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ ဂန့်ဂေါမြို့၌ ဆွမ်းဆန်တော်လှူဒါန်း

ဂန့်ဂေါ ဩဂုတ် ၂၀

ဂန့်ဂေါခရိုင် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီမှ ဦးဆောင်၍ ဩဂုတ် ၁၂ရက် နံနက်က ဂန့်ဂေါမြို့ သာသနာ့ခေမာ သီလရှင်ကျောင်း၌ ဆွမ်းဆန်တော် ပေးအပ်လှူဒါန်းပွဲ ကျင်းပသည်။

လျှောက်ထား

အခမ်းအနားတွင် မြို့နယ် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်က ဆွမ်းဆန်တော်လှူဒါန်းမှုနှင့် ပတ်သက်သည်တို့ကို လျှောက်ထား ရှင်းလင်းသည်။

ထို့နောက် ဂန့်ဂေါခရိုင် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင် ဒေါ်ချိုချိုဝင်းက ဆွမ်းဆန်တော် ၂၁ တင်းနှင့် လှူဖွယ်ပစ္စည်းများကို သာသနာ့ခေမာ သီလရှင်ကျောင်းဆရာလေး ဒေါ်ဝိမလစာရီထံသို့ ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။ (၄၆၅)

ပန်းတနော်မြို့နယ် အလယ်ပိုင်းရပ်ကွက်တွင် ရောင်ခြည်သစ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၁၇ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဟန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်လှိုင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်ရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

အမျိုးသမီးဘဝမြှင့်တင်ရေးဂေဟာသို့ ပညာသင်စရိတ် ပေးအပ်ပွဲကျင်းပ

ကျိုက်လတ် ဩဂုတ် ၂၆

ခရိုင်/မြို့နယ် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီမှ ပညာသင်စရိတ် ပေးအပ်ပွဲ အခမ်းအနားကို ကျိုက်လတ်မြို့ (၉)လမ်းရှိ ပညာဝတီအမျိုးသမီး ဘဝမြှင့်တင်ရေးဂေဟာ၌ ဩဂုတ် ၂၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဂေဟာရှိ အမျိုးသမီးငယ်များအတွက် ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ မှ အလှူငွေကျပ် ၁၀၅၀၀၀ နှင့် ဗလာစာအုပ် ဒါဇင် ၃၀၊ ကျောင်းဝတ်စုံ အစုံ ၈၀၊ မင်္ဂလာဗျူဟာပရဟိတ ဂေဟာမှ အလှူငွေကျပ် ၃၀၀၀၀၊ စည်ပင်အမှုဆောင်အရာရှိက အလှူငွေကျပ် ၁၀၀၀၀၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက အလှူငွေကျပ် ၅၀၀၀၊ အလှူရှင်တစ်ဦးက အလှူငွေကျပ် ၂၀၀၀၀၊ ဆန်စက်ပိုင်ရှင်များအသင်းမှ ဆန် ၁၀ အိတ်၊ စုစုပေါင်း တန်ဖိုးငွေကျပ် ၃၀၁၆၀၀ ကို ခရိုင်အမျိုးသမီး ရေးရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးတင်ရွှေရင်က ဂေဟာမှ တာဝန်ရှိသူ သီလရှင်ဆရာကြီးများထံ ပေးအပ်လှူဒါန်းသည်။

(မြို့နယ်ပြန်/ဆက်)

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ဒိုးတန်းကျေးရွာအုပ်စု ဖျံတွင်း ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ဩဂုတ် ၁၇ ရက်က ကျောင်းသား၊ ကျောင်းသူများ အာဟာရဖွံ့ဖြိုး ဉာဏ်ရည် တိုးတက်စေရန် အတွက် အလှူရှင် ဦးငွေလှသန်း–ဒေါ်လှကြည်နှင့် ဦးကြည်ဝင်း – ဒေါ်အေးသိန်း မိသားစုတို့က သာကူ ဆန်ပြုတ်နှင့် အုန်းနို့ဆန်ပြုတ်များ တိုက်ကျွေး လှူဒါန်းကြစဉ်။ (၃၆၅)

လယ်ယာထွက်ကုန် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကျင်းပ

မြစ်ကြီးနား ဩဂုတ် ၁၅

၂၀၀၂–၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူ ကချင်ပြည်နယ် မြန်မာ့လယ်ယာထွက်ကုန် ရောင်းဝယ်ရေးမှ ဝန်ထမ်း သားသမီးများနှင့် လုပ်ငန်းထူးချွန်ဝန်ထမ်းများ ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ မြန်မာ့လယ်ယာထွက်ကုန်ရောင်းဝယ်ရေး မြို့နယ်မန်နေဂျာရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်မန်နေဂျာ ဦးကျော်ဇောမောင်က ဂုဏ်ပြုအမှာ စကားပြောကြားပြီး ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လုပ်ငန်းထူးချွန်ဝန်ထမ်းသုံးဦးနှင့် ပညာသင်ကြားနေသော ဝန်ထမ်းသားသမီး ၁၀၉ ဦးအတွက် ပညာသင်ထောက်ပံ့ကြေးငွေ အပါအဝင် ဆုချီးမြှင့်ငွေကျပ် ၃၃၃၄၀၀ ကို ပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင်ပြန်/ဆက်)**

သထုံမြို့ စိုက်ပျိုးရေးသိပ္ပံတွင် မွေးမြူရေးဌာန ကထိက ဦးသာစံထွန်းနှင့် တတိယနှစ်ကျောင်းသား၊ ကျောင်းသူများ ကျောင်းပိုင်ကြက်မွေးမြူရေးခြံမှ အသားတိုးကြက်များ၏ နေ့စဉ် ကြီးထွားမှုနှုန်းကို ဩဂုတ် ၂၀ ရက်က လက်တွေ့ မှတ်တမ်း ကောက်ယူကြစဉ်။

(စိုက်ပျိုးရေးသိပ္ပံ)

နိုင်ငံသားကတ်ပြား ကွင်းဆင်းဆောင်ရွက်

ချောင်းဦး ဩဂုတ် ၂၃

နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ချောင်းဦးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၂၀ ရက်က ငါးယုံကျေးရွာမှ ပြည်သူ ၅၃ ဦးအား ပြုလုပ်ပေးခဲ့ပြီး ကျေးရွာဥက္ကဋ္ဌ ဦးသိန်းအောင်သို့ မြို့နယ်ဦးစီးဌာနမှူး ဦးစောနိုင်က နိုင်ငံသားကတ်ပြားများ ပေးအပ်ကြသည်။ (၄၃၇)

ဩဂုတ် ၂၅ရက်က ရန်ကင်းမြို့နယ် ပြည်သာယာ ရွှေပြည်ဟိန်း ကျန်းမာရေးယာဉ်အလှူအသင်းအတွက် စမ်းချောင်း ဗဟိုလမ်း အမှတ်၅၇ အေ၂/၄နေ ဦးသိန်းညိုလွင်–ဒေါ်မူယာ၊ သားကောင်းပြည့်စုံနှင့် ဘုန်းလကျော်သိန်း မိသားစုက အလှူငွေကျပ်သုံးသိန်းကို လှူဒါန်းရာ ရွှေပြည်ဟိန်း ဆရာတော် အရှင်ခေမာသီရိ လက်ခံရယူ ဂုဏ်ပြုလွှာချီးမြှင့်စဉ်။ (က–ပ)

စာရေးကိရိယာထောက်ပံ့

ရန်ကုန် ဩဂုတ် ၃၁

အင်းစိန်မြို့သစ် (က+ခ)ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ခွဲမှူးကြီးမှူး၍ ရပ်ကွက်အတွင်းရှိ သာသနဟိတကာရိပရိယတ္တိစာသင်တိုက်အမှတ်(၆)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းသား၊ ကျောင်းသူ ၁၆၆ဦးအား ကျောင်းသုံး စာရေးကိရိယာ ထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ်၂၉ရက်က အဆိုပါ ဘုန်းတော် ကြီးကျောင်း၌ ကျင်းပရာ အမှတ်(၆)ဘုန်းတော်ကြီးသင် ပညာရေးကျောင်းပဓာနနာယက ဆရာတော်ဘဒ္ဒန္တ ဝါယာမ(မွမှာစရိယ)ထံရပ်ကွက်အသင်းခွဲ ဥက္ကဋ္ဌ ဒေါ်ကျင်ပို၊ ဒုတိယ ဥက္ကဋ္ဌ ဒေါ်ခင်ညွန့်တို့ကစာရေး ကိရိယာများ ဆက်ကပ်လှူဒါန်းကြောင်းသိရသည်။ (၆၁)

ဩဂုတ်လ ၂၉ရက်က နိုင်ငံတကာ အဆင့်မီ မြင်းစီးအားကစားကွင်း ဖွင့်လှစ်နိုင်ခဲ့ခြင်း အထိမ်းအမှတ် မိတ်ဆက် လက်ဖက်ရည်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်တွဲဖက်အတွင်းရေးမှူး ဦးငြိမ်းကျော် (နည်းစနစ်မှူး)က ရန်ကုန်မြင်းစီးအသင်းပေါ်ပေါက်လာပုံနှင့်နိုင်ငံတကာ အဆင့်မီ မြင်းစီးကွင်း တည်ဆောက်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားစဉ်။ (ကြေးမုံ)

ဒလမြို့ ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ကျိုက်သလဲကွင်း စိုက်/မွေးစခန်း မြို့တော်ဝန်စစ်ဆေး

ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများ လိုက်ပါ၍ ဩဂုတ် ၂၉ရက် နံနက်ပိုင်းက ဒလမြို့ ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် တွံတေးမြို့နယ် ကျိုက်သလဲကွင်းဒေသ ရေနက်ကွင်း စိုက်ပျိုးမွေးမြူရေးစခန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရွာသာကြီးရှိကျောက်ခွဲစက် လည်ပတ်နေမှုနှင့် မစိုစိုက်ပျိုးမွေးမြူရေးနှင့် အပန်းဖြေ စခန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်သည် ဒလမြို့ရေပေးဝေစီမံကိန်း ရေသိုလှောင်ကန်နှင့် ရေပေးဝေနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ဝန်သည် တွံတေးမြို့နယ် ရန်ကုန်ပေါက်ကျိုက်သလဲကွင်း ဒေသ၌ ထုတ်လုပ်ရေးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ရေနက်ကွင်းဒေသ စိုက်ပျိုးမွေးမြူရေး စခန်းသို့ သွားရောက်ရာ ရေနက်ကွင်းဒေသ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ဗိုလ်မှူးကြီး တင်စိုးနှင့် တွဲဖက်ဌာနမှူး ဗိုလ်မှူးတင်ဖေ၊ စခန်းတာဝန်ခံ ဒုတိယဌာနမှူး ဗိုလ်မှူးကျော်ကျော်တို့က စခန်းဧရိယာ ၁၂၀၀ဧကေ၌ တူးဖော်ထားရှိသည့် ငါးကန်များတွင် ငါးကြင်း၊ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ငါးတန်နှင့် တီလားဗီးယား ငါးများ ထည့်သွင်းမွေးမြူထားရှိမှု **(အပေါ်ပုံ)**နှင့် ဝက်၊ဘဲနှင့် ကြက်များ မွေးမြူထားရှိမှု အခြေအနေများကို လိုက်လံ ရှင်းလင်းတင်ပြကြသည်။

(၁၉)

အကယ်ဒမီ ကြွေချေးချွတ်ဆေး

(အကယ်ဒမီ) ကြွေချေးချွတ်ဆေးကို ဝယ်ယူအားပေးသော မိတ်ဆွေများ အတွက် (၁–၉–၂၀၀၃) ရက်နေ့မှစ၍ (၃၀–၉–၂၀၀၃) ရက်အထိ တစ်လ (၁၀%) Discount အဖြစ် (အကယ်ဒမီ) ကြွေချေးချွတ်ဆေး(၁၀) ဒါဇင် မှာယူသူများကို (၁) လအတွင်း (၁) ဒါဇင်မေတ္တာလက်ဆောင်ပေးနေပါသည်။

ACADEMY CHEMICAL GROUP

ဓာတုဗေဒ နှင့် စက်ရုံသုံး ကုန်ကြမ်းအမျိုးမျိုးရောင်းဝယ်ရေး
အမှတ် (၁၀၁)၊ ၂၈ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ -01-287109, 286092, 242726

MYANMAR YELLOW PAGES

မြန်မာအဝါရောင်စီးပွားရေးလမ်းညွှန်

Commercial / Industrial / Buying Guide

Another Way To Let Your Fingers Do The Walking!

Free Listing, Free Link

Tel : (95 1) 243074, 242758, (95 9) 5001116, 5001421
Fax : (95 1) 254321

www.myanmaryellowpages.biz

Listed position #1 in Yahoo!, Google, MSN, AOL, Alta Vista - five of the world's most visited "Search Engine".

Contact us: IMEX (Myanmar) Co., Ltd.
365-367, (2nd Flr.), Bogyoke Aung San St., Pabedan Township, Yangon 11141.
E-mail : myp@myanmar.com.mm / imex@yellowpages.com.mm

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ဒဂုံတက္ကသိုလ်
နဝမအကြိမ်နှင့်ဒသမအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ဒဂုံတက္ကသိုလ်မှ ၂၀၀၃ခုနှစ် မတ်လနှင့်ဇူလိုင်လတွင် ကျင်းပခဲ့သော မဟာသုတေသနဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ အင်္ဂလိပ်စာသင်ကြားရေး ဘွဲ့လွန်ဒီပလိုမာဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့ (၁၉၉၅) (စနစ်ဟောင်း)၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့ (၁၉၉၆) (စနစ်သစ်)စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာပုံစံများကို ၂၀၀၃ခုနှစ် စက်တင်ဘာလ(၄)ရက်မှ ၂၀၀၃ခုနှစ် အောက်တိုဘာလ (၁၀)ရက်နေ့အထိ တင်သွင်းလျှောက်ထားနိုင်ကြပါသည်။ ယခင်နှစ်များက ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံ မတင်သွင်းခဲ့ကြသူများသည်လည်း အဝေးရောက် ဘွဲ့လျှောက်ထားနိုင်ကြပါသည်။

၂။ ၂၀၀၃ခုနှစ် မတ်လ၌ ကျင်းပခဲ့သော မဟာသုတေသနဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ အင်္ဂလိပ်စာသင်ကြားရေး ဘွဲ့လွန်ဒီပလိုမာဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့(၁၉၉၅) (စနစ်ဟောင်း)ဘွဲ့များကို နဝမအကြိမ်တွင်လည်းကောင်း၊ ဇူလိုင်လတွင် ကျင်းပခဲ့သော မဟာသုတေသနဘွဲ့နှင့် ဝိဇ္ဇာ/သိပ္ပံဘွဲ့ (၁၉၉၆) (စနစ်သစ်) ဘွဲ့များကို ဒသမအကြိမ်တွင်လည်းကောင်း ကျင်းပမည်ဖြစ်ပါသည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် ရယူလျက် မကြာသေးမီက ရိုက်ကူးထားသော ၂"X၁½"လက်မအရွယ် ဓာတ်ပုံ(၂)ပုံစီ ပူးတွဲလျှောက်ထားရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ယူဆောင်လာရန်)

၄။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို (၁)နှစ်အတွင်း ထုတ်ပေးမည် မဟုတ်ပါ။

၅။ ဘွဲ့နှင်းသဘင်ပုံစံတင်သွင်းသူများသည် ဘွဲ့တက်ရောက်ယူပါက ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀ိ/–(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ယူပါက အဝေးရောက်ဘွဲ့ကြေး ၁၀၀၀ိ/–(ကျပ်တစ်ထောင်တိတိ) ပေးသွင်းကြရပါမည်။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို ဒဂုံတက္ကသိုလ် ငွေလက်ခံဌာနသို့ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့၍ အောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟုဖော်ပြပြီး လျှောက်လွှာရှင်အမည်၊ အောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာတွဲ စသည်တို့ကို တိကျစွာ ဖော်ပြရပါမည်။

၆။ ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရက်၊ အချိန်နှင့် အစမ်းလေ့ကျင့်မည့်နေ့ရက်နှင့် အချိန်တို့ကို ထပ်မံကြေညာပါမည်။

ခင်မာနွယ်(မော်ကွန်းထိန်း)
ဒဂုံတက္ကသိုလ်။

ခုခံအားကျဆင်းရောဂါ

Presented by Swithwinds Services Co., Ltd.

ပုံရိပ်

teen magazine

12, September, 2003

ထွက်ပါပြီ

ထိုက်တန်စွာကျေးဇူးဆပ်ပါမည်

ကျွန်တော် စောဘောမူသော [၁၂/ဒဂန(နိုင်)၀၀၁၇၃၈]၏ နိုင်ငံကူးလက်မှတ် (PP 335553)နှင့် အရေးကြီးသော စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကအမြန်ဆုံး ဆက်သွယ်ပေးပို့ပါရန်။

ဖုန်း–၂၈၇၆၄၉၊ ၀၅၂–၂၂၁၇၇၊ ၀၉–၈၀၂၃၂၁၃။

ရဟန်း၊ ကျောင်းအမ
ဒေါ်ခင်နွယ်တင်
(Maime Hla Bu)
အသက်(၇၆)နှစ်
စာပေစာနယ်ဇင်းအဖွဲ့ဝင်

ရန်ကုန်မြို့၊ သမာဓိမြို့ဝန်၊ အင်ဂျင်နီယာ၊ ကန်ထရိုက်တာ(ဦးလှဘူး–ဒေါ်သန်းသန်း)တို့၏သမီး၊ အမှတ် (၁၈)၊ ဗဟိုရိလမ်း၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ (ဗိုလ်မှူးမြင့်ဖေ–ငြိမ်း)၏ဇနီး၊ ဦးမျိုးမင်းသိမ်း–ဒေါ်မြင့်မြင့်အောင်၏အစ်မ၊ ဒေါ်စန္ဒာမြင့်၊ ဒုတိယဗိုလ်မှူးကြီး ခင်မောင်မြင့်(DCA)–ဒေါ်တင်တင်လှိုင်၊ ဒေါက်တာဒေါ်ကလျာမြင့်(ခေတ္တUSA)၊ ဗိုလ်ကြီး သိန်းဇော်(ငြိမ်း)–ဒေါ်ခင်မေလတ်တို့၏ မိခင်၊ တူ၊ တူမ ငါးယောက်တို့၏ ကြီးကြီး မြေး ၁၀ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၃၀–၈–၂၀၀၃ရက်တွင် သျှင်ပါကူ အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

၅–၉–၂၀၀၃ သောကြာနေ့ နံနက် ၇:၀၀မှ ၁၀:၀၀နာရီထိ အထက်ပါ နေအိမ်၌ ရက်လည်ဆွမ်းကပ်မည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

မွေးနေ့ဆုတောင်း

သမီးလေး ချောစုစုနိုင်(ခ)ဖူးဖူး

(1st Year Phy;)

သမီးလေးရဲ့ ၁-၉-၂၀၀၃ရက်နေ့တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် အသိပညာ အလိမ္မာနှင့်ပြည့်စုံပြီး စိတ်ထားဖြူစင်ထူးချွန်ထက်မြက်သော သမီးကောင်းရတနာလေးအဖြစ် ထာဝရ တိုးတက်အောင်မြင်ပါစေ---။

ချစ်ဘိုးဘိုး-ချစ်ဘွားဘွား
ချစ်ဖေဖေ-ဒုတိယဗိုလ်မှူးကြီးစိန်အေး
ချစ်မေမေ-ဒေါ်နိုင်နိုင်အေး
အချစ်ဆုံးကိုကိုကြီး-ဗိုလ်လောင်းကျော်စောထက်
(တတိယနှစ်၊ တပ်မတော်နည်းပညာတက္ကသိုလ်)။

မွေးနေ့ဆုတောင်း

ချစ်သားလေး **အေးဇေပိုင်**(ဇေဇေ)ရဲ့ ၁-၉-၂၀၀၃ ရက်မှာ ကျရောက်တဲ့ (၁)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင် ကျန်းမာချမ်းသာပြီး ဉာဏ်ပညာ ထူးချွန်ထက်မြက်သော၊ လိမ္မာယဉ်ကျေးသော သားကောင်းရတနာလေးဖြစ်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်---။

ဘိုးဘိုး-ဘွားဘွား – ဦးထွန်းလှိုင်-ဒေါ်လှလှစိန်
ချစ်ဘဘ – အေးကျော်သူ
ချစ်ဒယ်ဒီ-ချစ်မာမီ – မောင်မောင်အုန်းပွင့်-အေးဇာဇာ။

နှစ်(၅၀)ပြည့် ရွှေရတု မွေးနေ့ဆုမွန်လွှာ

၁-၉-၂၀၀၃ရက်နေ့တွင် ကျရောက်သော ချစ်ဖေဖေ **ဒုတိယဗိုလ်မှူးကြီး မျိုးလွင်** နှစ်(၅၀)ပြည့် ရွှေရတုမွေးနေ့မှသည် နှစ်ပေါင်းများစွာတိုင်အောင် ချစ်ဇနီး၊ ချစ်သား၊ ချစ်သမီးများနှင့်အတူ ဘဝခရီးလမ်းကို ချမ်းမြေ့ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ---။

ချစ်ဇနီး – မြ
ချစ်သမီးကြီး – ဇာလီမော်
ချစ်သမီးလတ် – ခင်မျိုးထက်
ချစ်သားငယ် – ဝင်းကိုကို
ချစ်သမီးငယ် – စုစုဟန်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာများတင်သွင်းရန် ကြေညာချက်(၄/၂၀၀၃)

ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၁)ရက်
(၂၀၀၃ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအနက်မှ ၂၀၀၃ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များနှင့် လစ်လပ်ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ-၁၂၊ ပုဒ်မ-၁၃၊ ပုဒ်မ-၁၅တို့နှင့်အညီ နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များ ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များအား ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများတင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (DEPOSIT)ကျပ်တစ်သိန်းပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများအား ခွင့်ပြုမိန့်ထုတ်ပေးမည့်လုပ်ကွက်အတွက် အဆိုပြုငွေများ ပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း/ခွင့်ပြုမိန့်မရသူများအား ပြန်လည်ထုတ်ပေးခြင်းစသည်တို့အား ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရလည်းကောင်း ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိရမည့်အပြင် ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ ရှိရပါမည်။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာအထောက်အထား၊ စာရွက်စာတမ်းများ တင်ပြလျှောက်ထားနိုင်ပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ/အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင် လွှဲပြောင်းခြင်းမပြုရန်နှင့် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉ခုနှစ် အောက်တိုဘာလ (၁)ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၉၉)အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ တစ်ဧကဖြစ်ပါသည်။ သို့ရာတွင် တူးဖော်ထုတ်လုပ်ပြီး သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များ၊ တူးဖော်ထုတ်လုပ်ဆဲ သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များအနေဖြင့် တူးဖော်မှုနှင့် ရာသီဥတုကြောင့် လုပ်ကွက်နယ်မြေအကျယ်အဝန်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ညှိနှိုင်းဆုံးဖြတ်ခြင်းကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် ခွင့်ပြုသက်တမ်းကာလမှာ (၃)နှစ်ဖြစ်ပြီး အနည်းဆုံးပေးသွင်းရမည့် အဆိုပြုငွေမှာ ကျပ်(၁၀)သိန်းဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းမည့်အဆိုပြုငွေကို ဂဏန်းဖြင့်သာမကဘဲ စာသားဖြင့်ပါ တိတိကျကျဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့တူးဖော်လိုသည့် သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များကို လုပ်ကိုင်မည့်ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်သူကိုယ်တိုင် လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများတင်သွင်းရန်ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက်တူးဖော်ထုတ်လုပ်ရန် မြေမှန်မရှိခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးဖော်ပြ၍ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့် နိုင်ငံတော်သို့ ပေးသွင်းပြီးသော အဆိုပြုငွေများကို ပြန်လည်ထုတ်ပေးရန်၊ လုပ်ကွက်နေရာပြောင်းလဲပေးရန် တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင် အဆိုပြုလွှာများတင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းမရှိသည့် အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံ ဖော်ပြခြင်းမပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

(က)**လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့်အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် ၂၀၀၃ခုနှစ် ဩဂုတ်လ၁၈ရက်မှစ၍ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ)**အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ(မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်း၊ အပြင် ချိပ်ထိုးပြီး ၂၀၀၃ခုနှစ် ဩဂုတ်လ၁၈ရက်မှ၂၀၀၃ခုနှစ်စက်တင်ဘာလ၁၂ရက်အတွင်းမြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၇။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့်လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။

OD Tour အဆင့်မြင့်ဘုရားဖူးနှင့် အပန်းဖြေခရီးစဉ်

၁။ ပုဂံ၊ ကျောင်းတော်ရာ(မနူဟာဘုရားပွဲ၊အဘအောင်မင်းခေါင်ထွက်ပွဲ) **Sep 7,9,11**
၂။ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ **Sep 26**

ရဲသူအောင် တောင်ကြီး၊ ပုဂံ၊ ညောင်ဦး
တိုး မန္တလေး ကားလက်မှတ်များရပြီ။
No.52 ကျွန်းတောလမ်း၊ စမ်းချောင်း 504808, 537672
Japan Style

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်ပညာရေးတက္ကသိုလ်
(၃၆)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၂၀၀၂-၂၀၀၃ပညာသင်နှစ်အတွင်း ရန်ကုန်ပညာရေးတက္ကသိုလ်မှ M.Ed, M.A(TEFL), B.Ed, PGDMA, PGDT Dip (ELTM) သင်တန်း အောင်မြင်ခဲ့ကြသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

ကျင်းပမည့်နေ့- ၂၂-၁၀-၂၀၀၃ (ဗုဒ္ဓဟူးနေ့)
၂၃-၁၀-၂၀၀၃ (ကြာသပတေးနေ့)

ကျင်းပမည့်နေရာ- ဘွဲ့နှင်းသဘင်ခန်းမ

ကျင်းပမည့်အချိန်- ဗုဒ္ဓဟူးနေ့နံနက်ပိုင်း(၉:၀၀)နာရီတွင် M.Ed, M.A (TEFL), B.Ed (စတုတ္ထနှစ်)၊ Dip(ELTM)ဘွဲ့အတွက်လည်းကောင်း၊ ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်း (၁၅:၀၀)နာရီတွင် PGDT IV, PGDMA III ဘွဲ့အတွက်လည်းကောင်း၊ ကြာသပတေးနေ့ နံနက်ပိုင်း(၉:၀၀)နာရီတွင်ပညာရေးဘွဲ့ စာပေးစာယူ သင်တန်းဘွဲ့အတွက်လည်းကောင်း ကျင်းပမည်။

ပေးအပ်မည့်ဘွဲ့- M.Ed, M.A(TEFL), B.Ed, Diploma

ဘွဲ့နှင်းသဘင်ကြေး-၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)

အဝေးရောက်ဘွဲ့ကြေး-၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)

အစမ်းလေ့ကျင့်မည့်ရက်-၂၁-၁၀-၂၀၀၃(အင်္ဂါနေ့)

အစမ်းလေ့ကျင့်မည့်အချိန်-နံနက်(၁၀:၀၀)နာရီတွင်- M.Ed, M.A(TEFL), B.Ed(စတုတ္ထနှစ်),Dip(ELTM), PGDT IV, PGDMA IIIဘွဲ့အတွက်လည်းကောင်း မွန်းလွဲ(၁:၀၀)နာရီတွင်-ပညာရေးဘွဲ့ စာပေးစာယူ သင်တန်းဘွဲ့အတွက်လည်းကောင်း နှစ်ချိန်ခွဲ၍ ကျင်းပမည်။

လျှောက်လွှာပိတ်ရက်-၁၉-၉-၂၀၀၃(သောကြာနေ့)

မှတ်ချက်။ ။(၁) သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် နောက်ဆုံးရိုက်ကူးထားသော (၂ x၁½)လက်မ ဓာတ်ပုံ(၂)ပုံပူးတွဲလျှောက်ထားရမည်။
(နိုင်ငံသားစိစစ်ရေးကတ် ယူဆောင်လာရန်)

(၂)နှစ်ဟောင်းမှ အောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။
*လျှောက်လွှာနှင့်အတူ မှတ်ပုံတင်မိတ္တူပူးတွဲပေးပို့ရမည်။

(၃)ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်)အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟုတင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

(၄)နယ်မှလျှောက်ထားသူများသည်သတ်မှတ်ကြေးများကိုရန်ကုန်ပညာရေးတက္ကသိုလ်၊ ငွေလက်ခံဌာနသို့ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့်ပေးပို့၍ အောက်ခြေ၌ ဘွဲ့နှင်း သဘင်ကြေး ဟုဖော်ပြ၍ လျှောက်လွှာရှင်အမည်၊ အောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ် စသည်တို့ကို တိကျစွာဖော်ပြရပါမည်။

(၅)အစမ်းလေ့ကျင့်ပွဲနှင့်ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

(၆)ဘွဲ့ဝတ်စုံငှားရမ်းရန်ထောက်ခံစာကို ၁၃-၁၀-၂၀၀၃(တနင်္လာနေ့)မှစ၍ ရန်ကုန်ပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် ထုတ်ပေးပါမည်။

(၇)အသေးစိတ်ကို ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် စုံစမ်းနိုင်ပါသည်။

ချိုချို
မော်ကွန်းထိန်းအဆင့်(၁)
ရန်ကုန်ပညာရေးတက္ကသိုလ်။



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ကျင်းပခဲ့သော သက်ဆိုင်ရာ ဘွဲ့ရစာမေးပွဲများကို အောင်မြင်ပြီးသော အောက်ဖော်ပြပါ ကျောင်းသား၊ ကျောင်းသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။
* ၁၉၉၇ခုနှစ်မှ ၂၀၀၃ခုနှစ်ထိ ဒီပလိုမာ
* ၂၀၀၃ခုနှစ် (၁၉၉၆ အခြေခံပညာအထက်တန်းအောင်အသုတ်)ဝိဇ္ဇာဘွဲ့
* ၂၀၀၀ပြည့်နှစ်မှ ၂၀၀၃ခုနှစ်ထိ မဟာဝိဇ္ဇာဘွဲ့

၂။ ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံများကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာနခွဲတွင်ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၂၀၀၃ခု စက်တင်ဘာလ(၃၀)ရက်နေ့ နောက်ဆုံးထားလျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူလိုသူ ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ) အဝေးရောက်ဘွဲ့ယူလိုသူများသည် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ပေးသွင်းရပါမည်။

၄။ လျှောက်လွှာတွင် အချက်အလက်မပြည့်စုံလျှင်လည်းကောင်း၊ ဘွဲ့နှင်းသဘင်ကြေးပေးသွင်းရန် ကျန်ရှိနေသေးလျှင်လည်းကောင်း၊ လျှောက်လွှာကို အချိန်မီ မပေးပို့လျှင်လည်းကောင်း ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်က ဘွဲ့အပ်နှင်းပေးမည်မဟုတ်ပါ။

၅။ အသေးစိတ်ကို ဖုန်းအမှတ်-၅၃၃၁၉၈၊ ၅၁၅၂၃၆နှင့် စာမေးပွဲ၊ ဘွဲ့နှင်းဌာန ဖုန်းအမှတ်-၅၁၄၃၇၇ (လိုင်းခွဲ-၁၁၉)တွင် စုံစမ်းနိုင်ပါသည်။

၆။ ဘွဲ့နှင်းသဘင် ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။

ကြည်ကြည်ဆွေ
မော်ကွန်းထိန်း
စာမေးပွဲနှင့် ဘွဲ့နှင်းဌာနခွဲ။



ရောင်းရန်ရှိသည်

၁။ ကမ္ဘာအေးစေတီလမ်းမတန်း (ဗဟန်း) 60'x120'။
၂။ပြည်ထောင်စုလမ်း(ဗဟန်း)100'x100'ပေါ်ရှိခေတ်မီသုံးထပ်တိုက်သစ်။
၃။ ပြည်လမ်းမတန်း (၇½မိုင်) 75'x100'ပေါ်ရှိ တစ်ထပ်တိုက်။

ဆက်သွယ်ရန်ဖုန်း-၃၅၉၁၄၄၊ ၀၉-၆၉-၂၂၂၅၉၊ ၀၉-၅၀-၂၂၁၅၉။

ရောင်းရန်ရှိသည်

၁။အင်းယားလမ်း၊ 50'x100'ပေါ်ရှိ တစ်ထပ်တိုက်။
၂။အင်းယားမြိုင်လမ်း၊ 45'x62' (မြေ)။

ဆက်သွယ်ရန်-
ဖုန်း-၃၅၉၁၄၄၊ ၀၉-၆၉-၂၂၂၅၉၊ ၀၉-၅၀-၂၂၁၅၉။

ဒေါ်သီတာမြင့်
[၁၂/မဂတ(နိုင်)၀၇၃၃၉၂]နှင့် အများသိစေရန် အကြောင်းပြန်ကြားဖြေရှင်းကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်မြေရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၁၉၄)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဗိုင်သွန်(ခ) ဒေါ်ခင်ရီ(C.F-၀၁၀၂၉၉)နှင့် သားသမီးများဖြစ်ကြသော ဒေါ်လှရင်၊ ဦးသက်အောင်၊ ဒေါ်ခင်မာချို၊ ဒေါ်အေးအေးလွင်၊ ဒေါ်လှလှဝင်း၊ မောင်ခင်မောင်လတ်၊ မောင်အောင်ကိုလတ်၊ မောင်အောင်ကိုထွေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်သီတာမြင့် [၁၂/မဂတ(နိုင်)၀၇၃၃၉၂]နှင့် အများသိစေရန် အောက်ပါအတိုင်း အကြောင်းပြန်ကြားဖြေရှင်းကြေညာပါသည်။

(၁၅-၈-၂၀၀၃)ရက်စွဲဖြင့် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၈)တွင် ဒေါ်သီတာမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဦးအောင်ကြည်၏ "ကြားသိစေရန်နို့တစ်စာ"ပါ အကြောင်းအရာများသည် မှန်ကန်ခြင်းမရှိပါ။ ကွယ်လွန်သူ ဦးသိန်းအောင်နှင့်ဒေါ်ဗိုင်သွန် (ခ) ဒေါ်ခင်ရီတို့၏သား ဦးတင်လှ(ကွယ်လွန်)နှင့် ဒေါ်သီတာမြင့်တို့သည်(၁၉၉၃)ခုနှစ်ခန့်ကတည်းက အစ္စလာမ်တရားတော်အရ လင်မယားအပြီးအပြတ် ကွာရှင်းပြတ်စဲခဲ့ရာ ဒေါ်သီတာမြင့်မှ သားသမီးနှစ်ဦးကို တစ်ပါတည်းခေါ်ဆောင်သွားခဲ့ပါသည်။ ဦးတင်လှမှာလည်း နောက်အိမ်ထောင်ပြုခဲ့ပြီး ကွယ်လွန်သူဖခင်၏ ကျန်ရစ်သောအမွေပစ္စည်းအပေါ်တွင် မိမိရထိုက်သော အမွေဝေစု ခွဲဝေပေးရန် မိခင်အားတောင်းဆိုခဲ့၍ မိခင်ဖြစ်သူနှင့် ကျန်အမွေဆိုင် ညီအစ်ကိုမောင်နှမများ၏ သဘောတူညီချက်အရ ၁၁-၉-၁၉၉၅ရက်စွဲပါ "မိသားစုစီမံမှုအရ အမွေ ခွဲဝေပေးပြီးကြောင်း ဝန်ခံကတိစာချုပ်"ဖြင့် ၎င်းရသင့်သည့် အမွေဝေစုကို ရယူသွားခဲ့ပြီးဖြစ်ပါသည်။ ဦးတင်လှအနေဖြင့် ထိုကဲ့သို့ အမွေဝေစုကြိုတင်ရယူရာတွင် မိခင်ဖြစ်သူထံမှ နောက်နောင်တွင် အမွေအဖြစ် နောက်ထပ်တစ်စုံတစ်ရာ တောင်းခံမည်မဟုတ်ကြောင်း ယင်းစာချုပ်တွင် ဝန်ခံကတိပြုလက်မှတ်ရေးထိုးထားပြီးဖြစ်ပါသည်။ ဦးတင်လှမှာ ၈-၄-၁၉၉၇ ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပြီး ကွယ်လွန်ချိန်အထိ ဒေါ်သီတာမြင့်နှင့် မည်သို့မျှ ပတ်သက်ဆက်နွယ်ခြင်းမရှိတော့ပါ။

သို့ဖြစ်ရာ အစ္စလာမ်တရားဥပဒေအရလည်းကောင်း၊ အစ္စလာမ်မွေသတ်များအရလည်းကောင်း ဒေါ်သီတာမြင့်နှင့် သားသမီးများအနေဖြင့် ကွယ်လွန်သူဦးတင်လှ၏ အမွေဝေစုအတွက် ဦးတင်လှ၏ဖခင် ဦးသိန်းအောင်(ကွယ်လွန်)၏ ကျန်ရစ်သော ပစ္စည်းအရပ်ရပ်ပေါ်တွင် အကျိုးသက်ဆိုင်ခွင့် မရှိတော့၍ ဦးတင်လှ၏မိခင်နှင့် ကျန်ညီအစ်ကို မောင်နှမများအပေါ်တွင် မည်သည့်အမွေဝေစုကိုမျှ တောင်းဆိုပိုင်ခွင့်မရှိပါကြောင်း၊ ဒေါ်ဗိုင်သွန်(ခ)ဒေါ်ခင်ရီနှင့် သားသမီးများမှလည်း ယင်းကိစ္စနှင့်ပတ်သက်၍ ဥပဒေအရ ရင်ဆိုင်ဖြေရှင်းရန် အသင့်ရှိနေပြီး နောက်နောင်တွင် ၎င်းတို့အပေါ် အများထင်ယောင်ထင်မှားဖြစ်စေမည့် မည်သည့်ကြေညာချက်မျိုးမဆို ထပ်မံမပြုလုပ်ရန်နှင့် ပြုလုပ်လာပါက သက်ဆိုင်သည့် ဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်သီတာမြင့်နှင့် အများသိစေရန် အကြောင်းပြန်ကြားသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးမြင့်အောင် LL.B
အထက်တန်းရှေ့နေ(စဉ်-၂၂၀၃၈)
(ရုံး)အမှတ်-၅၀(ပထပ်)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၇၆၀၅၅။
(အိမ်)အမှတ်-၅၁(ပထပ်)၊၆၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဘုရား၊ ရဟန်း၊ ကျောင်း၊ တံတိုင်း ဒါယိကာမကြီး
လင်ရှုသန်း(ခ)ဒေါ်သန်းသန်း
အသက်(၈၄)နှစ်

(ဦးလင်ကျောင်အိပ် - ဒေါ်လီကေး) (ဒေးဒရဲ)တို့၏ သမီး၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ ဗိုလ်ရွဲလမ်း၊ အမှတ်(၅၈)နေ (ဦးညိန်း)(ညိန်းရောင်းဝယ်ရေး)၏ ဇနီး၊ ဦးစံမြင့်-ဒေါ်ကြင်ယုံ၊ ဒေါက်တာ ဦးစံအေး(မျက်စိ အထူးကုသမားတော်ကြီး၊ ခေတ္တ-USA)-ဒေါ်အဲလစ်အေး၊ ဦးကျော်လှိုင်(မြန်မာစာ)-ဒေါ်ညွန့်ညွန့်ရီ၊ မလှကြည်၊ မမြမြသွယ်၊ မစိုးစိုးတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၂၈-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ အမေရိကန်နိုင်ငံ Los Angeles မြို့၊ Rose Hills သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပို့လွှတ်တော်မူခြင်း
ထားဝယ်မြို့၊ လောင်းလုံ-မင်းရပ်ရွာ ဆေဋ္ဌဝန်ကျောင်းတိုက်
ဘဒ္ဒန္တ ပညာဝန္တ
ပဓာန နာယက ဆရာတော်ကြီး
သိက္ခာတော်(၃၇)ဝါ၊ သက်တော်(၅၇)နှစ်

ဆရာတော်ကြီးသည် (၁၃၆၅ခုနှစ်၊ တော်သလင်းလဆန်း ၅ရက်) (တနင်္ဂနွေနေ့) နံနက်၆း၃၀နာရီတွင် ဘဝနတ်ထံပို့လွှတ်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၅ခုနှစ်၊ တော်သလင်းလဆန်း ၉ရက်) ၄-၉-၂၀၀၃(ကြာသပတေးနေ့)တွင် အန္တိမအဂ္ဂိစျာပန ပူဇော်ပွဲကျင်းပမည်ဖြစ်သည်။ ရပ်ဝေး၊ ရပ်နီးရှိ တပည့်၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။
စျာပနကော်မတီ လောင်းလုံ-ထားဝယ်မြို့။

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၀၃ခုနှစ်၊ တရားမအထွေထွေမှု၊ အမှတ်-၈၀

ကွယ်လွန်သူ ဦးစိုးသိန်း၌ ကျန်ရှိရစ်သောပစ္စည်းများအကြောင်း။

ဒေါ်စမ်းဝင်း — **လျှောက်သူ**

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ခမ္ဘီတ်ကျေးရွာ၊ အလယ်ဘုတ်အုပ်စုနေ ဒေါ်စမ်းဝင်းက ကွယ်လွန်သူ ဦးစိုးသိန်း၏ ညီမဖြစ်သည်ဟူ၍ ဖော်ပြပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးစိုးသိန်းမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးစိုးသိန်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၃ခုနှစ် စက်တင်ဘာလ ၁၆ရက် (၁၃၆၅ခု၊ တော်သလင်းလပြည့်ကျော် ၆ရက်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်စမ်းဝင်း၏လျှောက်ချက်ကို နားကြား၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၃ခုနှစ် ဩဂုတ်လ ၂၇ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

စိုးသန့်
ခရိုင်တရားသူကြီး
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

ရဟန်းအမကြီး
ဒေါ်သန်းခင် (၉၄)နှစ်

ပြည်မြို့နေ (ဦးမောင်ကြီး-ဒေါ်သိန်းခင်)တို့၏ သမီး၊ ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ သိမ်ကြီးလမ်း၊ အမှတ်(၁၂)နေ (ဦးသန်းမောင်)၏ ဇနီး၊ ဦးကြည်ဝင်း(အိုးအိမ်-ငြိမ်း)၊ ဦးကျော်ကျော်သန်း-ဒေါ်တင်တင်ဝင်းတို့၏ မိခင်၊ "မ"(မိုးဆန်းသစ်)၊ မောင်အောင်ကျော်ထက်(ဆလရ၊တံတားအထူးအဖွဲ့-၁)၊ မောင်တင်ထူးအောင်တို့၏ အဘွားသည် ၃၁-၈-၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၂-၉-၂၀၀၃ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပါမည်။(နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌ အိပ်ပျော်ခြင်း
Brother Joe(ခ)
ဦးစောဂျေကျော်ဇံ(တောင်ငူ)
အသက်(၇၇)နှစ်
လ/ထတိုင်းဦးစီးမှူး(ငြိမ်း)
မကွေးတိုင်းစာရင်းရုံး
နယ်လှည့်စာရင်းစစ်အရာရှိ(ငြိမ်း)
ကကင္ဂေ (မိတ္ထီလာ) မိတ္ထီလာမြို့နယ်
လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်(ငြိမ်း)

(ဦးဂျေလှကျော်-ဒေါ်အယ်နာစိန်မ) တို့၏သားကြီး၊ (ဦးရီးရှာ-ဒေါ်ပုလဲ) တို့၏ သားသမက်၊ (ဒေါ်ဂရေစီကျော်ဇံ)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်နော်အဲန်ဂျလင်းကျော်ဇံ (ခေတ္တ-ဒိန်းမတ်)-(ဦးပီတာ)၊ ဒေါ်နော်ဘရစ်ဂျစ်ကျော်ဇံ (လ-၄၊ စမ်းချောင်း)၊ ဒေါ်နော်ခလဲမတစ်ကျော်ဇံ(လ-၄၊ ကြည့်မြင်တိုင်)-တပ်ကြပ်စောမိုးဇက်၊ စောဒေးဗစ်ကျော်ဇံ-ဒေါ်လှလှဌေး (မြန်မာ့စိုက်ပျိုးရေး၊ မျိုးစေ့ဌာနခွဲ)၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် ကိုယ်မင်းကိုယ်ချင်းလမ်း၊ အမှတ်(၅၈)၊ မြန်မာ့အလင်းပုံနှိပ်တိုက်ဝင်းနေ ဒေါ်နော်အက်ဒနာဂျင်းကျော်ဇံ-ဦးသန်းမြင့်ထွန်း(The New Light of Myanmar)၊ နော်ဥမ္မာကျော်(Nissho Iwai Corporation)-ဦးကျော်သူရလှိုင် (Uniteam Marine)တို့၏ ချစ်လှစွာသောဖခင်၊ (စောဂျာလီ)-ဥမ္မာကျော်(ဆည်မြောင်းဦးစီး၊ မြစ်ကြီးနား)၊ (စောဂျွန်)၊ စောရဲထက်ဦး၊ (နော်လားရယ်စေး)၊ ဆုခိုင်ကျော်ဇံ၊ ဆုပိုင်ကျော်ဇံ၊ နော်မေသန္တာထွန်း၊ နော်ခင်ကြည်သာထွန်း၊ နော်ယဉ်သူဇာထွန်း၊ နော်ဖူးယမုံလှိုင်တို့၏ ချစ်လှစွာသော အဘိုး၊ မောင်အောင်ပြည့်စုံ၏အဘေးသည် ၃၁-၈-၂၀၀၃(တနင်္ဂနွေနေ့) ညနေ ၅း၂၅ နာရီတွင် ရန်ကုန်ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂-၉-၂၀၀၃(အင်္ဂါနေ့) နံနက် ၉ နာရီတွင် အမှတ်(၁၃၅)၊ အထက်ကြည့်မြင်တိုင်လမ်း၊ ရှင်မိကွေလ ဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သောင်းရီ
အသက်(၇၈)နှစ်

ထားဝယ်တက္ကသိုလ် ရက္ခဗေဒဌာနမှ ကထိကဆရာမ ဒေါ်ဖြူဖြူလှ၏မိခင် ဒေါ်သောင်းရီ၊ အသက်(၇၈)နှစ်သည် ၂၆-၈-၂၀၀၃ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရက္ခဗေဒမိသားစု၊
ထားဝယ်တက္ကသိုလ်။

ရဟန်း၊ ကျောင်းအမ
ဒေါက်တာမာလာသန်း(၅၆)နှစ်
(M.B.,B.S)(Rgn)
(တောင်ကြီး)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်နေ ထောင်ပိုင်ကြီး(ဦးဘနန်း)-ဒေါ်အေးမြင့်တို့၏သမီး၊ (ဦးဝဲကြီး-ဒေါ်အေးစိန်)တို့၏ချွေးမ၊ ဦးလှကျော်-ဒေါ်ခင်မြမြ၊ ရဲမှူးကြီးလှမြင့်၊ ငြိမ်း၊ ဒု-ညွှန်ချုပ်၊ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန)-ဒေါ်တင်တင်မြင့် (လက်/ညွှန်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)၊ ဦးဇော်ဝင်း(ပါမောက္ခ-သစ်တောတက္ကသိုလ်၊ ရေဆင်း၊ ပျဉ်းမနား)-ဒေါ်ခင်မျိုးမြင့်တို့၏ညီမ၊ ဦးညွန့်လှိုင်(Treasure Beach Resort-ပုသိမ်)-ဒေါ်မြင့်မြင့်၊ ဦးစည်သူထွန်း-ဒေါ်ဇင်မင်းသွဲ့တို့၏အစ်မ၊ တောင်ကြီးမြို့နေ ဗိုလ်ကြီးသိန်းနိုင်(ငြိမ်း)၏ဇနီး၊ ဗိုလ်လင်းနိုင် (M.B.,B.S) Ygn၊ မောင်ခွန်ဇော်နိုင်(နောက်ဆုံးနှစ်၊ အပိုင်း-က၊ မန္တလေးဆေးတက္ကသိုလ်)တို့၏ ချစ်လှစွာသောမွေးသမိခင် ဒေါက်တာမာလာသန်းသည် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ၃၀-၈-၂၀၀၃(စနေနေ့) ညနေ၆း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၉-၂၀၀၃(ဗုဒ္ဓဟူးနေ့) ညနေ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(အမှတ်-၃၊ အလုံသစ်တောဝင်း၊ အလုံမြို့နယ်နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခိုင်ခိုင်ရီ (ခ) Victoria Williams
အသက်(၇၆)နှစ်
အမှတ်(၁)ဆေးဆိုင်၊ မန်နေဂျာ (ငြိမ်း)

ရန်ကုန်မြို့၊ အမှတ်(၁၂၉)၊ အပေါ်ဆုံးထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်နေ (ဦးရန်ရှင်-ဒေါ်တီ)တို့၏ သမီး၊ (ဦးဘုန်းကြည်၊ စာရေးဆရာပေါင်းတည်ဘုန်းကြည် - မော်ကွန်းဝင်ဒုတိယဆင့်၊ စစ်ပြန်မဂ္ဂဇင်းအယ်ဒီတာချုပ်)၏ ဇနီး၊ ဒေါ်မြင့်မြင့်ချို(ရေကြောင်းဌာနခွဲ-ရေကြောင်းဦးစီး)၊ ဦးသန့်ဇင်(ခေတ္တ-အင်္ဂလန်)တို့၏ မိခင်၊ ဦးလှခင်-ဒေါ်Ruby Williams၊ (ဦးလှစော)-ဒေါ်တင်မြင့်တို့၏ ညီမ၊ ဦးသန်းလွင်၊ ဒေါ်ခင်သွယ်၊ ဦးသိန်းလွင်(အင်္ဂလိပ်စာ)-ဒေါ်ခင်ဝင်း၊ ဒေါ်သိန်းကြည်တို့၏ အစ်မ၊ ဦးစိုင်းယုံ-မလော်ရိန်း၊ဦးအောင်မြဦး-ဒေါ်ခင်စုစု၊ ဦးနိုင်ဝင်းအောင်-မနီလာ၊ ကျော်ကျော်နိုင်၊ ဇော်ဇော်နိုင်၊ အေးအေးနိုင်၊ ဝင်းလွင်အောင်တို့၏အဒေါ်သည် ၃၀-၈-၂၀၀၃ရက်တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၁-၉-၂၀၀၃ရက်မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၅-၉-၂၀၀၃(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါ၍ မိတ်သင်္ဂဟများအားဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးတင်ဝင်း(၅၂)နှစ်
CDC-7416
FITTER (MARINER SHIPPING)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပ(၁၃)ရပ်ကွက်၊ ယသဝတီလမ်း(၁၇)လမ်းနေ (ဦးစိန်-ဒေါ်တင်မေ)တို့၏ သားကြီး၊ ဒေါ်ခင်အေးကြည်(ခ) ဒေါ်နွဲ့(မြန်မာ့ကုန်တိုက်ရုံးချုပ်၊ငြိမ်း)၏ခင်ပွန်း၊ မောင်ကျော်ကျော်ဝင်း (ITC-19)၏ဖခင်၊ (ဦးလှမြင့်)-ဒေါ်ဖြူဖြူစိန်၊ ဦးတင်ထွန်း(ဆောက်လုပ်ရေးရုံးချုပ်)-ဒေါ်အုန်းမြင့်၊ ဦးတင်အေး-ဒေါ်ခင်ထားရွှေ(စက်မှုလယ်ယာရုံးချုပ်)၊ ဦးဝင်းခိုင်-ဒေါ်အေးအေးဝင်း၊ ဦးမောင်မောင်၊ ဦးလှမင်းတို့၏ အစ်ကိုကြီး၊ တူ၊တူမခြောက်ယောက်တို့၏ဘကြီးသည် ၃၁-၈-၂၀၀၃ရက်တွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်ပါ၍ ၂-၉-၂၀၀၃(အင်္ဂါနေ့) ညနေ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ [လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ်(၁၁၆)၊ (စ)လမ်း၊ သုခရိပ်သာနေအိမ်မှကားများမွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း၊ ဒါယိကာမကြီး
သီလရှင်ဆရာကြီး ဒေါ်ရူပဝတီ
သိက္ခာတော်(၇၂)ဝါ၊ သက်တော်(၈၈)နှစ်

ရန်ကုန်တိုင်း၊ ခရမ်းမြို့၊ အမှတ်(၈) ရပ်ကွက်၊ စပယ်ကုန်း၊ တိုက်ကျောင်းဆရာတော်၊ ရန်ကုန်မြို့၊ သီရိလင်္ကာကျောင်းဆရာတော်၊ တိုက်ကျောင်းဆရာတော်၊ အိမ်တော်ရာ ကျောင်းဆရာတော်၊ ကံသာကျောင်းဆရာတော်၊ ကံသာကျောင်း ဦးဣန္ဒဝံသတို့၏ ရဟန်းဒါယိကာမကြီး၊ ခရမ်းမြို့၊ ကရင်ကံကျေးရွာနေ ဦးဖိုးမောင်-ဒေါ်စုတို့၏သမီး သီလရှင်ဆရာကြီး ဒေါ်ရူပဝတီသည် (၁၃၆၅ခုနှစ်၊ တော်သလင်းလဆန်း ၃ရက်) ၂၉-၈-၂၀၀၃ (သောကြာနေ့) တွင် ကွယ်လွန်သွားပါ၍ (တော်သလင်းလဆန်း ၇ရက်) ၂-၉-၂၀၀၃(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ခရမ်းမြို့အညာစုသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း တပည့် ဒါယကာ၊ ဒါယိကာမ အပေါင်းအားအကြောင်းကြား သိစေအပ်ပါသည်။
ဒါယကာ၊ ဒါယိကာမများ။

ဒေါ်သန်းနု
အသက်(၇၆)နှစ်
(ရစ်ကန်ဘူတာ)

ပဲခူးတိုင်း၊ ပဲခူးမြို့နယ်၊ ရစ်ကန်ဘူတာရွာနေ (ဦးဘိုးမြိုင်-ဒေါ်အေးကြွယ်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊အမှတ်(၅၅)နေ ဒေါ်ခင်စန်း၊ ဦးလှမြင့်-ဒေါ်တင်တင်ရီတို့၏ အစ်မကြီး၊ မောင်သိန်းဆန်း (ဒေ့လမ်းညွှန်)-မပွင့်ဖြူသီ၊ မမြင့်မြင့်ခိုင် (စန္ဒာကွန်ပျူတာ)၊ မမျိုးမြင့်ခိုင်(ခေတ္တ-ဘရူနိုင်း)၊ မောင်မင်းမြင့်စိုး(SM Tour)-မလှဲ့လှဲ့ဝင်းရှိန်၊ မောင်အောင်မင်းဆွေ(မြန်မာ့လေကြောင်း)-ဒေါ်အေးမြင့်ခိုင်တို့၏ အဒေါ်၊ မယဉ်မင်းသိမ့်၊ မနန္ဒာသျှန်၊ မတိမ်ဦးယဉ်၊ မောင်ကောင်းမြတ်စံ၊ မောင်စိန်တင်တို့၏ ဘွားဘွားကြီးသည် ၃၀-၈-၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၁-၉-၂၀၀၃ (တနင်္လာနေ့) နံနက် ၁၀း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ သိမ်၊ လမ်း၊ရဟန်း ဒါယကာကြီး
ဦးသာအောင် (၇၁)နှစ်
(ခရမ်း)

ရန်ကုန်တောင်ပိုင်းခရိုင်၊ ခရမ်းမြို့၊ အမှတ်(၅)ရပ်ကွက်၊ စိတ္တသုခလမ်းနေ (ဦးဘိုးမြ-ဒေါ်စောမြ)တို့၏ သား၊ ဦးအုန်းသောင်-ဒေါ်ရင်မြတို့၏ အစ်ကို၊ ဒေါ်သိန်းရွှေ၏ ခင်ပွန်း၊ ကိုသန်းထွန်း-မသန်းသန်းဆွေ၊ကိုသက်တင်-မတင်တင်လှတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်မျိုးမြင့်အောင်၊ မနှင်းဝတ်ရည်၊ မောင်ဇာနည်အောင်၊ မောင်ဖြိုးမင်းအောင်တို့၏ အဘိုးဖြစ်သူ ဦးသာအောင်သည် ၃၀-၈-၂၀၀၃(စနေနေ့)တွင် ကွယ်လွန်ပါ၍ ၁-၉-၂၀၀၃(တနင်္လာနေ့)တွင် ခရမ်းမြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(ကွယ်လွန်သူအား ရည်စူး၍ ၅-၉-၂၀၀၃(သောကြာနေ့) နံနက်တွင် အထက်ပါ ခရမ်းမြို့နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာ ပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊တန်ဆောင်း၊ရဟန်း ဒါယိကာမကြီး
ဒေါ်အမြ(ခ)ဒေါ်မြမြခိုင်
အသက်(၇၃)နှစ်
(မော်လမြိုင်ကျွန်း)

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်(စံပြ) ရပ်ကွက်၊ မြို့ပါတ်လမ်း၊ အမှတ်(၇)နေ (ဦးသဖေ-ဒေါ်ကြင်တင်) တို့၏ သမီး၊ (ဦးစစ်ကျန်-ဒေါ်စိန်မြိုင်) တို့၏ ချွေးမ၊ဦးထွန်းအေး-ဒေါ်ရီရီဝင်း၊ ဦးသန်းဦး(အကောက်ခွန်)-ဒေါ်ဌေးဌေးခိုင်၊ ဦးအေးလှိုင်-ဒေါ်ခင်လှမြတ်စိုး၊ ဦးဌေးဝင်း-ဒေါ်စီစီမာ၊ ဦးဝင်းနိုင်-ဒေါ်ခင်မိမိ၊ဦးခင်စိန်-ဒေါ်နီလာခိုင်တို့၏ မိခင်၊မြေး၁၁ယောက်၊ မြစ်သုံးယောက်တို့၏ အဘွား ဒေါ်အမြ(ခ) ဒေါ်မြမြခိုင်သည် ၃၁-၈-၂၀၀၃ (တနင်္ဂနွေနေ့) နံနက်၈း၃၀နာရီတွင်နေအိမ်၌ ကွယ်လွန်ပါ၍ ၂-၉-၂၀၀၃(အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကျေးဇူးဆပ်ပါမည်

G.S.M Phone အမှတ် ၀၉-၅၀၁၉၃၃၀သည် ၇-မိုင်၊ တေးနုယဉ်လမ်း၊ ပြည်လမ်းနှင့်ရှစ်မိုင်ခွဲ ရွှေနှင်းဆီလမ်းဝန်းကျင်တွင် ၃၀-၈-၂၀၀၃ရက် ညအချိန် ကျပျောက်သွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၆၅၁၂၅၂၊ ၆၆၅၄၃၈၊ ၆၆၇၀၄၇။

ခရစ်တော်၌အိပ်ပျော်ခြင်း
Miss V. Richardson
အသက်(၉၈)နှစ်
လ/ထ ကထိကဟောင်း
ဆရာအတတ်သင်သိပ္ပံကောလိပ်ကံဘဲ့
M.E.H.S Dagon-1 ဆရာမဟောင်း

မော်လမြိုင်မြို့နေ (Mr. A.S. Richardson ရဲအုပ်ဟောင်း) - (ဒေါ်ဖြူ) တို့၏သမီး၊(Miss M.Richardson-St Matthew) (Mr. H.W.Richardson(a) ဗိုလ်ကြီးချစ်စိန် - (ဒေါ်ကြည်ကြည်စိန်)၊ (Miss C.Richardson B.O.C)တို့၏ အစ်မ၊ ဒေါ်(Francis Kyi-Ko Aye Kyi၊ ဦးသန်းဦး(a) Mr. Eddie Richardson-Myanmar Tourex Travel Service Co.,Ltd.၊ မမေသဇင်နိုင်တို့၏ အဒေါ်သည်၃၀-၈-၂၀၀၃ရက်တွင် အမှတ်(၉)၊ ယောမင်းကြီးလမ်း နေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁-၉-၂၀၀၃ရက်နံနက်၁၁နာရီတွင် အထက်ပါနေအိမ်မှကားများ ထိန်ပင်သုသာန်သို့ထွက်၍ ၁၂း၁၅နာရီတွင် ဝတ်ပြုဆုတောင်းပြီး မွန်းလွဲ၁နာရီတွင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးကံလှ(ခ)ဦးလင်ဟုတ်အိန်
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၈)လမ်း၊ အမှတ်(၅၆)နေ [ဒေါ်တန်ယောဘီ(ခ)ဒေါ်ကောက်ပို့]၏ခင်ပွန်း၊ မအိုင်-ကိုထွန်းထွန်းဝင်း၊ ကိုစိန်ဝင်း-မကြည်ဝင်း၊မစန်းစန်းရီ-ကိုသန်းရွှေ၊ မမြင့်မြင့်ရီ၊ မထွေးထွေးရီ - ကိုသိန်းဝင်းတို့၏ မွေးသဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၃၁-၈-၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၂-၉-၂၀၀၃ရက် နံနက်၁၁နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးကျော်တင့်(၆၈)နှစ်
ဗဟိုသုတေသန
စံသတ်မှတ်ရေးဌာန(ငြိမ်း)
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

အုန်းနဲ့ကျေးရွာနေ (ဦးသန်းဖေ-ဒေါ်ပု)တို့၏ သား၊ ဦးကျော်မောင်၊ ဒေါ်သန်းနွဲ့တို့၏ ညီ/အစ်ကို၊ ဦးသက်ထွန်း-ဒေါ်စန်းစန်းဌေး၊ မသီတာထွန်း၊ မောင်ရဲထွဋ်ဝင်း - မဇာခြည်ထွန်း၊ မောင်ဇင်မင်းထွန်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး၊ ဒေါ်စန်းမြင့်၏ ချစ်လှစွာသောခင်ပွန်းသည် ၃၀-၈-၂၀၀၃ရက်တွင် အမှတ်(၉၀)၊ ပထမထပ်၊ မလွကုန်းလမ်း၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ တာမွေမြို့နယ် နေအိမ်၌ ကွယ်လွန်ပါ၍ ၁-၉-၂၀၀၃ရက် ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစိုးအောင် (၆၅)နှစ်
(မင်္ဂလာဈေး)

ရန်ကုန်မြို့၊ အမှတ်(၃၀၂)၊ တိုက်(ဘီ-၂)နှင်းဆီလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးကြင်မောင်-ဒေါ်ခင်ဝင်းတို့၏ သားသမက်၊ ဒေါ်ဘေဘီ(ခ) ဒေါ်လဲ့လဲ့ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်သူဆန်း - ဒေါ်ဌေးဌေးရီ၊ ဦးဆန်နီ - ဒေါ်ဘေဘီထင်အောင်၊ ဒေါ်ဌေးဌေးစိန်၊ ဦးမြဟန်-ဒေါ်သီတာသိန်း၊ ဦးစိုးဝင်း-ဒေါ်ကြည်စန်းချစ်၊ ဦးလှအောင်-ဒေါ်ငြိမ်းငြိမ်းအေး၊ ကိုတိုးတိုး(ခ)ဦးသန်းထွဋ်-ဒေါ်ခင်ဝင်းရီတို့၏အစ်ကို၊ မလိန်းလိန်း(ခ) မအေးစုမွန်၊ မဘေဘေ(ခ)မချောစုမွန်(ခေတ္တ-USA)၊ မအဲအဲ(ခ)မအေးယုခိုင်တို့၏ ဖခင်၊ တူ၊ တူမ ၁၄ယောက်တို့၏ ဦးလေးသည်၃၁-၈-၂၀၀၃(တနင်္ဂနွေနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂-၉-၂၀၀၃(အင်္ဂါနေ့) နံနက်၁၁နာရီတွင်ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်သချိုင်းသို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌ အိပ်ပျော်ခြင်း
Brother Joe (ခ)
ဦးစောဂျေကျော်ဇံ(တောင်ငူ)
အသက်(၇၇)နှစ်
လ/ထတိုင်းဦးစီးမှူး၊ (ငြိမ်း)
မကွေးတိုင်းစာရင်းရုံး
နယ်လှည့်စာရင်းစစ်အရာရှိ(ငြိမ်း)
ကကင္ဂေ (မိတ္ထီလာ)၊ မိတ္ထီလာမြို့နယ်
လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်(ငြိမ်း)

(ဦးဂျေလှကျော်-ဒေါ်အယ်နာစိန်မ) တို့၏သား၊ ဒေါ်အက်စတာလှကျော်-ဦးနပိုလီယံထွန်းလှိုင်(သာသနာပိုင်ချုပ် စောဂရယ်ဂရီလှကျော်)-ဒေါ်နန့်ဝင်းကြည်၊ ဒေါ်မာဂရက်လှကျော်-(ဦးခင်မောင်ကြီး)၊ ဒေါ်မေရီလှကျော်၊ ဒေါ်ဂျက်နက်လှကျော်(မြန်မာ့ဂုန်လျှော်)-ဦးစောနယ်လ်ဆင်၊ ဒေါ်ဂျိုင်းလှကျော်-ဦးစောစံလင်း (World Vision)တို့၏ ချစ်လှစွာသော အစ်ကိုကြီးသည် ၃၁-၈-၂၀၀၃(တနင်္ဂနွေနေ့)တွင် ရန်ကုန်ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂-၉-၂၀၀၃(အင်္ဂါနေ့)နံနက် ၉ နာရီတွင်အမှတ်(၁၃၅)အထက်ကြည့်မြင်တိုင်လမ်း၊ ရှင်မိကွေလဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမောင်နှမတစ်စု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ကိုမောင်မောင်လှ(ခ)
အဒ္ဒုလာမန် (၄၉)နှစ်
လုပ်သားမှူး
ပုံနှိပ်ရေးနှင့်
စာအုပ်ထုတ်ဝေရေးလုပ်ငန်း

ရန်ကုန်မြို့၊ အမှတ်(၂၇)၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်နေ(ဦးဘစန်းမြား-ဒေါ်စိန်ခင်)တို့၏သား၊ ဦးမောင် သန်း၊ အီစမာအီလ်ဘိုင်-မချိုချိုခိုင်၊ (ဦးမောင်အေး)-ဇာလေခါ၊ မဟာလီမာတို့၏ ညီ/မောင်၊ (မလှလှမြင့်)၊ကိုမောင်မောင်စိန်၊ ကိုဟုစိန်၊ ကိုမောင်မောင်မြင့်၊ မစလီမာတို့၏အစ်ကို၊ မဝင်းပပမွန်၊ ဝတ်ရည်အေး၊ မောင်ဇာနည်သန်းတို့၏ ဦးလေးသည် ၂၉-၈-၂၀၀၃ရက်တွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၂၉-၈-၂၀၀၃ရက်တွင် ရေဝေးစွန္နီမွတ်ဆလင်ဥယျာဉ်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးတင်ရွှေ အသက်(၇၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဦးသဲ-ဒေါ်အေးလှ)တို့၏ သား၊ (ဦးပျော့-ဒေါ်ထားရင်)တို့၏ သားသမက်၊ ဦးအုန်းမောင်-(ဒေါ်ခင်ညွန့်)တို့၏ မောင်၊ ဦးသန်းဦး၊ ဦးအောင်ဌေး၊ ဦးထိန်ဝင်း-ဒေါ်မြင့်မြင့်၊ ဦးစိုးတင့်-ဒေါ်ခင်ခင်၊ ဦးတင်သိန်းညွန့်-ဒေါ်တင်တင်တို့၏ အစ်ကို၊ ကိုအေးလွင်-မအေးအေးသိန်း (မြန်မာနိုင်ငံ စာစစ်အဖွဲ့)တို့၏ ဦးလေး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (၅၃) ရပ်ကွက်၊အောင်ပန်းလမ်း၊ အမှတ်(၁၈၀)နေ ဒေါ်တင်ရွှေ၏ ခင်ပွန်း၊ ကိုသန်းဝင်း-မဌေးဌေး၊ ကိုထွန်းထွန်း၊ ကိုမျိုးသန့်-မသန်းရွှေ၊ ကိုကျော်ကျော်ဝင်း-မသန်းသန်းစိုး၊ ကိုမျိုးမြင့်လေး၊ ကိုကျော်တင့်-မကျော့ကျော့မာ၊ ကိုမြင့်လွင်-မမာမာမင်းတို့၏ မွေးသဖခင်၊ မြေး ၁၄ယောက်တို့၏ အဘိုးသည် ၃၁-၈-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါ၍ ၂-၉-၂၀၀၃ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကျိုက်စုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒုတပ်ကြပ်သိန်းဇံ(၅၇)နှစ်

ဧရာဝတီတိုင်း၊ အိမ်မဲမြို့နယ်၊ ဘွက်တန်းကျေးရွာနေ (ဦးအောင်တင်-ဒေါ်နှန့်မယ်)တို့၏ သား၊ ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ စကားဝါလမ်း အိမ်ထောင်သည်လိုင်းနေ ဒေါ်အုံးကြည်၏ ခင်ပွန်း၊ ဦးဇော်လွင်ထွန်း-ဒေါ်နွယ်နီဦး၊ မညိုမိလွင်၊ မောင်ကျော်ကျော်လွင်၊ဦးစိုးမင်းဦး-ဒေါ်အမာလွင်၊ မောင်ရန်နိုင်လင်းတို့၏ ဖခင်၊မောင်ဖေယျာပိုင်ဖြိုး၏ အဘိုးသည် ၃၀-၈-၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၃-၉-၂၀၀၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် မင်္ဂလာဒုံစစ်ဆေးရုံကြီး အအေးခန်းမှ မင်္ဂလာဒုံစစ်သချိုင်းသို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများနံနက်၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်း၊ဒါယိကာမကြီး
ဒေါ်ခင်ညွန့် (၆၉)နှစ်
ဗဟိုစံပြငါးဈေးကြီး၊ ကြည့်မြင်တိုင်ရုံ(ဃ)၊ ဒိုင်အမှတ်(၁၆)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၂)တောင်ရပ်ကွက်၊ သုမနလမ်း၊ အမှတ်(၁၁၅၂)နေ ဦးလှသိန်း၏ ဇနီး၊ ဦးလှဝင်း-ဒေါ်သန်းဆွေတို့၏ အစ်မ၊ ဦးညွန့်မင်း-ဒေါ်မြင့်၊ ဦးညွန့်သင်း-ဒေါ်လှလှအေး၊ ဦးညွန့်ဝင်း-ဒေါ်ရင်စိန်၊ ဦးဇင်မောင်-ဒေါ်ကြည်ကြည်မြင့်၊ ဦးလှကျော်၊ဦးအောင်မြင့်၊မလှလှညွန့်၊ မဝင်းချိုတို့၏ မွေးသမိခင်၊ မြေး ၁၂ယောက်တို့၏အဘွားသည် ၃၀-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁-၉-၂၀၀၃ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယကာကြီး
ဦးသိုက်ထွန်း(၇၅)နှစ်
(ကျောက်ဆည်)

ကျောက်ဆည်မြို့၊ တံစိုးဂိတ်ရပ်နေ ဒေါ်ညွန့်ရီ၏ ခင်ပွန်း၊ ဦးကျော်ဖုန်း-ဒေါ်ခင်မာဝင်း၊ ဦးအောင်သိန်း-ဒေါ်သန်းနု၊ ဦးမျိုးမြင့်အောင်-ဒေါ်တင်နု၊ မမြင့်၊ မန္တလေးမြို့နေ ဦးကျော်စိုး-ဒေါ်လှလှယဉ်၊ဦးကျော်မိုး-ဒေါ်သီတာခိုင်၊ ကိုကျော်တိုး၊ ဦးမြင့်ထူး-ဒေါ်တင်အုံးကြည်တို့၏ ဖခင်၊ မြေး၁၅ယောက်၊ မြစ်ငါးယောက်တို့၏ အဘိုးသည် ၃၀-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၃၁-၈-၂၀၀၃ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ကျောက်ဆည်မြို့ မင်းမွေးတောင်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးထွန်းခင် အသက်(၃၀)
လေးတောင်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ် အရှေ့မော်ရွာနေ ဦးစိန်ထွန်း-ဒေါ်မလှတို့၏ သား၊ ကန်တိုင်းတိုက်နယ်၊ သပြေကျွန်းကျေးရွာနေ ဦးမောင်စံထွန်း-ဒေါ်မဦးခင်တို့၏ သားမက်၊ (ဦးခင်မောင်ညွန့်)-ဒေါ်လှဦးစိန်၊ ဦးပန်းမွေး-ဒေါ်လှယဉ်ချော၊ ဦးသန်းဝင်း-ဒေါ်ခင်ခင်ချော၊ဦးညီရွှေ-ဒေါ်ခင်လှဝင်းတို့၏ ညီ/မောင်၊ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ လေးဒေါင့်ကန် စိုက်/မွေး(၁)၂/၂/၁၉(ခ)နေ မောင်ထွန်းလင်းနိုင်၏ ဖခင်၊ ဒေါ်ခင်သန်းနွယ်၏ ခင်ပွန်း ဦးထွန်းခင်သည် ၃၀-၈-၂၀၀၃ ရက်တွင် နေအိမ် ၌ ကွယ်လွန်သွားပါ၍ ၁-၉-၂၀၀၃ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် လေးဒေါင့်ကန် စိုက်/မွေး(၁) သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

စီကျန့်ဝှက်(ခ)ဦးပုလေး
အသက်(၉၂)နှစ်
မော်ကျွန်း-အလယ်ရေကျော်-ကျုံမငေး

ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့၊ (၆)ရပ်ကွက်၊ (၁၄)လမ်း၊ အမှတ်(၃၇)နေ ဒေါ်ကျင်ဆိုင်၏ ခင်ပွန်း၊ ဒေါ်တင်တင်ဝင်း၊ ဦးတင်အောင်-ဒေါ်သန်းသန်းမြင့်၊ (ဦးနေဝင်း)-ဒေါ်သန်းသန်းဝင်း၊ ဦးခင်စန်း-ဒေါ်အေးအေးလွင်၊ ဦးဝင်းမြင့်တို့၏ ဖခင် စီကျန့်ဝှက်(ခ)ဦးပုလေးသည် ၂၄-၈-၂၀၀၃ရက်တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၂၆-၈-၂၀၀၃ ရက်တွင် မော်ကျွန်းမြို့၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်းအမ
ဒေါ်မြရှိန်(ခ)ဒေါ်ခွေး
အသက်(၈၂)နှစ်
(မြင်းကကုန်း)

ရန်ကုန်မြို့၊ အမှတ်(၃၀)၊ ဝေဇယန္တာလမ်း၊ သီရိဂုဏ်အိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်နေ (ဦးဖိုးမြိုင်-ဒေါ်ဒွေး)တို့၏ သမီး၊ (ဦးဟုတ်လျှောင်)၏ဇနီး၊ ဦးကျင်ဝိ(ခ)ဦးသက်လှိုင် - ဒေါ်ခင်အေးမြင့်၊ ဦးမောင်မောင်တာ - ဒေါ်ကျင်သိန်း (ခေတ္တ-U.S.A)၊ဦးကျော်မြင့်၊ ဒေါ်ကျင်စန်း(မင်္ဂလာဈေး)၊ ဦးကျော်ကျော်(တိုင်းရွှေဂုံါးစာ) - ဒေါ်အေးမီအောင်တို့၏ မိခင်၊မယွန်းပိုးဥ(ကွန်ပျူတာတက္ကသိုလ်)၊ မသဥ္ဇာခိုင်၊ မောင်ထွန်းနိုင်ဦး၊ မသီတာခိုင်တို့၏အဘွားသည် ၃၀-၈-၂၀၀၃ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁-၉-၂၀၀၃ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုအောင်ဇော်ထွန်း(၂၇)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အိမ်အမှတ်(၇)၊ ရန်အောင်လမ်း၊ ရန်အောင်ရပ်ကွက်နေ ဦးချစ်သိန်း-ဒေါ်ကျင်နုတို့၏ သား၊ ဦးညီဒွေး-ဒေါ်တင်ညွန့်တို့၏သားသမက်၊ ကိုဇော်ဝင်း (ရေ/သန့်မြို့တော်စည်ပင်)-ဒေါ်ခင်ဌေးရီ၊ မခင်ပြုံးရီ၊ မမိမိနိုင်(ရေ/သန့်မြို့တော်စည်ပင်)၊ ကိုလှသိန်း-မစန်းစန်းမော်၊ မသင်းသင်းမော်တို့၏ညီ/မောင်၊ မဇွန်ပွင့်ဖြူ၏မွေးသဖခင်၊ မစန္ဒာအောင်၏ခင်ပွန်း ကိုအောင်ဇော်ထွန်းသည် ၃၀-၈-၂၀၀၃ရက်တွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁-၉-၂၀၀၃(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကြင်စိန် အသက်(၇၀)

မန္တလေးမြို့၊ ကျောက်သွေးတန်းရပ်နေ (ဦးစောလှိုင်-ဒေါ်သိန်းမေ)တို့၏ သမီး၊(ဦးအောင်ကြည်)-ဒေါ်စိန်စိန်တို့၏ ညီမ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟလမ်း၊ (၁၂၆၁)နေ ဦးချစ်(မန္တလေး မုန့်ဟင်းခါးဖတ်လုပ်ငန်း)၏ ဇနီး၊ ဒေါ်မြင့်မြင့်ဝေ၊ ဦးတင်မြင့်-ဒေါ်သန်းသန်းဌေး၊ ဦးကျော်ဖေ-ဒေါ်အေးအေးမြင့်၊ ဦးဇော်ဝင်း-ဒေါ်စန်းစန်းအေး၊ ဦးရန်ကြီးအောင်(ခ) ဦးမြင့်အောင် - ဒေါ်သန်းသန်းမြင့်၊ ဦးမောင်မောင်-ဒေါ်မြင့်မြင့်ဌေး၊ ဦးသန်းထွန်း-ဒေါ်မြင့်မြင့်ခိုင်၊ ဦးသန်းအောင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး၂၀ယောက်၊မြစ်နှစ်ယောက်တို့၏ အဘွားသည် ၃၀-၈-၂၀၀၃ ရက်တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၃-၉-၂၀၀၃(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌ အိပ်ပျော်ခြင်း
ဦးစိုးအောင်(၆၅)နှစ်
(မင်္ဂလာဈေး)

ရန်ကုန်မြို့၊ အမှတ်(၃၀၂)၊ တိုက်(ဘီ-၂)နှင်းဆီလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးလှခင်-ဒေါ်ကျင်မြိုင်) တို့၏ တတိယသား၊ ဒေါ်ဘေဘီ(ခ) ဒေါ်လဲ့လဲ့ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင်ရှိန် - ဒေါ်တင်တင်ထွေးတို့၏ညီ၊ ဦးကျော်သောင်း-ရဲ့ရီကျင်း(ခေတ္တ-USA)၊ ချန်စီယုံ-ဒေါ်စန်းရီ(ခေတ္တ-USA) ဦးအောင်လင်း-ဒေါ်ရှုဝါ၊ ဦးကျော်သိန်း-(ဒေါ်ဘီဝါ)၊မထွေးတို့၏ အစ်ကို၊ မလိန်းလိန်း(ခ)မအေးစုမွန်၊ မဘေဘေ(ခ)မချောစုမွန် (ခေတ္တ-USA)၊ မအဲအဲ(ခ) မအေးယုခိုင်တို့၏ ဖခင်၊ တူတူမရှစ်ယောက်တို့၏ ဦးလေးသည် ၃၁-၈-၂၀၀၃(တနင်္ဂနွေနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂-၉-၂၀၀၃(အင်္ဂါနေ့) နံနက်၁၁နာရီတွင် ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်သချိုင်းသို့ပို့ဆောင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက်၉း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလ လမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်-၁၁၈၈၊ကြေးနန်းလိပ်ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ရန်ကုန်မြို့မိုင် ၃၀ ပတ်လည် စိုက်ပျိုးရေးနှင့်စိမ်းလန်းစိုပြည်ရေးစီမံကိန်း

ရန်ကုန်တိုင်း စပါးသီးနှံစိုက်ပျိုးရေးအတွက် လွန်စွာအကျိုးကျေးဇူး ဖြစ်ထွန်းစေမည့် ရေသွယ်တူးမြောင်းများ၊ ရေထိန်းတံခါးများ စနစ်တကျဆက်စပ်တည်ဆောက်ပေးရုံဖြင့် အချိန်တိုကာလအတွင်း လယ်မြေက လေးသိန်းကျော် တိုးတက်ဖြစ်ထွန်းလာမည်

ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည် စပါးနှင့်အခြားသီးနှံစိုက်ပျိုးရေး နှစ်ပတ်လည်စိမ်းလန်းစိုပြည်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေး ခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယ ဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်မြို့ မိုင် ၃၀ပတ်လည်တွင် စိုက်ပျိုးရေးကို အဓိကထား အခြေခံပြီး စိမ်းလန်းစိုပြည်စေရေးအတွက် စီမံချက်များချမှတ် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ⇨

ဗိုလ်မြတ်ထွန်းတံတား

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု အခြေခံကောင်းများ ဖြစ်ထွန်းလာစေရန် ထိထိ ရောက်ရောက် အထောက်အကူ ပြုနေသည်မှာ နိုင်ငံတော်အစိုးရ က နိုင်ငံတစ်ဝန်းလုံး၌ ဖြန့်ကြက် တည်ဆောက်ပေးလျက်ရှိသည့် လမ်းမကြီးများ၊ မြစ်ကူး ချောင်းကူးတံတားကြီးများ အပါ အဝင် ပို့ဆောင်ရေးကဏ္ဍဆိုင်ရာ အခြေခံအဆောက်အအုံများ၏ တိုးတက်ဖြစ်ထွန်းမှုကြောင့်ပင် ဖြစ်သည်။

ဓါတ်ပုံတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်ရှိ ဧရာဝတီ တိုင်း–ရန်ကုန်တိုင်းနှင့် ရခိုင် ပြည်နယ်တို့ကို ဆက်သွယ် ပေါင်းကူးပေးသည့် ဗိုလ်မြတ် ထွန်း တံတားကြီးကို ခံ့ညား ထည်ဝါစွာ တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း– ရွှေအင်းသား ခင်မောင်ဝင်း)

သတင်း၊ဆောင်းပါး အညွှန်း

ဘဂ္ဂဒက်မြို့တော်ရှိ ကားများ ဓားပြရန်ကြောက်ရွံ့နေကြရ။

(နိုင်ငံတကာသတင်းများ– စာ–၃၊ ၄၊ ၅၊)

အကြမ်းဖက်ဝါဒနှင့် အကြမ်း ဖက်တိုက်ခိုက်မှုကို စစ်ရေး တစ်ခုတည်းဖြင့် ဖြေရှင်း၍ မရနိုင်။

(ကေတုနီလာ၏ ဆောင်းပါး စာ–၆)

နောင် လူဦးရေသန်း ၇၀ခန့် ရှိလာလျှင် ဟင်းသီးဟင်းရွက် ထုတ်လုပ်မှု တိုးတက်ဖို့ အမှန် တကယ်လိုအပ်လာမည်။

(ခင်စန္ဒာမြင့်၏ ဆုရ ဆောင်းပါး၊ စာ–၇)

ပတ်ဝန်းကျင်နှင့်သဘာဝသယံဇာတများသည် နိုင်ငံတော်၏ချမ်းသာကြွယ်ဝမှုများဖြစ် သဘာဝသယံဇာတများကို အကျိုးရှိရှိအသုံးပြုသကဲ့သို့ ကာကွယ်ထိန်းသိမ်းရန်လည်းလို နိုင်ငံတော်၏ကုန်ထုတ်လုပ်မှု ဝန်ဆောင်မှုနှင့်ကုန်သွယ်မှုတို့၌ ပုဂ္ဂလိကကဏ္ဍတိုးတက် ပုဂ္ဂလိကများ၏လုပ်ငန်းစွမ်းဆောင်ရည်နှင့် ဥပဒေစည်းကမ်းလိုက်နာမှု တိုးတက်ရန် မြှင့်တင်

ရန်ကုန် ဩဂုတ် ၃၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တို့သည် ယနေ့နံနက်ပိုင်းတွင် သစ်တောရေးရာဝန်ကြီးဌာနသို့သွားရောက်ပြီး ဝန်ကြီးနှင့်ဌာနအကြီးအကဲများ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားကြသည်။

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးသို့ရောက်ရှိပြီး ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီးနှင့် ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းများမှ ဌာနအကြီးအကဲများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❍